ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က

မိမိတို့က ပြည်သူသာအဓိကဆိုတဲ့ ယုံကြည်မှုအပေါ် ခိုင်မာစွာရပ်တည်ပြီး ပြည်သူကို တန်ဖိုးထားသလို ပြည်သူ့အားကိုယူကာ တစ်ဦးအတွက် အားလုံး၊ အားလုံးအတွက် တစ်ဦး စိတ်ဓာတ်ကိုတည်ဆောက်လျက် ရောဂါအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားဖို့ ဆောင်ရွက်နေကြောင်း ရေးသားဖော်ပြ

နေပြည်တော် ဇွန် ၁၃

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိမိတို့က ပြည်သူသာအဓိကဆိုတဲ့ ယုံကြည်မှုအပေါ် ခိုင်မာစွာရပ်တည်ပြီး ပြည်သူကိုတန်ဖိုးထားသလို ပြည်သူ့အားကိုယူကာ တစ်ဦးအတွက် အားလုံး၊ အားလုံးအတွက် တစ်ဦး စိတ်ဓာတ်ကိုတည်ဆောက်လျက် ရောဂါအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားဖို့ ဆောင်ရွက်နေပါကြောင်း ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုတလော ပြည်တော်ပြန်တွေ နယ်စပ်က တစ်မျိုး၊ လေယာဉ်ပျံမှ တစ်ဖုံ နေ့စဉ်နဲ့အမျှ ဝင်လာနေကြပါကြောင်း၊ အခက်အခဲကြုံတွေ့ရချိန်မှာ ပြည်သူတွေက နိုင်ငံတော်ကို ယုံကြည်အားကိုးကြတယ်ဆိုတာ ဂုဏ်ယူစရာဖြစ်ပါကြောင်း။

နိုင်ငံတော်နဲ့ပြည်သူအကြား ဆက်ဆံရေးဟာ အင်မတန်အရေးကြီးပါကြောင်း၊ နိုင်ငံတော်လို့ဆိုရာမှာ အစိုးရက ဦးဆောင်ရတဲ့၊ နိုင်ငံကို လည်ပတ်စေတဲ့ သက်ရှိ၊ သက်မဲ့ ယန္တရားကြီးတစ်ခုလုံးကို ထည့်သွင်းအဓိပ္ပာယ်ဖော်ပါကြောင်း၊ အားကိုးလောက်တဲ့ နိုင်ငံတော်ပေါ်ထွန်းဖို့၊ အားကိုးလောက်တဲ့ ပြည်သူတွေရှိဖို့လိုပါကြောင်း။

Covid ရောဂါ တစ်ကမ္ဘာလုံးပျံ့နှံ့နေချိန်မှာ နိုင်ငံအသီးသီးက ပုံစံအမျိုးမျိုးနဲ့ ဒီပြဿနာကို ကိုင်တွယ်ကြပါကြောင်း၊ မိမိတို့က ပြည်သူသာ အဓိကဆိုတဲ့ ယုံကြည်မှုအပေါ် ခိုင်မာစွာရပ်တည်ပြီး ပြည်သူကိုတန်ဖိုးထားသလို ပြည်သူ့အားကိုယူကာ တစ်ဦးအတွက် အားလုံး၊ အားလုံးအတွက် တစ်ဦးစိတ်ဓာတ်ကိုတည်ဆောက်လျက် ရောဂါအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားဖို့ ဆောင်ရွက်နေပါကြောင်း။

ဆောင်ရွက်ချက်တစ်ရပ်ကတော့ ပြည်ပရောက်နေတဲ့ ပြည်သူတွေ ပြန်လာနိုင်ရေးဖြစ်ပြီး ပြည်ပနိုင်ငံအချို့မှာ ရောဂါပြန့်ပွားမှုနှုန်း မြင့်မားနေတာကြောင့် ပြန်လာသူများထံမှ ရောဂါမပြန့်ပွားစေဖို့အတွက်လည်း အထူးဂရုစိုက်ပြီး ပြင်ဆင်ထားရပါကြောင်း။

ဒီလိုအခြေအနေမျိုးမှာ တရားမဝင် နယ်စပ်ဖြတ်ကျော်တဲ့ အန္တရာယ်ကို အားလုံးဝိုင်းပြီး ကာကွယ်တားဆီးပေးဖို့ လိုပါကြောင်း၊ တိတ်တခိုးဝင်လာသူတွေက quarantine မဝင်ကြကြောင်း၊ ရောဂါပိုးရှိနေရင် အခြားသူများစွာကို ကူးစက်သွားနိုင်ပါကြောင်း၊ Contact tracing ထိတွေ့မှုကြောင့် ရောဂါကူးသွားနိုင်ဖွယ်ရှိသူများကို စုံစမ်းရှာဖွေ quarantine သွင်းရတဲ့အလုပ်ဟာ နိုင်ငံအတွက် ကြီးမားတဲ့ဝန်ထုပ်ဝန်ပိုးဖြစ်ပါကြောင်း၊ ပြည်သူတွေ အန္တရာယ်ကင်းစေဖို့ မဖြစ်မနေထမ်းရတဲ့ ဝန်ဖြစ်ပါကြောင်း။

တရားမဝင် ဝင်လာသူများ၊ ထိုကဲ့သို့ ဝင်လာခြင်းကို သိလျက်နဲ့ လက်သင့်ခံသူများ၊ ဖုံးကွယ်ထားသူများကို ဥပဒေအရ တင်းကျပ်စွာ အရေးယူမည်ဖြစ်ပါကြောင်း၊ ဒီလိုအများအတွက် အန္တရာယ်ရှိတဲ့ လုပ်ရပ်မျိုးအကြောင်းသိလျှင် ရပ်ကျေးအုပ်ချုပ်ရေးကို အမြန်ဆုံး အသိပေးစေလိုကြောင်း၊ ဒီလိုအသိပေးတာ တစ်ပါးသူကို ချောက်တွန်းရာ မရောက်ပါကြောင်း၊ အပြစ်မဲ့ အများသူငါ ရောဂါချောက်ထဲ မကျအောင် ကာကွယ်ပေးတာဖြစ်ပါကြောင်း ရေးသားဖော်ပြထားသည်။

- **ယခုတလော ပြည်တော်ပြန်တွေ နယ်စပ်ကတစ်မျိုး၊ လေယာဉ်ပျံမှတစ်ဖုံ နေ့စဉ်နဲ့အမျှ ဝင်လာနေကြ၊ အခက်အခဲကြုံတွေ့ရချိန်မှာ ပြည်သူတွေက နိုင်ငံတော်ကို ယုံကြည်အားကိုးကြတယ်ဆိုတာ ဂုဏ်ယူစရာဖြစ်**
- **ဒီလိုအခြေအနေမျိုးမှာ တရားမဝင် နယ်စပ်ဖြတ်ကျော်တဲ့အန္တရာယ်ကို အားလုံးဝိုင်းပြီး ကာကွယ်တားဆီးပေးဖို့လို**

မြဝတီတံတားအမှတ် (၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၇၇၅ ဦး ဆက်လက်ဝင်ရောက်



ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူတစ်ဦးအား ကျန်းမာရေးစစ်ဆေးစဉ်။

မြဝတီ ဇွန် ၁၃

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၇၇၅ ဦးသည် ယနေ့တွင် မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများအနက် ၁၉၈ ဦးသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မော်ချစ်ကားဂိတ်မှ ကား ၁၀ စီးဖြင့် နှစ်နိုင်ငံအစိုးရ၏ ညှိနှိုင်းမှု၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏အစီအစဉ်ဖြင့် လည်းကောင်း၊ ၅၇၇ ဦးသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✻

ကြေးမုံ ယနေ့ ဖတ်စရာ

ဆရာ ဟံသာဝတီဦးဝင်းတင်နှင့် ပုံနှိပ်သတင်းစာပညာ
ဆောင်းပါး စာမျက်နှာ » ၁၀

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
စာမျက်နှာ » ၁၅

ကြေးမုံ

ကျန်းမာရေးအသိအမြင် မြှင့်တင် လူမှုဘဝရှေ့ခရီး ဆက်လက်တက်လှမ်း

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီက ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန်လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၅ ရက်နေ့ အထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာ စာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးသည့် ကိစ္စရပ်များမပါ) အား ၂၀၂၀ ပြည့်နှစ် ဇွန်လ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း ဇွန်လ ၁၂ ရက်နေ့က အသိပေးကြေညာခဲ့သည်။

မြန်မာနိုင်ငံတွင် ရောဂါဖြစ်ပွားမှု၊ ကာကွယ်မှု၊ ကုသမှု၊ ထိန်းချုပ်နိုင်မှု အခြေအနေတို့အပေါ်မူတည်၍ ရောဂါထိန်းချုပ်ရေးကို ရက်တိုးဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ အဓိကကျသည့် ပြည်သူများက ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို ဆက်လက်လိုက်နာကြရမည် ဖြစ်သည်။ ထို့အပြင် မိမိတို့လူမှုစီးပွားဘဝများ ရှေ့ဆက်၍ အခြေအနေကောင်းများရရှိလာစေရေးနှင့် ကျန်းမာကြံ့ခိုင်သော နိုင်ငံသားများဖြစ်လာစေရေး ကျန်းမာရေးအသိအမြင်ဗဟုသုတများ တိုးပွားရရှိလာအောင်လည်း ဆောင်ရွက်ကြရမည် ဖြစ်သည်။

ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါသည် လူတိုင်းနှင့် သက်ဆိုင်သဖြင့် ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ အသိအမြင်ဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့်သိရှိထားရန် လိုအပ်ပါသည်။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားစဉ်ကတည်းက ရောဂါဖြစ်ပွားမှု၊ ကာကွယ်နိုင်မှုနည်းလမ်းများအား ပြည်သူလူထုအနေဖြင့် မည်မျှသိရှိနားလည်ကြသည်ကို ကျန်းမာရေးသုတေသနပြု ဆန်းစစ်လေ့လာခဲ့ကြသည်။ တွေ့ဆုံမေးမြန်းခဲ့သူများ၏ ၉၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကို ကြားဖူးကြသည်ဟု ဆိုကြပြီး ၈၇ ရာခိုင်နှုန်းသည် ရောဂါနှင့်ပတ်သက်၍ ဗဟုသုတအနည်းငယ်သာရှိ၍ ၂၇ ရာခိုင်နှုန်းသည် ရောဂါဖြစ်စေနိုင်သည့် အဓိကအကြောင်းရင်းကို မှန်ကန်စွာဖြေဆိုနိုင်ကြသည်။

သုတေသနစစ်တမ်းများအရ ပြည်သူလူထုအတွင်း၌ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သော အသိပညာဗဟုသုတနှင့် ရောဂါမဖြစ်ပွားစေရန် ကာကွယ်နိုင်သည့်နည်းလမ်းများ၊ လိုက်နာကျင့်သုံးနိုင်မှုများ အားနည်းနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အကြိမ်ကြိမ်သတိပေးနေရသည်။ ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းစာလျှင် မြန်မာနိုင်ငံတွင် ပြည်တွင်း၌ ရောဂါကူးစက်ဖြစ်ပွားမှု အလွန်နည်းပါးပါသည်။ လက်ရှိရောဂါဖြစ်ပွားသူ ၂၀၀ ကျော်မှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများထံမှ တွေ့ရှိရသည်မှာ အများဆုံးဖြစ်သဖြင့် စိုးရိမ်ဖွယ်အခြေအနေမရှိဟု ဆိုချင်ဆိုနိုင်ပါသည်။ စိုးရိမ်ဖွယ်ရာအခြေအနေ ဖြစ်မလာအောင်လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်မှုဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေကြသည်ကို မြင်တွေ့ရမည် ဖြစ်သည်။

သို့သော် ရောဂါ၏အတိမ်အနက်၊ သဘောသဘာဝတို့ကို သေချာစွာသိရှိခန့်မှန်းနိုင်ရန်ခက်ခဲလှပြီး ပြည်သူလူထုအတွင်း ရောဂါဖြစ်ပွားသူရောက်ရှိနေသည်ကို မသိရှိလိုက်ပါက အစုလိုက်အပြုံလိုက် အန္တရာယ်ကြီးမားစွာဖြစ်ပေါ်လာနိုင်သည်ကို သတိပြုရမည် ဖြစ်သည်။ ထိုသတိသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကို အမြဲမပြတ်လိုက်နာဆောင်ရွက်ရန်နှင့် ပြည်သူလူထုအားလုံးတို့တွင် ကျန်းမာရေးအသိအမြင်ဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ရောက်ရှိသွားရေးဖြစ်သည်။

ပြည်သူလူထုအတွင်း ကျန်းမာရေးအသိအမြင်ဗဟုသုတများ ကျယ်ကျယ်ပြန့်ပြန့် ရှိနေခြင်းသည် ကိုဗစ်-၁၉ ရောဂါကိုသာမက မိမိတို့၏ တစ်ဘဝလုံးအတွက် ကျန်းမာသော လူမှုဘဝနေထိုင်မှုပုံစံများရရှိပြီး ကိုယ်ကျန်းမာ၍ စိတ်ချမ်းသာမှုကို ဖြစ်စေနိုင်ပါသည်။ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်ပြီး မည်သည့်လူမှုဘဝအဆင့်အတန်းဖြစ်စေ ကျန်းမာသောဘဝကို ပိုင်ဆိုင်ထားပါက မိမိအကျိုး၊ နိုင်ငံအကျိုးအတွက် အရာရာကို ဖြတ်ကျော်စွမ်းဆောင်နိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါဘေးကို ကျော်လွှားနိုင်ရေးနှင့် ကျန်းမာသောလူမှုဘဝများကို ပိုင်ဆိုင်နိုင်ရေးအတွက် ကျန်းမာရေးအသိအမြင်ဗဟုသုတများတိုးပွားလာအောင် ကိုယ်စီကိုယ်စီလေ့လာမှတ်သား၊ ဆိုင်ရာဆိုင်ရာတို့ကလည်း စဉ်ဆက်မပြတ် ထိတွေ့မျှဝေအသိပေးနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက်ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့်
အရေးပေါ်တုံ့ပြန်ရေးကော်မတီ

SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

အရေးပေါ်ရိက္ခာဝယ်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး အရေးပေါ်ရိက္ခာဆန် လက်ခံထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၃

အရေးပေါ်ရိက္ခာဆန်ဝယ်ယူရေးဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ MAPCO ဆန်စက်တွင် နိုင်ငံတော် အရေးပေါ်ရိက္ခာဆန် ဝယ်ယူလက်ခံထားရှိမှုအခြေအနေများအား သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် တာဝန်ရှိသူများက အရေးပေါ်ရိက္ခာဆန်အား စနစ်တကျ အရည်အသွေး စစ်ဆေးလက်ခံထားမှုနှင့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

အရေးပေါ်ရိက္ခာဆန်အား လက်ခံဝယ်ယူလျက်ရှိရာ ဇွန် ၁၂ ရက်အထိ ရန်ကုန်မြို့တွင် တန် ၃၅၀၀၀၊ မန္တလေးမြို့တွင် တန် ၃၀၀၀၊ နေပြည်တော်တွင် တန် ၁၀၀၀ စုစုပေါင်း တန်ချိန် ၃၉၀၀၀ ကျော် ဝယ်ယူလက်ခံရရှိပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ် ■

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	**အငယ်တန်း သတင်းထောက်များ**	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
စာတည်းများ	- ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း		
သတင်းထောက်မှူး	- ဦးမြင့်စိုး	**ဓာတ်ပုံသတင်းထောက်**	- ဦးခင်မောင်ဝင်း
ဘာသာပြန်စာတည်းများ	- ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်	**သုတေသန**	- ဒေါ်ဇင်မာဝင့်
အကြီးတန်း သတင်းထောက်များ	- ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ	**စာပြင်**	- ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
		စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်သူသာလျှင် အဓိက

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ပုဂံကမ္ဘာ့အမွေအနှစ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယမန်နေ့ ညနေပိုင်းတွင် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသသို့ ရောက်ရှိပြီး ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး၊ မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပုဂံဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံများ လုံခြုံရေးနှင့် ကာကွယ်စောင့်ရှောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကမ္ဘာ့အမွေအနှစ်

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက် ၁၀ နာရီတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၊ ဝန်ကြီးဌာနများ၊ ပညာရှင်များ၊ ပရဟိတအဖွဲ့အစည်းများ၊ ဒေသခံများအားလုံး၏ ပူးပေါင်းကြိုးစားမှုကြောင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် ၂၀၁၉ခုနှစ် ဇူလိုင် ၆ ရက်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဒေသတစ်ခုဖြစ်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ပုဂံဒေသကာကွယ်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ကမ္ဘာ့အမွေအနှစ်ကော်မတီ(WHC)က အကြံပြုချက် ၁၈ ချက်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ပြန်လည်တင်ပြနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂံဒေသသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ပြီးနောက် တစ်နှစ်မပြည့်မီကာလအတွင်း ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့် တိုးချဲ့ခေတ်သစ်အဆောက်အအုံတည်ဆောက်ခြင်း၊ စက်ယန္တရားကြီးများအသုံးပြု၍ မြေတူးဖော်ခြင်း၊ ဘူဒိုဇာအသုံးပြု၍ မြေတူးဖော်ခြင်း၊ ကွန်တိန်နာမြှုပ်ခြင်း၊ မြေကျင်းတူးဖော်ခြင်း၊ ရှေးဟောင်းအမွေအနှစ်များတည်ရှိရာ လမ်းမ၊ လမ်းသွယ်များပေါ်တွင် တန်ချိန်မြင့်အုတ်၊ သဲကျောက် ဘိလပ်မြေကားကြီးများနှင့် အခြားတန်ချိန်မြင့် ကားကြီးများဖြတ်သန်း မောင်းနှင်နေခြင်းတို့ကို ဒေသခံအချို့က တင်ပြထားခြင်းရှိပါကြောင်း။

၁၂ ဆူ ဖောက်ထွင်းခံရ

ပုဂံမြို့သစ် သီရိပစ္စယာတွင် ခြံစည်းရိုးအုတ်နံရံ တံတိုင်းတည်ဆောက်ခြင်း၊ လူသွားလမ်းခင်းခြင်း၊ အမွေအနှစ်နေရာအား ခြံစည်းရိုးခတ်ခြင်း စသည့် သတင်းအချက်အလက်အချို့ကို ယူနက်စကိုက ဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားသဖြင့် စိစစ်ဆောင်ရွက်ပေးနေမှုလည်းရှိပါကြောင်း၊ ယခုလည်း လူမှုကွန်ရက်နှင့် သတင်းမီဒီယာအချို့တွင် ပုဂံရှိ ဘုရားအဆူ ၅၀ ခန့် ဖောက်ထွင်းခံရသည် စသည်ဖြင့် ဖော်ပြနေကြ၍ အကြီးအကဲများနှင့် ပြည်သူများ စိုးရိမ်ပူပန်မှုကို ကြားသိရပါကြောင်း၊ အမှန်စင်စစ်မှာ စုစုပေါင်း ဘုရား ၃၃ဆူမှာ ဌာပနာတိုက်ဖောက်ထွင်းခံရသည်ဟု သံသယဖြစ်ရပြီး အမှန်စင်စစ် ၁၂ ဆူတွင် ဌာပနာ ဖောက်ထွင်းခံထားရသည်ကို တွေ့ရှိရပါကြောင်း၊ ကျန် ၂၁ ဆူသည် စေတီပုထိုးများကို အသစ်ပြုပြင်မွမ်းမံခဲ့စဉ်က အလှူရှင်များ ဌာပနာရန်အတွက် အထက်ဌာပနာပေါက်အဖြစ် တစ်ပေပတ်လည်ခန့် ချန်ထားခြင်းဖြစ်ပါကြောင်း။

ဇွန် ၉ ရက် ည ၇နာရီ ၄၅ မိနစ်တွင် လောကထိပ်ပန် ဘုရားအဝင်မုခ်ဦးအတွင်း သံပန်းတံခါးတွင် တပ်ဆင်ထားသော ဝါးယင်းလိပ် မီးလောင်မှုဖြစ်စဉ်ဖြစ်ပွားခဲ့ပါကြောင်း၊ အဆိုပါဖြစ်စဉ်သည် မသမာသူတချို့က ထင်းရှူးဆီ အသုံးပြု၍ မီးရှို့ဖျက်ဆီးခြင်းဖြစ်သည်ဟု စစ်ဆေးတွေ့ ရှိရပါကြောင်း၊ အဆိုပါဖြစ်စဉ်များသည် ပုဂံဒေသအတွင်း မပြီးစီးသေးဘဲ လက်ရှိရေးဆွဲ နေဆဲဖြစ်သည့် ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးမဟာဗျူဟာ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ၊ ခရီးသွားလုပ်ငန်း မဟာဗျူဟာ၊ မြို့ပြနှင့်ဒေသဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်၊ ဒေသခံပြည်သူများအကျိုးစီးပွားနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေးဆွဲလျက်ရှိသည့် မဟာဗျူဟာများအတွက်ပါ အနှောင့်အယှက်များ ဖြစ်ပေါ်ရုံသာမက ယဉ်ကျေးမှုအမွေအနှစ်များကိုပါ ထိခိုက်လာနိုင်ပါကြောင်း၊ အလားတူ နှစ်စဉ် ဇွန်၊ ဇူလိုင်လများတွင် ပြုလုပ်နေကျဖြစ်သည့် ကမ္ဘာ့အမွေအနှစ် ညီလာခံတွင် ယခုကဲ့သို့ ပုဂံဒေသယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်မှုနှင့် လုံခြုံရေးကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးလာနိုင်သည်အထိ သက်ရောက်မှုရှိလာနိုင်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံများ လုပ်ကိုင်စားသောက်မှုများအပြင် ယဉ်ကျေးမှုအမွေအနှစ် ကာကွယ်စောင့်ရှောက်ရေးအတွက်ပါ သက်ရောက်မှုများဖြစ်ပေါ်လာနိုင်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပေါင်းစပ်ညှိနှိုင်းပေး

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီးယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေးကော်မတီဝင်များ၊ ပုဂံညောင်လမ်းညွှန်အသင်း၊ ဌာနဆိုင်ရာများ၊ ဒေသခံလူမှုရေးအသင်းအဖွဲ့များက ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ကာကွယ်ထိန်းသိမ်းရေးနှင့် လုံခြုံရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ပုဂံဒေသတွင် ရှေးဟောင်းစေတီပုထိုးပေါင်း ၃၈၂၂ ဆူရှိသည့်အနက် ကိုဗစ်-၁၉ ကြောင့် ရောဂါကူးစက်မှုမရှိစေရန် Stay at Home နေထိုင်ကြစဉ်ကာလအတွင်း ဤသို့ စေတီပုထိုး ၁၂ ဆူ၏ဌာပနာများဖောက်ထွင်းခိုးယူခံရသည့်ဖြစ်စဉ်ကို ပုဂံကဲ့သို့သော ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဒေသများအတွင်း ထပ်မံမဖြစ်ပွားစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အား တိုးချဲ့ကင်းလှည့်ခြင်း၊ ဒေသခံများနှင့် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၏ လုံခြုံရေးအင်အားများ ပူးပေါင်းစစ်ဆေးခြင်း၊ ကင်းလှည့်ခြင်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ရေရှည်အတွက် အစောင့်လုံခြုံရေးဝန်ထမ်းများတိုးချဲ့ခန့်ထားရန်၊ CCTV ကဲ့သို့သော စောင့်ကြည့်ကိရိယာများတပ်ဆင်ရန်၊ ယဉ်ကျေးမှုတန်ဖိုးကြီးသော ရှေးဟောင်းစေတီပုထိုးများအား အဆင့်ခွဲခြားသတ်မှတ်၍ ကန့်သတ်စိစစ်ကြည့်ရှုခွင့်ပြုရန်အပါအဝင် ပုဂံယဉ်ကျေးမှုအမွေအနှစ် ရေရှည်ထိန်းသိမ်းရေး၊ ကာကွယ်စောင့်ရှောက်ရေးအစီအမံများ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံများ လူမှုစီးပွားဘဝမြှင့်တင်မှုဆောင်ရွက်ခြင်းဖြင့် ဒေသခံများ၏ ပူးပေါင်းကူညီဆောင်ရွက်မှု၊ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်မှုကိုလည်း ရေရှည်အစီအမံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖောက်ထွင်းခိုးယူသည့်ကိစ္စကိုလည်း တာဝန်ရှိသူများက စုံစမ်းဖော်ထုတ်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website နှင့် လူမှုကွန်ရက်စာမျက်နှာများတွင် အသေးစိတ်ဖော်ပြထားရှိရာ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ၂၀၂၀ ပြည့်နှစ် မန္တလေးတိုင်းဒေသကြီး တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ စစ်ဆေးနေမှု လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းနှင့် ပါမောက္ခချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၉ နာရီခွဲတွင် မန္တလေးတက္ကသိုလ်သို့ရောက်ရှိပြီး ၂၀၂၀ ပြည့်နှစ် မန္တလေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူများ၏ အဖြေလွှာများစစ်ဆေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အားပေးနှုတ်ဆက်

ပြည်ထောင်စုဝန်ကြီးက မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ ပထဝီဝင်၊ သမိုင်း၊ စိတ်ကြိုက်မြန်မာစာ ဖြေဆိုသူများ၏ အဖြေလွှာ စစ်ဆေးနေသည့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးအားပေးနှုတ်ဆက်၍ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးနည်းစနစ်များကို လိုက်နာကျင့်သုံးဆောင်ရွက်ကြရန်၊ စာစစ်လုပ်ငန်းများ၏ လုပ်ထုံး၊ လုပ်နည်းနှင့်အညီ အဖြေလွှာများအား စနစ်တကျ စစ်ဆေးဆောင်ရွက်ကြရန်၊ စာစစ်လုပ်ငန်းများ အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ကြရန်နှင့် အဖြေလွှာစစ်ဆေးကြသည့် ဆရာဆရာမများ၏ အရေးပေါ်လိုအပ်ချက် အခက်အခဲများဖြစ်ပေါ်လာပါက သက်ဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် အမြန်ဆုံး ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးကြရန် မှာကြားသည်။

၂၀၂၀ ပြည့်နှစ် မန္တလေးတိုင်းဒေသကြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၁၅၃၇၅၇ ဦး၏ အဖြေလွှာများအား အခြေခံပညာဦးစီးဌာနမှ ဆရာဆရာမ ၃၆၅၄ ဦးနှင့် အဆင့်မြင့် ပညာဦးစီးဌာနမှ ဆရာဆရာမ ၁၂၆၂ဦး စုစုပေါင်း စာစစ်ဆရာဆရာမ ၄၉၁၆ ဦးတို့ဖြင့် စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ တာဝန်ခံများအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် ဇွန် ၁၃

တိုင်းဒေသကြီး၊ ပြည်နယ်များသို့ တာဝန်ခံအဖြစ် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် တွေ့ဆုံပွဲကို ဇွန် ၁၁ ရက် နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ သမဝါယမဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနများမှ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ တာဝန်ခံအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများတက်ရောက်ကြသည်။

အဂတိတရားကင်းစွာဆောင်ရွက်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာန၏ ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ အနာဂတ်မျှော်မှန်းချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ မိမိတို့တာဝန်ကျရာ ဒေသအစိုးရများ၏ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များတွင် အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသသစ်နေရာသစ်များတွင် မိမိဌာန၏ လုပ်ငန်းတာဝန်များကို ဦးဆောင်ကြရမည့်သူများဖြစ်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိနှင့်သက်ဆိုင်သော ဥပဒေ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျွမ်းကျင်ပိုင်နိုင်မှုရှိစွာ ကိုင်တွယ်ဆောင်ရွက်ကြရန်လိုကြောင်း၊ သက်ဆိုင်ရာ ဒေသအစိုးရများ၏ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များအပေါ် အဂတိတရား(၄)ပါး ကင်းစွာဖြင့် အထောက်အပံ့ကောင်းပေးနိုင်သူများဖြစ်စေရန် ဆောင်ရွက်ကြစေလိုကြောင်း။

အထူးဂရုပြုဆောင်ရွက်

နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေဖြင့် မိမိတို့သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့၏စွမ်းရည်မြင့်မားရေးသည် အဓိကကျသဖြင့် မိမိတစ်ဦးချင်းစီ၏ လုပ်ငန်းကျွမ်းကျင်မှုတိုးတက်ရေး စဉ်ဆက်မပြတ်အားထုတ်သွားကြရန် လိုအပ်သကဲ့သို့ မိမိတို့၏ လက်အောက်ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားစေရေးအတွက်ကိုလည်း စီမံဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ လုပ်ငန်းများ အောင်မြင်စေရန် အစွမ်းကုန်ကြိုးပမ်းအားထုတ်မှုနှင့်အတူ အဂတိတရားကင်းရှင်းရေးကိုလည်း အထူးဂရုပြုဆောင်ရွက်ခြင်းဖြင့် မိမိဝန်ကြီးဌာန ဂုဏ်ကိုဆောင်ကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေးပြောကြားသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို Video Conferencing ဖြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်၊ အဆောက်အဦ၊ လမ်း၊ တံတားနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်မှ Video Conferencing ဖြင့် ချိတ်ဆက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြအိမ်ရာကဏ္ဍနှင့် ကျေးလက်လမ်း/တံတားများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသူရဇော်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတားများ၊ ခရိုင်လေးဖွဲ့နှင့် အထူးအဖွဲ့တစ်ဖွဲ့တို့ဖြင့် ဆောင်ရွက်နေသည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း၊ နမ့်စန်-မိုးနဲ-တာဆန်း-မိုင်းတုံ-မိုင်းဆတ်လမ်း၊ မိုင်းဆတ်-တာချီလိတ်လမ်း၊ မိုင်းပျဉ်း-မက်မန်းလမ်း၊ ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်လမ်း၊ ကျိုင်းတုံလေယာဉ်ကွင်းလမ်း၊ တာချီလိတ်မြို့ရှောင်လမ်းနှင့် တာလေမြို့ရှောင်လမ်း လုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်အထိ လေးနှစ်တာကာလအတွင်း လမ်း၊ တံတားတိုးတက်မှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၂) မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးသန့်ဇင်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော တံတားများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် တံတားစီမံကိန်းများတွင် ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများ လက်ရှိဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

လုပ်ငန်းတိုးတက်မှု

ယင်းနောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းရှိန်က ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် လမ်းအဆင့်အတန်းအလိုက် ဦးစားပေးဆောင်ရွက်ထားရှိမှု၊ Pilot Project ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၊ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံး/ပြင်ထိန်း)၊ ပြည်နယ် (ငွေလုံး/ ပြင်ထိန်း) ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် လမ်း/တံတား လုပ်ငန်းများ၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံး/ပြင်ထိန်း)၊ ပြည်နယ် (ငွေလုံး/ပြင်ထိန်း)ဖြင့် ဆောင်ရွက်သော လမ်း၊ တံတားလုပ်ငန်း ဆောင်ရွက်ချက်များနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်း ကျေးလက်လမ်း/ တံတား လုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ယင်းနောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ဆောင်ရွက်လျက်ရှိသော မြို့ပြအိမ်ရာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ကျော်ဝင်းက ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လမ်း ၉၄ လမ်း ၃၁၅၈ မိုင်ကျော်ရှိရာ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်း ၁၄ လမ်း ၈၃၅ မိုင်ကျော်၊ ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်း ၈၀ မှ ၂၃၂၃ မိုင်ကျော်အား ဒေသအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတိုးတက်မှုနှင့် လမ်းတံတားများအခြေအနေကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လမ်း၊ တံတားလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

တံတားတည်ဆောက်ရေး

ထို့နောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးမြင့်နိုင်ဦးက ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းက Pilot Project ဖြင့် ဆောင်ရွက်လျက်ရှိသော ကျောက်မဲမြို့နယ် ကျွဲကုန်း-နားပြိန်း-နောင်ကွမ်-ပုံဝိုးလမ်း၊ သိန္နီမြို့နယ် နောင်ဆိုင်-မိုင်ပါး-ကောင်းအိုင်လမ်း၊ နောင်ချိုမြို့နယ် နောင်ချို-ရွှေပြည်ညွှန့်-ကုန်းစံ-ဂုတ်ထိပ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု(ငွေလုံး/ပြင်ထိန်း)၊ ပြည်နယ်(ငွေလုံး/ပြင်ထိန်း) ရန်ပုံငွေဖြင့် ဆောင်ရွက်သောလမ်း၊ တံတားလုပ်ငန်း ဆောင်ရွက်ချက်များနှင့် တိုးတက်မှုအခြေအနေတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ကျေးလက်လမ်း /တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့်ပြသသည်။

အိမ်ရာစီမံကိန်း

ယင်းနောက် ရှမ်းပြည်နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ရှမ်းပြည်နယ်အတွင်းရှိ အိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍လည်းကောင်း၊ အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၆) လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်အေးခိုင်မွန်က ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိသော အဆောက်အဦစီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြအိမ်ရာကဏ္ဍနှင့် ကျေးလက်လမ်း/တံတားများ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရန်နှင့် အရည်အသွေးကောင်းမွန်ရန်လိုပါကြောင်း၊ လမ်း/တံတားများ တိုးတက်ကောင်းမွန်လာသည်နှင့် အညီ ကုန်စည်စီးဆင်းမှုများ သွက်လက်မြန်ဆန်လာမှာဖြစ်ပါကြောင်း၊ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် အန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့လာနိုင်သည်ကိုလည်း အထူးဂရုပြုရန်လိုပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန် တာဝန်ရှိသူအဆင့်ဆင့်မှ အမြဲမပြတ် ကြီးကြပ်ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၃

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသော ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေး

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ မင်းကုန်းအုပ်စု၊ မအူလေးပင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ သရက်တောအုပ်စု၊ ပိုးစာတောကျေးရွာရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ မသိမ်ကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ တောင်ညိုအုပ်စု၊ တောင်ညိုကျေးရွာရဲစခန်းတံတားအနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ဒက္ခိဏသီရိမြို့နယ်၊ ကျားကူးချောင်း၊ ရွှေကြာပင်လမ်းမှ မဲဒီးကျေးရွာအောက်ပိုင်း ကျားကူးချောင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတို့အား ကွင်းဆင်းစစ်ဆေးပြီး သက်ဆိုင်ရာကုမ္ပဏီများအနေဖြင့် လုပ်ငန်းများ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန်နှင့် အချိန်မီပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥတ္တရသီရိခရိုင်နှင့် ဒက္ခိဏသီရိခရိုင်အတွင်းတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းပေါင်း ၁၄ ခုအား နေပြည်တော်ကောင်စီ၏ ရန်ပုံငွေကျပ် ၁၉၀၅ ဒသမ ၅၆၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ဆောင်ရွက်လျက်ရှိပြီး ဇွန်လကုန်တွင် လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ကြသည့် စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ စေတနာ့ဝန်ထမ်းများနှင့်ပရဟိတအဖွဲ့များအား ဂုဏ်ပြုလွှာများနှင့် ရင်ထိုးတံဆိပ်များ ပေးအပ်

မန္တလေး ဇွန် ၁၃

ကိုဗစ်-၁၉ လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ကြသည့် စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြုဂုဏ်ပြုလွှာများ၊ စေတနာ့ဝန်ထမ်းရင်ထိုးတံဆိပ်များ ပေးအပ်ခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များ ပံ့ပိုးခြင်းနှင့် သတ်မှတ်နေရာ အဆောက်အအုံများတွင် ထားရှိပြီး အသွားအလာကန့်သတ်ခြင်း (Quarantine Center)များတွင်ရှိသော ကိုယ်ဝန်ဆောင်များ၊ အသက်(၅) နှစ်အောက်ကလေးများ၊ သက်ကြီးရွယ်အိုများအား ထောက်ပံ့ငွေပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက မုံရွာမြို့ နန္ဒဝန်ဝန်ထမ်းအိမ်ရာနှင့် ဒေါနခြံတို့၌ ဆောင်ရွက်သည်။

လိုက်ပါဆောင်ရွက်

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါဆောင်ရွက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ဝန်ထမ်းအိမ်ရာနှင့် ဒေါနခြံတို့၌ ကန့်သတ်စောင့်ကြည့်စခန်းအဖြစ် ဖွင့်လှစ်ထားသည့် နေရာများသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက အသွားအလာ ကန့်သတ်ထားရှိသူများအား ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများအတွက် အသိအမှတ်ပြု ဂုဏ်ပြုလွှာများကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့လည်းကောင်း၊ စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များ၊ ပါးစပ်နှင့်နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များကို စေတနာ့ဝန်ထမ်းကိုယ်စားလှယ်တို့ထံသို့လည်းကောင်း ပေးအပ်သည်။

ပေးအပ်

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဆိုပါ အသွားအလာကန့်သတ်ထားသော နေရာတွင်ရှိသည့် ကိုယ်ဝန်ဆောင်မိခင် ၃၅ ဦး၊ အသက်(၅) နှစ်အောက်ကလေး ၃၀ နှင့် အသက် ၆၀ အထက် သက်ကြီးရွယ်အို နှစ်ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၂၀၁၀၀၀၀ ကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စခန်းတာဝန်ခံ တစ်ဦးထံသို့ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး၊ မန္တလေး ဇီဝိတဒါနသံဃာ့ဆေးရုံရှိ ကန့်သတ်စောင့်ကြည့်စခန်းအဖြစ် ဖွင့်လှစ်ထားသည့် နေရာသို့ရောက်ရှိပြီး ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့အစည်းများအတွက် အသိအမှတ်ပြု ဂုဏ်ပြုလွှာများကို မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးထံသို့လည်းကောင်း၊ စေတနာ့ဝန်ထမ်း ရင်ထိုးတံဆိပ်များ၊ ပါးစပ်နှင့် နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များကို စေတနာ့ဝန်ထမ်းကိုယ်စားလှယ်တို့ထံသို့လည်းကောင်း ပေးအပ်သည်။

ငွေကျပ်သုံးသောင်းနှုန်း

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဆိုပါ အသွားအလာကန့်သတ်ထားသောနေရာရှိ ကိုယ်ဝန်ဆောင်မိခင် ၇၂ ဦး၊ အသက်(၅) နှစ်အောက်ကလေး ၇၆ ဦးနှင့် အသက်(၆၀) နှစ်အထက် သက်ကြီးရွယ်အို ၁၆ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၄၉၂၀၀၀၀ ကို လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စခန်းတာဝန်ခံတစ်ဦးထံသို့ ပေးအပ်သည်။

ယနေ့ အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်း ၄၅၄၁ ဦး၊ ပရဟိတအဖွဲ့ ၂၈၆ ဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်း ၅၄၉၄ ဦး၊ ပရဟိတအဖွဲ့ ၅၁၁ ဖွဲ့တို့အတွက် ပေးအပ်ခဲ့သည့် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာများကို သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာမြို့နယ်စေတနာ့ဝန်ထမ်းပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများက အဆင့်ဆင့်စိစစ်၍ စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များ လက်ဝယ်အရောက် ပေးအပ်သွားမည်ဖြစ်ပြီး စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များ စာရင်းကျန်ရှိခြင်းများ ရှိပါကလည်း ဂုဏ်ပြုခြင်းများ ထပ်မံဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ဆက်လက်ပေးအပ်မည်

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့အနေဖြင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအတွက် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် စေတနာ့ဝန်ထမ်းရင်ထိုးတံဆိပ်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စေတနာ့ဝန်ထမ်းပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများ၏ စိစစ်မှုဖြင့် ဆက်လက်ဂုဏ်ပြုပေးအပ်သွားမည် ဖြစ်သည်။

ယနေ့ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအား အသိအမှတ်ပြုဂုဏ်ပြုလွှာများ၊ စေတနာ့ဝန်ထမ်းရင်ထိုးတံဆိပ်များပေးအပ်ခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါပြန့်ပွားမှု မရှိစေရန် လိုက်နာရန် ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

ပဲခူး ဇွန် ၁၃

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးမှ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ကျေးဇူးတင်စကား ပြောကြားပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးဇော်ဝင်းက ရည်ညွှန်းစာစောင်၊ စာအုပ်များ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် ဦးဇော်ဝင်းက ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်အေးတို့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

တန်ဖိုးကြီးအမှိုက်များကို မလိုအပ်ဘဲ ဝယ်ယူသုံးစွဲခြင်းမှ ရှောင်ရှားကြပါစို့

နိုင်ဦး (DOCA)

ကျွန်တော်ငယ်ငယ်တုန်းက အဘွားက ပုံပြင်လေးများ၊ စကားပုံလေးများပြောပြပြီး ချော့သိပ်ခဲ့တာကို သတိရမိသည်။ ဘယ်တော့မှ ပြန်မရနိုင်တော့သော်လည်း အဘွားပြောဆိုခဲ့သော စကားပုံလေးတစ်ခုကို ယနေ့အထိ မှတ်မိနေသေးသည်။ လိုက်နာကျင့်သုံးဆဲ ဖြစ်သည်။ “တစ်မူး၊ တစ်ပဲ အသုံးရဲ မွဲဆေးဖော်သူ၊ နာလန်မထူ” တဲ့။ ရရှိသော လစာဝင်ငွေကို လွယ်လွယ်မသုံးစွဲရန်၊ ချွေတာစုဆောင်းရန်ဖြစ်မည်။ မလိုက်နာပါက ဆင်းရဲဒုက္ခ ကြုံတွေ့ရမည်ဟု ဆိုလိုရင်းဖြစ်သည်။ အလားတူပင် ပြောပြခဲ့သော ဂျပန်ရိုးရာပုံပြင်လေးတစ်ပုဒ်ကိုလည်း ရင်ထဲမှာသံမှိုစွဲထားသလို မှတ်မိနေသေးသည်။ ပုံပြင်အကျဉ်းချုပ်ကတော့ ရှေးခေတ်က ဂျပန်နိုင်ငံဟာ အလွန်ဆင်းရဲခဲ့လို့ စားနပ်ရိက္ခာမလောက်ငမှာ စိုးရိမ်၍ ဆောင်းရာသီ၌ အလုပ်မလုပ်နိုင်တဲ့ အသက်ကြီးနေတဲ့မိဘတွေကို ရေခဲနေတဲ့ တောင်ထိပ်ကဂူတွေထဲကို ပို့ကြတယ်တဲ့။ မိသားစုဝင်တွေကလည်း လုပ်ရိုးလုပ်စဉ်အတိုင်း ဆောင်ရွက်ကြတယ်တဲ့။ တစ်နေ့တော့ အဘိုးကိုသွားပို့စဉ် သူ့မြေးက သူ့အဖေကို မေးတော့ ဖခင်က လူငယ်တွေဝမ်းမဝမှာစိုးလို့ အလုပ်မလုပ်နိုင်တဲ့မိဘတွေကို စွန့်ပစ်တာလို့ပြောတော့ သူ့သားက ပြောတယ်တဲ့။ သားလည်း အဖေအသက်ကြီးရင် ဒီနေရာကို ထမ်းပို့နိုင်ဖို့ လုပ်ရဦးမှာပဲနော်လို့ ပြောတော့ သူအတော်အံ့သြသွားတယ်။ ငါလည်း ဒီလိုဖြစ်လာမှာပါလားလို့ တွေးမိပြီး ဘယ်သူမှမသိအောင် သူ့ဖခင်ကို အိမ်ပြန်ခေါ်ခဲ့ပြီး ရိက္ခာရှားပါးတဲ့ ဆောင်းရာသီကို ချွေတာစားရင်း ဖြတ်သန်းကြတယ်တဲ့။ တစ်ဦးကနေ တစ်ရာဆိုသလို အခြားရွာသားတွေလည်း မိဘတွေကို မစွန့်ပစ်ရက်တော့ဘူးတဲ့။ ဆိုလိုချင်တာကတော့ အသက်အရွယ်ကြီးရင့်သည့်မိဘများကို ဂရုစိုက်ဖို့၊ ခြိုးခြံချွေတာစားသောက်မှ အရာရာအောင်မြင်နိုင်ကြောင်းဆိုလိုသည်ဟု ထင်မိသည်။

အခက်အခဲများစွာ ကြုံတွေ့နေရ

မြန်မာနိုင်ငံတွင်မူ ကွာခြားလှသည်။ ရှေးဘိုးဘွားများက ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံဆိုသည့် စာချိုးကဲ့သို့ ဆန်ရေစပါး၊ ကောက်ပဲသီးနှံ အလျှံပယ်ထွက်ရှိသည်။ သဘာဝကပေးသော မြေဆီမြေနှစ်များကို ပိုင်ဆိုင်ထား၍ လိုအပ်သလောက် မသုံးဘဲ ပိုပိုလျှံလျှံ အလျှံပယ်ထုတ်ယူသုံးစွဲကြသဖြင့် စွန့်ပစ်မှုများကို လုပ်ရိုးလုပ်စဉ်အတိုင်း ပြုလုပ်နေကြသည်။ ထမင်း၊ ဟင်းများကို လိုသလောက်သာမချက်ဘဲ ပိုပိုလျှံလျှံ ချက်ထား၍ စွန့်ပစ်ရသည်။ အချိန်ကုန်၊ ငွေကုန်၊ လုပ်အားကုန်သည်။ အခြား ရေ၊ ဟင်းသီးဟင်းရွက်များ၊ လူသုံး၊ အိမ်သုံးပစ္စည်းများတွင်လည်း အလားတူပင်ဖြစ်သည်။ သို့သော် အခြားနိုင်ငံများမှစွန့်ပစ်သော ယာဉ်မျိုးစုံ၊ စက်ပစ္စည်းမျိုးစုံ၊ လျှပ်စစ်ပစ္စည်းမျိုးစုံ၊ စားသောက်ကုန်မျိုးစုံကိုမူ ခုံခုံမင်မင်ဖြင့် တန်ဖိုးကြီးပေးကာ ဝယ်ယူနေကြပြန်သည်။ ထို့ကြောင့်ပင် မြန်မာနိုင်ငံတွင် ပြည်တွင်းမှ စွန့်ပစ်ပစ္စည်း၊ ပြည်ပမှ စွန့်ပစ်ပစ္စည်းများကြောင့် အခက်အခဲများစွာ ကြုံတွေ့နေရသည်။

မိသားစု နေ့စဉ်သုံးစွဲလျက်ရှိသော လူသုံး၊ အိမ်သုံးပစ္စည်းများအား အတိုင်းအတာ၊ အချိန်ကာလအလိုက် ဆင်ခြင်သုံးစွဲသင့်ပါသည်။ အတိုင်းအဆထား၍ ချက်ပြုတ်ကြော်လှော် သုံးစွဲသင့်သည်။ စက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများကိုလည်း ပိုမိုကြာရှည်ခံအောင် ရိုသေစွာကိုင်တွယ်အသုံးပြုသင့်သည်။ သို့မှသာ မကုန်သင့်တာမကုန်ဘဲ ပိုလျှံလာမည် ဖြစ်သည်။ အပိုထွက်လာသောစုဆောင်းရရှိမှုများကို ဘဝတိုးတက်ရေး၊ လူနေမှုဘဝအဆင့်မြင့်မားရေးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။

အမှိုက်များစုပုံလာ

ကျွန်တော်တို့နိုင်ငံတွင်လည်း ဝက်သား၊ ကြက်သားများ လတ်လတ်ဆတ်ဆတ်ရှိပါလျက် ဓာတုဆေးသုံး၊ တာရှည်ခံဆေးသုံးထားသည့် ဝက်အူချောင်း၊ ကြက်အူချောင်းများကို ခုံခုံမင်မင် စားလာကြသည်။ သစ်သားဖြင့် ပြုလုပ်သော ပရိဘောဂများရှိပါလျက် နိုင်ငံခြားမှ တင်သွင်းလာသော စွန့်ပစ်အမှိုက်များဖြင့် ပြုလုပ်ထားသည့် ကြိတ်သားများကို ပလတ်စတစ်ဖြင့် အမြင်လှလှ ဖုံးအုပ်ထားသည့် ပရိဘောဂများကို မြတ်မြတ်နိုးနိုး အသုံးပြုလာကြသည်။ အလားတူပင် အခြားပြည်ပနိုင်ငံများမှ အသုံးပြုပြီးသား တစ်ပတ်ရစ် စက်ပစ္စည်းပေါင်းစုံကို ဈေးပေါပေါဖြင့် ဝယ်ယူ၍ ပြန်လည်ပြင်ဆင်ရောင်းချကြသည်။ ထိုအချက်များကြောင့်ပင် မြန်မာနိုင်ငံတွင် အမှိုက်များစုပုံလာသည်။

> **မြန်မာနိုင်ငံရှိ ပြည်သူများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပမှအသုံးမလို၍ စွန့်ပစ်ထားသော တစ်ပတ်ရစ်ပစ္စည်းအမှိုက်များအစား ရေရှည်အသုံးပြုနိုင်သော၊ ကြာရှည်ခိုင်ခံ့သော စက်ပစ္စည်းအသစ်များကို တင်သွင်း၊ ဝယ်ယူ အသုံးပြုစေချင်။ ပြည်တွင်းထုတ်ကုန်များကို အမြတ်တနိုးတန်ဖိုးထား ဝယ်ယူအသုံးပြုစေချင်။ သို့မှသာ နိုင်ငံခြားငွေမကုန်တော့ဘဲ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို အားပေးမြှင့်တင်ရာရောက်သလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရာရောက်မည်။**

အထူးသဖြင့် တစ်ပတ်ရစ်ယာဉ်များကို စီးပွားရေးကျင့်ဝတ်နှင့်အညီ ထုတ်လုပ်ထားခြင်းမရှိသည့် ယာဉ်များကို ပေါချောင်ကောင်း တင်သွင်းလာသော စီးပွားရေးလုပ်ငန်းရှင်အချို့ကြောင့် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများမှ စွန့်ပစ်သော ယာဉ်အို၊ ယာဉ်ဟောင်းများစွန့်ပစ်ရာ ယာဉ်သင်္ချိုင်းကြီးဖြစ်လာပါသည်။ တာဝန်ရှိသူများက ယာဉ်တင်သွင်းမှုမူဝါဒများချမှတ်ကာ ဆောင်ရွက်ခဲ့သဖြင့် ထိုက်သင့်သော အောင်မြင်မှုများရရှိခဲ့သည်။ အလားတူပင် အခြားတန်ဖိုးကြီးကုန်စည်များဖြစ်သည့် တီဗွီ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက် စသည့်တန်ဖိုးကြီးပစ္စည်း တစ်ပတ်ရစ်များကို အခြားနိုင်ငံများမှ စွန့်ပစ်ပစ္စည်းများသဖွယ် တင်သွင်းမှုများကို မိမိအမြတ်ရရှိမှုတစ်ခုတည်းကိုသာကြည့်၍ မြန်မာပြည်တွင်းပြန်လည်မွမ်းမံကာ ရောင်းချကြသဖြင့် အချိန်တိုအတွင်းပျက်စီးကာ အမှိုက်များအဖြစ် ကျန်ရှိနေခြင်းက သက်သေများပင် ဖြစ်သည်။

စီမံခန့်ခွဲ အသုံးပြုနိုင်မည်ဖြစ်

တစ်နေ့တစ်နေ့ လူသားများသည် ဝမ်းစာရေးအတွက် လှုပ်ရှားရုန်းကန်နေကြရသည်။ အလုပ်သမားများ၊ လယ်သမားများ၊ ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ စသည်ဖြင့် မိမိတတ်မြောက်သော၊ ကျွမ်းကျင်သော ဘာသာရပ်အလိုက် ကာယအား၊ ဉာဏအား၊ ငွေအင်အားများကို အသုံးပြု၍ဆောင်ရွက်လျက်ရှိပါသည်။ သို့မှသာ ထိုက်သင့်သော အခကြေးငွေကို ရရှိမည်။ ထိုအခကြေးငွေကို အသုံးပြု၍ စားရေး၊ ဝတ်ရေး၊ နေရေးကိစ္စများကို စီမံခန့်ခွဲ အသုံးပြုနိုင်မည်ဖြစ်သည်။

နိုင်ငံအစိုးရများကလည်း ပြည်သူများ အလုပ်အကိုင်အဆင်ပြေစေရေးအတွက် လိုအပ်သော စီမံခန့်ခွဲမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ လမ်းတံတားများ တည်ဆောက်ပြုပြင်ပေးသည်။ ခေတ်မီစက်ပစ္စည်းများ တင်သွင်း၍ လုပ်ငန်းများတိုးတက်အောင် ကူညီခဲ့သည်။ ထိုက်သင့်သလောက် တိုးတက်ခဲ့သည်။ လူတစ်ဦးချင်း၏ ဝင်ငွေများ တဖြည်းဖြည်းတိုးတက်လာသည်။ နှမ်းပါးသူများက လူလတ်တန်းစားအဆင့်သို့ တဖြည်းဖြည်းတိုးတက်လာနေသည်ကို တွေ့ရှိလာရသည်။ ကောင်းသောပြောင်းလဲလာမှုပင် ဖြစ်သည်။

နေထိုင်စားသောက်မှုပုံစံများကို ပြုပြင်ပြောင်းလဲပေးရန် လိုအပ်

မြန်မာနိုင်ငံသားများ ကျန်းမာစွာဖြင့် သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက်မူ နေထိုင်စားသောက်မှုပုံစံများကို ပြုပြင်ပြောင်းလဲပေးရန် လိုအပ်လာပါသည်။ မြန်မာနိုင်ငံသို့ တင်သွင်းလာသော လူသုံး၊ အိမ်သုံးပစ္စည်းများနှင့် ပတ်သက်၍ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းမှု ရှိ/ မရှိ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိ/မရှိ စသည်တို့ကို ထိန်းသိမ်းကြပ်မတ်ရန် လိုအပ်လာပါသည်။ ထိုအချက်များကြောင့်ပင် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)ကို ပြဋ္ဌာန်းကာ စားသုံးသူများနှင့် လုပ်ငန်းရှင်များကို အသိပညာပေးခြင်း၊ ဟောပြောဆွေးနွေးခြင်း၊ စစ်ဆေးကြပ်မတ်၊ အရေးယူဆောင်ရွက်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စားသုံးသူများနှင့်ပတ်သက်၍ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ လိမ်လည်လှည့်ဖြားခံရမှုများမှ ကင်းဝေးရေး၊ အရည်အသွေးစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ထားသော လူသုံး အိမ်သုံးဝန်ဆောင်မှုများ သုံးစွဲရယူဆောင်ရွက်နိုင်ရေး၊ နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ ကုစားဖြေရှင်းပေးနိုင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိသလို လုပ်ငန်းရှင်များနှင့်ပတ်သက်၍လည်း စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အညီ တင်သွင်း၊ တင်ပို့၊ ဖြန့်ဖြူးရောင်းချရေး၊ တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်အဝရရှိရေးအတွက် ဆောင်ရွက်ပေးရေး စသည့် အလေ့အကျင့်ကောင်းများ ရရှိစေရေးအတွက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

သက်တမ်းစေ့နေထိုင်နိုင်မည်ဖြစ်

ဆိုလိုသည်မှာ စားသုံးသူရော၊ လုပ်ငန်းရှင်ပါ မိမိတို့၏ ကိုယ်ပိုင်ဘဝများ မြင့်မားတိုးတက်ရေး၊ မိမိတိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စားသုံးသူများက ခြိုးခြံချွေတာပြီး အန္တရာယ်ကင်း၍ အာဟာရပြည့်ဝသောအစားအစာများကို စားသုံးခြင်း၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော လူသုံး၊ အိမ်သုံးဝန်ဆောင်မှုလုပ်ငန်းများကို ရယူသုံးစွဲဆောင်ရွက်ရန် လိုအပ်ပါသည်။ လုပ်ငန်းရှင်များကလည်း မိမိတို့ထုတ်လုပ်ဆောင်ရွက်သော လူသုံး၊ အိမ်သုံးဝန်ဆောင်မှုလုပ်ငန်းများကို စေတနာထားဆောင်ရွက်ရပေမည်။ မိမိ၏ မိသားစုဝင်များ ရယူသုံးစွဲသကဲ့သို့ အလေးအနက်ထားဆောင်ရွက်စေချင်ပါသည်။ သို့မှသာ နှစ်ဦးနှစ်ဖက် အန္တရာယ်ကင်းရှင်းကာ သာယာဝပြောသော လူ့ပတ်ဝန်းကျင်တွင် သက်ရှည်ကျန်းမာစွာဖြင့် သက်တမ်းစေ့နေထိုင်နိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများအားလုံးကိုယ်စီအသိစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်။

ကြုံတွေ့ရလျက်ရှိ

သို့သော် ပြည်တွင်းထွက်ကုန်ပစ္စည်းများကို တန်ဖိုးထားသုံးစွဲရမည့်အစား၊ ရေရှည်အသုံးပြုနိုင်ရန် ရွေးချယ်ရမည့်အစား ပြည်ပမှထုတ်လုပ်သော လူသုံး၊ အိမ်သုံးပစ္စည်းများဖြစ်သည့် ရေခဲသေတ္တာ၊ အဲကွန်း၊ ကွန်ပျူတာ စသည့်တန်ဖိုးကြီးစက်ပစ္စည်းအမျိုးမျိုးကို ခုံမင်တန်ဖိုးထားကာ ဝယ်ယူသုံးစွဲကြသဖြင့် ခဏလေးနှင့်ပျက်စီးကာ မကြာခဏပြုပြင်နေရခြင်း၊ ဝင်ငွေနည်းပါးလာခြင်း၊ ကျန်းမာရေးထိခိုက်လာခြင်းများ ကြုံတွေ့ရလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရှိ ပြည်သူများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပမှအသုံးမလို၍ စွန့်ပစ်ထားသော တစ်ပတ်ရစ်ပစ္စည်းအမှိုက်များအစား ရေရှည်အသုံးပြုနိုင်သော၊ ကြာရှည်ခိုင်ခံ့သော စက်ပစ္စည်းအသစ်များကို တင်သွင်း၊ ဝယ်ယူအသုံးပြုစေချင်ပါသည်။ ပြည်တွင်းထုတ်ကုန်များကို အမြတ်တနိုးတန်ဖိုးထား ဝယ်ယူအသုံးပြုစေချင်ပါသည်။ သို့မှသာ နိုင်ငံခြားငွေမကုန်တော့ဘဲ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို အားပေးမြှင့်တင်ရာရောက်သလို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရာရောက်မည်ဖြစ်ပါကြောင်း တိုက်တွန်းအပ်ပါသည်။ ။

ရေသိုးဆည်တွင် ငါးမြစ်ချင်းငါးမျိုး ၃၅၀၀၀၀ ကျော်စိုက်ထည့်

ဖြူး ဇွန် ၁၃

ဖြူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက အုတ်တွင်းမြို့နယ်ရေသိုးဆည်တွင် ငါးမြစ်ချင်း ငါးမျိုး ၃၅၀၀၀၀ ကျော် စိုက်ထည့်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခုလိုငါးသားပေါက်ရာသီ မိုးတွင်း၌ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်၊ တမံများတွင် ငါးမျိုးများစိုက်ထည့်ခြင်းဖြင့် သဘာဝငါးသယံဇာတ ပိုမိုတိုးပွားစေရန် ရည်ရွယ်ကြောင်း ဖြူးမြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်မင်းမင်းစိုးက ပြောသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းကို တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးသက်အေး၊ ရေသိုးဆည်စီမံကိန်းမှ ဦးစီးအရာရှိ ဦးအောင်မြချိုနှင့် တာဝန်ရှိသူများ၊ အုတ်တွင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်း၊ အုတ်တွင်းမြို့နယ် ရဲတပ်ဖွဲ့မှူး တင်ကိုကို၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖြူးမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဒေါ်မင်းမင်းစိုးနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့

တာချီလိတ် ဇွန် ၁၃

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်ဥပဒေချုပ် ဦးတင်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကမ္ဘောဇဘဏ် နာယက ဦးအောင်ကိုဝင်း၊ ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီဝင်များ၊ ပရဟိတ အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်း၊ မိုင်းခတ်၊ တာချီလိတ်ဒေသများရှိ ရှမ်း၊ လားဟူ၊ အာခါ၊ ပလောင်၊ ‘ဝ’ စသည့်တိုင်းရင်းသားများနေထိုင်ရာ ဒေသများရှိ အခြေခံပြည်သူများအား ဆန်အိတ်များ၊ ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများပါဝင်သည့် စားနပ်ရိက္ခာထုပ်များ ဆက်လက်ထောက်ပံ့ပေးအပ်သည်။

ဆန်အိတ် ၁၅၀

ယင်းသို့ ထောက်ပံ့လှူဒါန်းရာ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် တာချီလိတ်မြို့မှ တစ်ဆင့် မိုင်းယန်း၊ မိုင်းခတ် ဒေသများရှိ တိုင်းရင်းသားအခြေခံပြည်သူလူထုအတွက် ဆန်အိတ် ၁၅၀ ပေးပို့လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုင်းဖုန်းကျေးရွာ ပါခုတ်နိုဘုန်းတော်ကြီးကျောင်းတွင် ရှမ်း၊ လားဟူ၊ အာခါတိုင်းရင်းသားအခြေခံပြည်သူများအား စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီကိုလည်းကောင်း၊ ဝမ်ပုံကျေးရွာဘုန်းကြီးကျောင်း၌ တိုင်းရင်းသားအခြေခံပြည်သူများအား စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီကိုလည်းကောင်း၊ မယ်ယန်းကျေးရွာ၌ တိုင်းရင်းသားအခြေခံပြည်သူများအား စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီကိုလည်းကောင်း ထောက်ပံ့ပေးအပ်လှူဒါန်းကြသည်။

အမှတ်တရသစ်ပင်စိုက်

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုင်းကိုးကျေးရွာအုပ်စု ဆီလီငေါ့ရွာသို့ရောက်ရှိပြီး ရှမ်း၊ လားဟူ၊ အာခါ တိုင်းရင်းသားအခြေခံပြည်သူများအား စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီကိုလည်းကောင်း၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းက ကျေးရွာဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကာ အမှတ်တရသစ်ပင်များ စိုက်ပျိုးပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တာချီလိတ်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ်သိန်း ၁၀၀ နှင့် ဆန်အိတ် ၃၀၊ ဆီ ၁၀ ပုံးတို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် တာချီလိတ်ခရိုင် မိုင်းဟဲ၊ လွယ်တော်ခမ်း၊ တာလေ၊ ကျိုင်းလပ်၊ မိုင်းပါလျှိုးကျေးရွာများရှိ ရှမ်း၊ လားဟူ၊ အာခါ တိုင်းရင်းသားအခြေခံပြည်သူလူထုအတွက် ဆန်အိတ် ၁၅၀ ကို တာချီလိတ်မြို့မှတစ်ဆင့် သက်ဆိုင်ရာဒေသများသို့ ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



ဓာတ်အားဖြန့်ဖြူးရေးခွဲရုံများ အဆင့်မြှင့်တင်တည်ဆောက်

မန္တလေး ဇွန် ၁၃

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ လျှပ်စစ်ဓာတ်အားကို တည်ငြိမ်ပြည့်ဝစွာ ရရှိသုံးစွဲနိုင်ရေးအတွက် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ အသစ်တိုးချဲ့တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် စီမံချက်များရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မန္တလေးခရိုင် မြို့နယ်အသီးသီးရှိ ဓာတ်အားခွဲရုံများမှ 33\11 KV၊ 10 MVA ထရန်စဖော်မာ ခုနစ်လုံးကို 20 MVA ထရန်စဖော်မာများဖြင့် အစားထိုးလဲလှယ်ရန် လျာထားခဲ့ပြီး ယခုအခါ ထရန်စဖော်မာသုံးလုံး လဲလှယ်တပ်ဆင်ပြီးဖြစ်သည်။

ကျန်ရှိနေသည့် ထရန်စဖော်မာလေးလုံးကို လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည့် နိုင်ငံသားပိုင်ကုမ္ပဏီများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ယခုဘဏ္ဍာနှစ်အတွင်း အပြီးလဲလှယ်တပ်ဆင်သွားမည်ဖြစ်ပြီး လုပ်ငန်းအားလုံးပြီးစီးပါက မန္တလေးခရိုင်အတွင်း တည်ငြိမ်ပြည့်ဝသည့် လျှပ်စစ်ဓာတ်အားကို ယခင်ကထက်ပိုမိုဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးတင်လတ် ပြင်ဦးလွင်မြို့ရှိ ဟိုတယ်များနှင့် ခရီးသွားလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

မန္တလေး ဇွန် ၁၃

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဘုရားကြီးသို့ သွားရောက်ကာ ဘုရားကြီးအတွင်း ဘုရားဖူးဧည့်သည်များ လိုက်နာဆောင်ရွက်နိုင်ရန် Social Distancing ဆိုင်ရာ သတ်မှတ်ချက်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘုရားကြီးအားဖွင့်လှစ်ထားရှိပြီး ဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်နေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အလှူငွေများ လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီး ဦးတင်လတ်သည် Royal Jasmine Hotel သို့ သွားရောက်ကာ ဟိုတယ်တွင် ကိုဗစ်-၁၉ ကာကွယ်ရေး ဟိုတယ်ဝန်ထမ်းများနှင့် တည်းခိုနေထိုင်မည့် ခရီးသွားများအတွက် လိုက်နာဆောင်ရွက်နိုင်ရန် သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများ၊ Social Distancing ဆိုင်ရာ ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပန်းတော်ဝင်စားသောက်ဆိုင်နှင့် စံပြစားသောက်ဆိုင်သို့ သွားရောက်ကာ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးအတွက် သတ်မှတ်ထားသောစည်းမျဉ်းစည်းကမ်းများ၊ Social Distancing ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ထားရှိပြီး စားသုံးသူများလာရောက်စားသုံးနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြင်ဦးလွင်မြို့တွင် ဖွဲ့စည်းမည့် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (Destination Management Organization-DMO)တွင် ပါဝင်မည့် အဖွဲ့ဝင်များအား ပြင်ဦးလွင်မြို့ ရွှေနန်းထိုက်ဟိုတယ်၌ တွေ့ဆုံသည်။

ခရီးစဉ်ဒေသဖော်ဆောင်

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေအရ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၏ လိုင်စင်ထုတ်ပေးခြင်းကိစ္စများကို ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများသို့ ၂၀၁၉ ခုနှစ် ဧပြီလတွင်လွှဲပြောင်းပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများကို စီမံခန့်ခွဲပိုင်ခွင့်များ ပေးအပ်ထားပါကြောင်း၊ Public-Private-Partnership ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်နှင့် ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုအဖွဲ့များ တိုးချဲ့ဖွဲ့စည်းရန် လိုအပ်ပါကြောင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း လိုအပ်သည့် မြို့နယ်/ခရိုင်များ၌ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO)များကို ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆောင်ရွက်နေသူများအပြင် ခရီးသွားလုပ်ငန်းဆက်စပ်လုပ်ငန်းဆောင်ရွက်နေသူများကိုပါ ထည့်သွင်းဖွဲ့စည်းသင့်ပါကြောင်း၊ DMO အဖွဲ့က ဆောင်ရွက်ရန်လုပ်ငန်းတာဝန်များကို မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေနှင့်အညီ သတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ ပြင်ဦးလွင်မြို့သည် ရှေးဟောင်းအဆောက်အအုံ များစွာရှိသည့်အတွက် Heritage ခရီးစဉ်ဒေသအဖြစ် ဖော်ဆောင်နိုင်ရန် DMO များက အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း ပြောကြားသည်။

ဖြည့်စွက်မှာကြား

ထို့နောက် တက်ရောက်လာကြသည့် ပြင်ဦးလွင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့(DMO)တွင် ပါဝင်မည့် အဖွဲ့ဝင်များက ပြင်ဦးလွင်ခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုအခြေအနေများ၊ ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားဧည့်သည်များ ဘေးကင်းလုံခြုံစွာ သွားလာလည်ပတ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် စားသောက်ဆိုင်လုပ်ငန်းများတွင် ကိုဗစ်-၁၉ တားဆီး ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသည့် သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီး ဦးတင်လတ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ကမ္ဘာ့သွေးလှူရှင်များနေ့ကို ငါးရက်ခွဲကာ ဆွေးနွေးမှုပုံစံဖြင့် ကျင်းပသွားမည်

ရန်ကုန် ဇွန် ၁၃

ဇွန် ၁၄ ရက်တွင် ကျရောက်မည့် ကမ္ဘာ့သွေးလှူရှင်များနေ့ကို ယခုနှစ်တွင် အခမ်းအနားပုံစံ ကျင်းပသွားမည်မဟုတ်ဘဲ Social Distancing စနစ်ဖြင့် ငါးရက်ခွဲကာ ဆွေးနွေးမှုပုံစံဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း အမျိုးသားသွေးဌာန(ရန်ကုန်)မှ သိရသည်။

ကမ္ဘာ့သွေးလှူရှင်များနေ့ကို ဇွန် ၁၄ ရက်မှစကာ ဇွန် ၁၈ ရက်အထိ(နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ)ငါးရက်တိုင်တိုင် အမျိုးသားသွေးဌာန(ရန်ကုန်)၌ ကျင်းပသွားမည်ဖြစ်ပြီး ယခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့၏ ဆောင်ပုဒ်မှာ ကမ္ဘာမြေကြီးကျန်းမာဖို့ သွေးလှူကြပါစို့ ဖြစ်သည်။

ကမ္ဘာ့သွေးလှူရှင်များနေ့ ဆွေးနွေးပွဲသို့ ဇွန် ၁၄ ရက်တွင် မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ ဇွန် ၁၅ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဇွန် ၁၆ ရက်တွင် ရန်ကုန်အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)၊ ဇွန် ၁၇ ရက်တွင် ရန်ကင်းကလေးဆေးရုံကြီး၊ ဇွန် ၁၈ ရက်တွင် ရန်ကုန်အရိုးအထူးကုဆေးရုံကြီး စသည့်ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများနှင့် Hospital Transfusion Committee အဖွဲ့ဝင်များကိုလည်း ဖိတ်ကြားထားကြောင်း သိရသည်။

"ဒီနှစ်ကတော့ တစ်ယောက်နဲ့တစ်ယောက် လိုအပ်တာတွေ ညှိနှိုင်းကြရင်းနဲ့ ပိုပြီးတော့ကောင်းမွန်တဲ့စနစ်တစ်ခုကို ထူထောင်နိုင်လိမ့်မယ်လို့ ယူဆတယ်"ဟု ဒေါက်တာ ဒေါ်သီတာအောင်က ပြောသည်။

ထို့အပြင် အသက် ၂၅ နှစ်မှ ၂၇ နှစ်အတွင်း ၁၈ ကြိမ်အထက် လှူဒါန်းသူများ၊ Team 99 Award မှ သွေးအလှူရှင်များနှင့် သွေးလှူရှင်စုဆောင်းပေးသူများက ကမ္ဘာ့သွေးလှူရှင်များနေ့ ကျင်းပသည့် ငါးရက်တွင် နေ့အလိုက် လာရောက်လှူဒါန်းမည်ဖြစ်သည်။

အေးမင်းသူ

ပုဂ္ဂလိက သူနာပြုသားဖွား အတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် လုပ်ငန်းလိုင်စင်လျှောက်ထားနိုင်

နေပြည်တော် ဇွန် ၁၃

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကျန်းမာရေးကဏ္ဍတွင် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်၍ တရားဝင်အသိအမှတ်ပြု ပုဂ္ဂလိက သူနာပြုသားဖွားအတတ်ပညာသင်ကျောင်း တည်ထောင်ဖွင့်လှစ်ခွင့် ခွင့်ပြုပေးမည်ဖြစ်၍ လျှောက်ထားလိုသူများသည် လုပ်ငန်းလိုင်စင်ကို မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီမှတစ်ဆင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

သတင်းစဉ်

မြို့နယ်လုံးကျွတ် သွေးလွန်တုပ်ကွေးကာကွယ်ရေး စုပေါင်းဆောင်ရွက်

ကျောင်းကုန်း ဇွန် ၁၃

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအားလုံး သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းအဖြစ် ယနေ့ နံနက် ၇ နာရီတွင် စုပေါင်းပြုလုပ်ခဲ့ကြသည်။

ကျောင်းကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၉၀၊ ကိုယ်ပိုင်အထက်တန်းကျောင်း နှစ်ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ကျောင်း စုစုပေါင်း ၁၉၄ ကျောင်းတွင် အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်းကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကန့်သတ်စောင့်ကြည့်ရေးစခန်းအဖြစ် အသုံးပြုခဲ့သော အခြေခံပညာကျောင်းများကို ပိုးသတ်ဆေးဖျန်းကာ ပညာရေးဌာနသို့ ပြန်လည်အပ်နှံသွားမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းထံမှ သိရသည်။

အဆိုပါလုပ်ငန်းကို မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြို့နယ်သစ်တောဦးစီးဌာနမှ ပျိုးပင်ပေါင်း ၅၀၀၀၀ ကို ပြည်သူလူထုထံ အခမဲ့ဖြန့်ဝေပေးသွားမည်

မင်းဘူး ဇွန် ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း ယခုနှစ်မိုးရာသီတွင် ပျိုးပင်ပေါင်း ၅၀၀၀၀ ကို ပြည်သူလူထုထံ အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ထိုသို့ဖြန့်ဝေပေးရာတွင် ဌာနဆိုင်ရာများကို အပင်ပေါင်း ၁၃၀၀၀၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များကို အပင်ပေါင်း ၁၅၀၀၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် သာသနာ့နယ်မြေများကို အပင်ပေါင်း ၁၇၀၀၀၊ ရပ်ကွက်နှင့် ကျေးရွာများသို့ အပင်ပေါင်း ၁၈၀၃၀၊ သစ်ပင်စိုက်ပျိုးပွဲတော်များအတွက် အပင်ပေါင်း ၄၇၀ တို့ကို ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

“မင်းဘူး(စကု)မြို့နယ်ဟာဆိုရင် မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းရပ်ဝန်းမှာ ကျရောက်လျက်ရှိပြီး နှစ်စဉ် ရာသီဥတုဖောက်ပြန်မှုတွေနဲ့ ကြုံတွေ့နေရတဲ့ ဒေသလည်းဖြစ်ပါတယ်။ ဒါကြောင့် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ကာကွယ်ဖို့ဆိုရင် သစ်ပင်စိုက်ပျိုးနိုင်မှရမှာပါ။ ယခုဖြန့်ဝေပေးမယ့်အပင်တွေထဲမှာ အရိပ်ရအပင်တွေ၊ ဆေးဖက်ဝင်အပင်တွေ၊ ပန်းပင်တွေနဲ့ သစ်ရရှိနိုင်မယ့်အပင်တွေ စသည်ဖြင့် ပြည်သူလူထု စိတ်ဝင်စားတဲ့ သစ်မျိုးစေ့တွေကို ဦးစားပေးရွေးချယ် ပျိုးထောင်ထားပါတယ်။ ကျွန်တော်တို့ဦးစီးဌာနအနေနဲ့ လူထုဖြန့်ပျိုးပင်တွေကို နှစ်စဉ်အလေးထားဆောင်ရွက်လျက်ရှိပြီး လူထုဖြန့်ပျိုးပင် ၁၆ မျိုးကို အခမဲ့ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်” ဟု မင်းဘူးမြို့နယ် သစ်တောဦးစီးဌာနမှူး ဦးဝင်းအောင်က ပြောသည်။

ပြည်သူလူထုထံ ဖြန့်ဝေပေးမည့်ပျိုးပင်များမှာ ကျွန်း၊ ယူကလစ်၊ မဲဇလီ၊ ပင်လည်ကဗ္ဗီး၊ တမာ၊ ဗာဒံ၊ ယင်းမာ၊ ခရေ၊ ကုက္ကို၊ မယ်ဇယ်၊ ရေတမာ၊ မန်ကျည်းရှား၊ စိန်ပန်းကြီး၊ စိန်တံချူ၊ ထိုင်ဝမ်ဗာဒံ၊ ပုန်းညက် စသည်တို့ဖြစ်ပြီး ကျောက်တန်းပျိုးဥယျာဉ်တွင် မည်သူမဆို အခမဲ့လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်ဖတ်ရှုစောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ၊ လုံလောက်စွာ ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မိုးရာသီသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ပူတာအို ဇွန် ၁၃

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပူတာအို)၌ မိုးရာသီသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းတွင် ဦးဆောင်သူ ဦးလဆိုင်းက “မိုးရာသီရောက်လာပြီဖြစ်တဲ့အတွက် သွေးလွန်တုပ်ကွေးရောဂါတွေ ဖြစ်ပွားလေ့ရှိပါတယ်။ မိုးတွင်းကာလမှာ ခြင်ပေါက်ပွားမှုနှုန်းက များပါတယ်။ အဲဒါကြောင့် တစ်ပတ်တစ်ကြိမ် ဖုံး၊ သွန်၊ လဲ၊ စစ် ပုံမှန်ပြုလုပ်ပေးဖို့ လိုအပ်ပါတယ်။ မိုးတွင်းကာလဖြစ်တဲ့အတွက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်း လျော့ကျစေဖို့ ကျေးရွာရပ်ကွက်တွေမှာလည်း တစ်ပတ်တစ်ကြိမ် ကာကွယ်ရေးလုပ်ငန်းတွေ ပုံမှန်လုပ်ဆောင်သွားဖို့ရှိပါတယ်”ဟု ပြောသည်။

မိုးရာသီသွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းကို ပူတာအိုခရိုင် ငှက်ဖျားတိုက်ဖျက်ရေးဌာန၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်တို့ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါ ကန့်သတ်စောင့်ကြည့်ရေးစခန်း ထားရှိသောနေရာများ၊ အိမ်တွင်းမှုကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် လေယာဉ်ကွင်း စသည့်နေရာများတွင် အဘိတ်ဆေးခတ်ခြင်း၊ ပိုးလောက်လန်းနှိမ်နင်းခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် ပညာပေးလုပ်ငန်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဇော်ရှိန်း(ခတုု)

ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဓာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအားကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ် သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့်ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

မြောင်းမြ၌ မိုးစပါးသစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော် ထွန်ယက်မြေမြှုပ်ပွဲ ကျင်းပ

မြောင်းမြ ဇွန် ၁၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၀ ပြည့်နှစ် မိုးစပါးသစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော် ထွန်ယက်မြေမြှုပ်ပွဲကို ယနေ့နံနက်ပိုင်းက မြောင်းမြခရိုင် အိမ်မဲမြို့နယ် ဆိတ်ချေးကုန်းကျေးရွာရှိ တောင်သူ ဦးထွေးပု၏လယ်မြေ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းက စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးပညာများ ဖြန့်ဝေပေးလျက်ရှိသော်လည်း လက်တွေ့ဆောင်ရွက်နေသည့် အကျိုးဆောင်တောင်သူများ၏ ပြောကြားချက်များသည် ဝန်ထမ်းများ ပြောစကားထက် ပိုမိုထိရောက်မှုရှိကြောင်း၊ သစ်စိမ်းမြေဩဇာသုံးခြင်းဖြင့် သီးနှံအရည်အသွေးတိုးတက်ခြင်း၊ အထွက်တိုးခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း၊ ကိုဗစ်ကာလတွင် အလုပ်သမားအခက်အခဲကြောင့် ကြဲခင်းများပိုမိုများလာသော်လည်း စပါးအထွက်တိုးရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာရှင်များနှင့် အကျိုးဆောင်တောင်သူများ ပေါင်းစပ်ကာ အရင်းအနှီးနည်းနည်းနှင့် အထွက်တိုးအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အကျိုးဆောင်တောင်သူများကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာနသည် သီးနှံအထွက်တိုးရေးနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် မြေဆီလွှာပြုပြင်သည့်လုပ်ငန်းများကို တောင်သူများအား နည်းပညာများဖြန့်ဝေဆောင်ရွက်လျက်ရှိကြောင်း၊ မြေဆီလွှာရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော်၊ ပဲမျိုးစုံ၊ ဒန့်ကျွဲပင်၊ ညဏ်ပင်နှင့် ကုက္ကိုရွက်များကို ထည့်သွင်း အသုံးပြုလျက်ရှိရာ မြောင်းမြခရိုင်အနေဖြင့် ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာကို အဓိကအသုံးပြုကြောင်း၊ ပိုက်ဆံလျှော်သီးနှံသည် အပင်စပေါက်ချိန်မှ ၄၅ ရက်အတွင်း အာဟာရဓာတ်အများဆုံးအချိန်ဖြစ်၍ စပါးမစိုက်မီ ကြိုတင်စိုက်ပျိုး ထွန်ယက်ထားရကြောင်း၊ သစ်စိမ်းမြေဩဇာ ထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ယူရီးယားဓာတ်မြေဩဇာ ထည့်သွင်းခြင်းကို လျှော့ချနိုင်သည့်အပြင် မြေချဉ်ခြင်းနှင့် မြေဆီလွှာအာနိသင် ပျက်ခြင်းများကိုလည်း ပြုပြင်ရာရောက်ပြီး သီးနှံအထွက်နှုန်းလည်း ပိုမိုကောင်းမွန်လာကြောင်း၊ မြောင်းမြခရိုင်တွင် ယခုနှစ်အတွင်း ပိုက်ဆံလျှော်သစ်စိမ်းမြေဩဇာ ၉၀၇ ဧက ထည့်သွင်းစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးစိုးသိန်း ပြောပြချက်အရ သိရသည်။

ခရိုင်(ပြန်/ဆက်)

ဝါမျိုးစေ့နှင့် မြေဩဇာ ပေးအပ်

ပြင်ဦးလွင် ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လွန်ကောင်းအုပ်စု ဝါးနက်ကျေးရွာရှိ မိုးနှောင်းချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၅၀ ရှိ တောင်သူများအား ရွှေတောင်(၈)ဝါမျိုးစေ့နှင့် လူးနယ်ဆေး၊ ပုလဲမြေဩဇာတို့ ပေးအပ်ပွဲကို ဇွန် ၁၀ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။ အထူးဇုန် ဧက ၅၀ရှိ တောင်သူ ၁၄ ဦးအား တစ်ဧကလျှင် ရွှေတောင်(၈)ဝါမျိုးစေ့ သုံးပိဿာပါ တစ်ထုပ်၊ ပုလဲမြေဩဇာ ၅၀ kg၊ မျိုးစေ့လူးနယ်ဆေး ငါးထုပ်စီပေးအပ်သည်။

မြတ်ဆုမွန်(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲတပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများအား အခြေခံစားသုံးဆီနှင့် ဆန်ကြာဆံထောက်ပံ့

ပုသိမ် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ နတ်စင်တစ်ရာဆရာတော် ဒေါက်တာဘဒ္ဒန္တပညာတေဇ အရှင်မြတ်သည် ယနေ့နံနက် ၈ နာရီတွင် ပုသိမ်မြို့ ကိုးသိန်းရပ် ဧရာဝတီတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူးရုံး ရဲတပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ အပါအဝင် ၂၈၅ဦးတို့အား တစ်ဦးလျှင် စားသုံးဆီ ၇၀ ကျပ်သားနှင့် ဆန်ကြာဆံတစ်ပိဿာ စုစုပေါင်း စားသုံးဆီပိဿာ ၂၀၀၊ ဆန်ကြာဆံ၂၈၅ ပိဿာ (ငွေကျပ် ၅၇၀၀၀၀ တန်ဖိုး)ကို ထောက်ပံ့ရာ ဆရာတော်ကိုယ်စား တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်ဇော်ထွန်းက ပေးအပ်ခဲ့ကြောင်း သိရသည်။

ပုသိမ်လှကြည်

ပြည်ပမှ ကြက်သားပေါက်ကောင်ရေ ၁၉ သိန်းကျော် တင်သွင်းမည်

ရန်ကုန် ဇွန် ၁၃

ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ယာယီရပ်နားထားသည့် အသားတိုးကြက်မွေးမြူရေးလုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေးနှင့် ဈေးကွက်လိုအပ်ချက်အရ ပြည်ပမှ ကြက်သားပေါက်ကောင်ရေ ၁၉ သိန်းကျော် တင်သွင်းခွင့်ပြုထားကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။

ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ကန့်သတ်မှုလုပ်ငန်းများ အပါအဝင် ကြက်သားစားသုံးသူဈေးကွက် ကျဆင်းလာမှုကြောင့် အသားတိုးကြက်မွေးမြူသူ ၄၀ ရာခိုင်နှုန်းခန့်မှာ ကြက်သားပေါက်အသစ်မွေးမြူမှု ရပ်နားထားကြသည်။ မွေးမြူထုတ်လုပ်မှုရပ်နားခဲ့ခြင်းကြောင့် ကြက်သားထုတ်လုပ်မှုလျော့ကျ၍ ဈေးနှုန်းမြင့်တက်မှုဖြစ်ပေါ်ခဲ့သည်။ ယခုအခါကြက်သားဈေးနှုန်းပုံမှန်ရောက်ရှိစေရန် မွေးမြူရေးလုပ်ငန်းများ ပုံမှန်ပြန်လည်ဆောင်ရွက်လျက်ရှိသည်။ အသားတိုးကြက်မွေးမြူရေးလုပ်ငန်းများ လည်ပတ်နိုင်ရေးနှင့် ဈေးကွက်လိုအပ်ချက်အရ ပြည်ပမှ ကြက်သားပေါက်ကောင်ရေ ၁၉ သိန်းကျော် တင်သွင်းခွင့်ပြုထားခြင်းဖြစ်သည်။

ပြည်တွင်းရှိ ကြက်သားပေါက်ထုတ်လုပ်သည့်ကုမ္ပဏီများ လုပ်ငန်းရပ်နားမှုရှိခဲ့ရာ လုပ်ငန်းပြန်လည်စတင်ရာတွင် ကြက်သားပေါက်ကောင်ရေ လိုအပ်ချက်ရှိနိုင်သည့်အတွက် တင်သွင်းရခြင်းဖြစ်သည်။ ပုံမှန်လုပ်ငန်းလည်ပတ်စဉ်ပြည်တွင်း၌ ကြက်သားပေါက်ကောင်ရေ လုံလောက်စွာထုတ်ပေးနိုင်ကြောင်း သိရသည်။

မေ ၁၅ ရက်မှ ဇွန် ၁၅ ရက်ထိ ကြက်သားပေါက်ကောင်ရေ ကိုးသိန်းနှစ်သောင်းနှင့် ဇွန် ၁၆ ရက်မှ ဇူလိုင် ၁၅ ရက်အထိ ကောင်ရေ ၁၀ သိန်းကို လိုအပ်ချက်အရ တင်သွင်းခွင့်ပြုထားခြင်းဖြစ်သည်။ အသားတိုးကြက်များကို ၄၅ ရက်ကြာ မွေးမြူရပြီး ကြက်တစ်ကောင်၏ မွေးမြူရေးစရိတ်မှာ ငွေကျပ်သုံးထောင်ဝန်းကျင်ရှိကြောင်း သိရသည်။

အောင်သူရ

သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

လင်းခေး ဇွန် ၁၃

ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော်၊ ရှမ်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းလင်း၊ လင်းခေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ဇော်ဝင်းနှင့် ဝန်ထမ်းများ၊ လင်းခေးမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြစိမ်းရောင်(ငါးကဏ္ဍ)မှ အဖွဲ့ဝင်များသည် ယမန်နေ့နံနက်ပိုင်းက လင်းခေးခရိုင်ရှိ နမ့်တိန်းချောင်းအတွင်းသို့ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ နှင့် ရွှေဝါငါးကြင်း ကောင်ရေ ၂၀၀၀၀ စုစုပေါင်း ၃၀၀၀၀ အား စိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

ကျွန်းစု ဇွန် ၁၃

ကျွန်းစုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး အသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းကို ယနေ့တွင် ကျွန်းစုမြို့ အမှတ်(၁)ရပ်ကွက် စည်ပင်သာယာဈေးတွင် ဆောင်ရွက်ခဲ့သည်။

ဖြန့်ဝေ

အဆိုပါ အသိပညာပေးဆိုင်းဘုတ်ကို ဈေးအရှေ့တွင်စိုက်ထူခြင်း၊ ဈေးအတွင်း ဈေးရောင်းချသူ၊ ဈေးဝယ်လာသူများသို့ ငါးစားသုံးခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို သိရှိနိုင်စေရန် ပညာပေးလက်ကမ်းစာစောင်များကို မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးညီညီလင်းထွဋ်နှင့် ဝန်ထမ်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြသည်။

သတင်းစဉ်

ဆရာ ဟံသာဝတီဦးဝင်းတင်နှင့် ပုံနှိပ်သတင်းစာပညာ

မောင်ဖေလှိုင်

"ဆရာဦးဝင်းတင်ဟာ နိုင်ငံရေးသမားထက် သတင်းစာသမား စိတ်ဓာတ်ပိုကြီးသူ ဖြစ်တယ်။

နိုင်ငံရေးသမားရဲ့ အရည်အသွေးနဲ့ အမူအကျင့် ဝလေ့စရိုက်တွေ သူ့ထံမှာ မထင်ရှား၊ မပီပြင်ဘူး။

သတင်းသမား၊ စာသမား၊ အသိပညာသမားရဲ့ အရည်အသွေးနဲ့ အတွေ့အကြုံ အမူအကျင့်များသာ ထင်ရှားပီပြင်တယ်"။

အထက်ပါစာစုမှာ ဆရာဖေမြင့် (ယခုပြည်ထောင်စုဝန်ကြီး) ၏ ၂၀၁၄ ခုနှစ် ဧပြီလ ၂၁ ရက်နေ့စွဲဖြင့် ရေးသားခဲ့ဖူးသော 'နိုင်ငံရေးလောကထဲဖြတ်သန်းခဲ့တဲ့ သတင်းစာသမား' ခေါင်းစဉ်အောက်၌ နိဒါန်းပြုဖော်ပြထားသော စာပိုဒ်များ ဖြစ်ပါသည်။

ဟံသာဝတီဦးဝင်းတင်သည် ကနဦးကာလ ကြေးမုံသတင်းစာ၏ အယ်ဒီတာ အဖွဲ့ဝင်တစ်ဦး ဖြစ်ခဲ့ပါသည်။ သတင်းစာသမားအဖြစ် လူသိများ ထင်ရှားခဲ့သည်။ 'ကွီ' ဘာသာပြန်စာအုပ်သည် ဆရာ၏ ကနဦး လက်ရာများအနက် ထင်ရှားသော စာအုပ်တစ်အုပ် ဖြစ်ခဲ့ပါ၏။

သတင်းစာဆရာကြီး ဂျာနယ်ကျော်ဦးချစ်မောင်ကိုယ်တိုင် နှစ်ခြိုက်ခဲ့သော သတင်းလောက နောက်ခံစာအုပ် ဖြစ်ပါသည်။ မူရင်းစာအုပ်ရေးသူမှာ HENERY SYDNOR HARRISON ဖြစ်ပြီး "QUEED" ဟုပင် အမည်ပေးထားခဲ့ပါသည်။

ဂျာနယ်ကျော်ဦးချစ်မောင်၏ ဇနီးဖြစ်သူ ဂျာနယ်ကျော်မမလေးက ဆရာ ဗန်းမော်တင်အောင်အား ဘာသာပြန်ဆိုရန် တိုက်တွန်းခဲ့သော်လည်း မပြန်ဆိုဖြစ်ခဲ့ဘဲ ဆရာဦးဝင်းတင်က ပြန်ဆိုခဲ့ရာ၌ ထင်ရှားကျော်ကြားလူသိများခဲ့ပါသည်။ သတင်းသမားစစ်စစ်ဖြစ်သော ဆရာ၏မြန်မာမှုပြုကာ ပြန်ဆိုခဲ့သောစာစုသည် စာဖတ်သူအတွက် စွဲမက်နှစ်ခြိုက်ကာ အကြိမ်ကြိမ် အခါခါပင် ဖတ်ရှုလိုစိတ်ဖြစ်ပေါ်ရပါ၏။

ဤဝတ္ထု၏ အဓိက ဇာတ်ကောင်နှစ်ဦးတို့မှာ လူထူးလူဆန်းသတင်းစာဆရာ 'ကွီ'နှင့် ရှာလီဝေလင် ခေါ် မိန်းမပျိုတို့၏ အချစ်ဖွဲ့ဇာတ်လမ်းပင် ဖြစ်ပါသည်။

ဇာတ်လမ်းအရ 'ကွီ' သည် စာဖတ်နာသူတစ်ဦး ဖြစ်သည်။ ၎င်းသည် စာကြည့်တိုက်ခန်းမတစ်ခုအတွင်း ဝင်သွားခဲ့ရာ၌ ပါမောက္ခအိုကြီးနှင့် ဆုံတွေ့ခဲ့ကြသည်။ ပါမောက္ခအိုကြီးက 'ကွီ' ကို စပင်ဆာ၊ ဟတ်ဇလေ၊ ဒါဝင်၊ မီးလ်၊ ဂွန်ဖစ်၊ အဒမ်စမစ်၊ ဟင်နရီမိန်းတို့၏ နိုင်ငံရေး၊ ဒဿန၊ သိပ္ပံပညာရှင်များ၏ ကျမ်းစာအုပ်များကို လက်ညှိုးထိုးကာ ဖတ်ဖူးသလားဟု မေးခဲ့ပါ၏။ 'အကုန်ဖတ်ဖူးတယ်' ဟု 'ကွီ'က မဆိုင်းမတွ ပြန်ဖြေခဲ့ပါ၏။

သတင်းစာသမားသည် ခေတ်စနစ်၏ မူဝါဒ၊ မိမိလုပ်ကိုင်သော သတင်းစာ၏ မူဝါဒတို့အပေါ် ရပ်တည်၍ သတင်းထောက်လှမ်းခြင်း၊ တည်းဖြတ်ခြင်း စသော သတင်းစာလုပ်ငန်းများကို လုပ်ကိုင်ကြရမည်။

ယင်းကဲ့သို့ လုပ်ဆောင်ရာ၌လည်း သတင်းစာသည် လူဖတ်ရန် ထုတ်ဝေခြင်းဖြစ်ရာ လူမဖတ်ပါက အကြောင်းမထူးဆိုသော သဘောမျိုး လွှမ်းမိုးတတ်ကြောင်း၊ ထိုအခါ သတင်းဦးတည်ချက်သည် ရောင်းပန်းလှရေးဘက်သို့ ရောက်သွားတတ်ပါကြောင်း ဆရာဦးဝင်းတင်က ထောက်ပြထား။

ရှာလီဝေလင်သည် ထက်မြက်သော အမျိုးသမီးတစ်ဦး၊ အများအကျိုးဆောင်လိုသူ၊ အမျိုးသားများနှင့် ရင်ပေါင်တန်းလိုသူ အမျိုးသမီးဖြစ်သည်။

ဂျာနယ်ကျော်ဦးချစ်မောင်အပေါ်၌ 'ကွီ' ၏ အတွေးအမြင်ရှိသကဲ့သို့ ဂျာနယ်ကျော်မမလေးသည်လည်း ရှာလီဝေလင်၏ ပုံစံအရိပ်ထိုးခဲ့ကြောင်း ဆရာမြသန်းတင့်က သုံးသပ်ဖော်ပြထားပါ၏။

ရှာလီဝေလင်၏ "သေနေတဲ့သတင်းစာဟာ တစ်ကမ္ဘာလုံးမှာ၊ ဘယ်မှာဖြစ်ဖြစ် အသုံးမကျဘူး။ အသက်ဝင်လှုပ်ရှားနေတဲ့ သတင်းစာကောင်းကိုပဲ ပရိသတ်ဖတ်ချင်တာ။ နည်းနည်းကောင်းရမယ်၊ ပိုပြီးပေါ့ပါးရမယ်၊ အဖိုးတန်အချက်အလက်နဲ့ ရင့်ကျက်တဲ့ အဆုံးအဖြတ်တွေကို ပေးစွမ်းနိုင်ရမယ်" ဟူသော ရှာလီ၏ ယင်းစကားစုက 'ကွီ' အပေါ် အတွေးကျယ်၊ အမြင်ဆန်းစေခဲ့တော့သည်။

ဤသည်မှာ ဆရာဦးဝင်းတင်၏ ဘာသာပြန်လက်ရာမှ အနှစ်သာရဖတ်၊ မှတ်စရာ အချို့သာဖြစ်ပါ၏။

ဆရာ၏ 'သတင်းစာသမားမှ စာဖတ်သူသို့' စာစု၌ 'သတင်းစာသည် သတင်း မဟုတ်ပါ။ ထို့ကြောင့် သတင်းစာအကြောင်း၊ သတင်းစာသမားအကြောင်းကို သတင်းစာထဲတွင် အခါခပ်သိမ်း မဖော်ပြပါ။ အခြား အဖွဲ့အစည်းများ၊ အခြားလူပုဂ္ဂိုလ်များကဲ့သို့ပင် သတင်းဖြစ်သည့် ဖြစ်ရပ်လုပ်ရပ်ရှိမှ



သတင်းစာတွင် ဖော်ပြပါသည်' ဟူ၍ ပြည့်ညွှန်ဖော်ပြထားပါသည်။

ကမ္ဘာကျော် သမိုင်းပါရဂူကြီးဖြစ်သူ ပါမောက္ခတွမ်းဗီး (Prof. Tyobee) ကလည်း "သတင်းစာဟူသည် အသိဉာဏ်ပွင့်လင်းမှုများ စီးဆင်းရာ သန့်စင်ကြည်လင်သော မြစ်ကြီးပမာဖြစ်ကြောင်း" ပမာပြုထားပြီး ယင်းကဲ့သို့ သန့်စင်သောမြစ်ကြီးအား ညစ်ညမ်းစေသူများကိုလည်း ရှုတ်ချခဲ့ပါ၏။

သတင်းစာသမားဟု ဆိုရာ၌ အယ်ဒီတာ၊ သတင်းထောက်၊ ဆောင်းပါးရှင်၊ စာပြင်ဆရာ စသူတို့ကို ခြုံငုံခေါ်ဆိုကြောင်း ဆရာက ဖော်ပြခဲ့သည်။ (မှတ်ချက်။ အွန်လိုင်းမီဒီယာသမားများပင် အကျုံးဝင်လာခဲ့ပါ၏)

သတင်းစာ၏ မူဝါဒသဘောထားကို ထင်ဟပ်သောခေါင်းကြီးပိုင်း (အယ်ဒီတာ့ အာဘော်) ကို စာရေးသူက ရေးရသည်။ ကမ္ဘာနှင့်အဝှမ်း ဖြစ်ပျက်နေသည့် သတင်းများကို စုဆောင်းသူက စုဆောင်း၊ ရေးသား၊ ပြင်ဆင်၊ တည်းဖြတ်ကြရ၍ သတင်းခေတ်ပုံအဖြစ် မှတ်တမ်းဖော်ပြသူက ရိုက်ကူးဆောင်ရွက်ရကြောင်း ဆရာက ဖော်ပြထားပါ၏။

ဆက်လက်၍ ဆရာက "ယေဘုယျအားဖြင့် သတင်းစာသမား၏ အဘိဓမ္မာ သဘောထားနှင့် ခံယူချက်သည် အခြားသတင်းစာဆရာကြီးများ၊ ပညာရှင်များ၏ မိန့်ဆိုချက်တို့နှင့် များစွာကွဲလွဲမှုမရှိပါ။ ပြည်သူ့အပေါ် လှုံ့ဆော်ပညာပေးမည်၊ အစွဲအာဃာတကင်းကင်း သတင်းရေးမည်၊ ပုဂ္ဂလဓိဋ္ဌာန် မဖက်၊ ဓမ္မဓိဋ္ဌာန်သက်သက်ဖြင့် အမှန်ဘက်က ရပ်တည်မည်။ လူ့ဘောင်သမိုင်းကို ထင်ဟပ်၍ ခေတ်သမိုင်းကို မှတ်တမ်းတင်ပြီး ပြည်သူတို့၏ အာဘော်၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့အသံကို ထင်ဟပ်ဖော်ထုတ်မည်ဟူသော ခံယူချက်၊ အဘိဓမ္မာကို ဖော်ညွှန်း ပြဆိုထားပါသည်။

ထို့ပြင် ''သတင်းစာသမားသည် ခေတ်စနစ်၏ မူဝါဒ၊ မိမိလုပ်ကိုင်သော သတင်းစာ၏ မူဝါဒတို့အပေါ် ရပ်တည်၍ သတင်းထောက်လှမ်းခြင်း၊ တည်းဖြတ်ခြင်း စသောသတင်းစာလုပ်ငန်းများကို လုပ်ကိုင်ကြရမည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ လုပ်ဆောင်ရာ၌လည်း သတင်းစာသည် လူဖတ်ရန် ထုတ်ဝေခြင်းဖြစ်ရာ လူမဖတ်ပါက အကြောင်းမထူးဆိုသောသဘောမျိုး လွှမ်းမိုးတတ်ကြောင်း၊ ထိုအခါ သတင်းဦးတည်ချက်သည် ရောင်းပန်းလှရေးဘက်သို့ ရောက်သွားတတ်ပါကြောင်း ဆရာဦးဝင်းတင်က ထောက်ပြထားပါ၏။

ဆရာကြီး ဟံသာဝတီဦးဝင်းတင်သည် ပုဂ္ဂလိကသတင်းစာခေတ်ကို ဖြတ်သန်းခဲ့သူ သတင်းစာဆရာကြီး ဖြစ်သကဲ့သို့ နိုင်ငံပိုင်သတင်းစာကိုလည်း ဟံသာဝတီသတင်းစာ အယ်ဒီတာချုပ်အဖြစ် မန္တလေးမြို့၌ လျှမ်းလျှမ်းတောက်အောင်မြင်ရန် ဦးစီးပဲ့ကိုင်နိုင်ခဲ့သော ရဲရဲတောက် သတင်းစာဆရာတစ်ဦးအဖြစ် စာဖတ်ပရိသတ်က လေးစားစံပြုရသူ ပုဂ္ဂိုလ်လည်းဖြစ်ပါသည်။

ဆရာက မျိုးဆက်သစ်သတင်းသမားတို့အတွက် သတင်းစာသမားသည် စာဖတ်ပရိသတ်များအတွက် သတင်းကို စုဆောင်းတင်ပြကြရန်၊ သတင်းဦးအောင်၊ ထူးအောင် ၊ မှန်ကန်တိကျ ပြည့်စုံအောင်လည်း တည်းဖြတ်ကြရန်၊ တစ်ဖက်တွင်လည်း ဖြစ်စဉ်ဖြစ်ရပ်များအပေါ် စောကြောသုံးသပ်၊ ပြည်သူ့ထင်မြင်ချက် အလေးထားရန်၊ နည်းမျိုးစုံဖြင့် ဖော်ထုတ်ရန်ကိုလည်း ညွှန်ပြသွားခဲ့ပါ၏။

ဤသည်တို့မှာ ဟံသာဝတီဦးဝင်းတင်၏ ပုံနှိပ်သတင်းစာများနှင့် စပ်လျဉ်း၍ ဝေဖန်၊ အကြံပြု၊ တိုက်တွန်းချက် အချို့ကို ဝေမျှလိုက်ခြင်းသာ ဖြစ်ပါ၏။

ဆရာသည် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ဇာတိဖြစ်၍ ၁၉၃၀ ပြည့်နှစ် မတ်လ ၁၂ ရက်နေ့၌ မွေးဖွားခဲ့သူဖြစ်ပါသည်။ ဝင်းတင်အမည်အပြင် ပေါ်သစ်၊ မောင်ဝန်ဇင်း၊ ပုညာ၊ အယ်ဒီတာတစ်ဦး စသည့်ကလောင်ခွဲများဖြင့်လည်း ဆောင်းပါး၊ စာအုပ်များ ရေးသားခဲ့ကာ ပန်းချီအနုပညာနှင့်ပတ်သက်၍ ကြေးမုံသတင်းစာ၌ 'ပေါ်သစ်' ကလောင်အမည်ဖြင့် ရေးသားခဲ့သော ဆောင်းပါးများမှာ ကျော်ကြားလှပါ၏။

၂၀၁၄ ခုနှစ် ဧပြီလ ၂၁ ရက် နံနက် ၆ နာရီခွဲက ဆရာကွယ်လွန်ခဲ့ပေရာ



လွန်ခဲ့သော ဧပြီလ ၂၁ ရက်နေ့တွင် ဆရာကွယ်လွန်ခဲ့သည်မှာ ခြောက်နှစ်ရှိခဲ့ပေပြီ။

ဆရာ့အပေါ် "သတင်းစာဆရာဘဝမှာ သစ္စာနှံခဲ့သော စာပေအနုပညာရှင် နိုင်ငံရေးသမားကြီး" အဖြစ် မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂ ဗဟိုအမှုဆောင်များက မော်ကွန်းထိုး ဂုဏ်ပြုထားခဲ့ပါ၏။

ဆရာဦးဝင်းတင်သည် ရဲရဲတောက်သတင်းစာဆရာကြီးတစ်ဦးအဖြစ် ကြံ့ကြံ့ခံ ရပ်တည်ခဲ့သူဖြစ်သည်။ အာဏာရှင်တို့အား ဒူးမထောက် လက်မမြှောက်သော စံပြပုဂ္ဂိုလ်အဖြစ် နေထိုင်ကျင့်ကြံ ပြသခဲ့သူဖြစ်ပါသည်။

အထူးသဖြင့် သတင်းသမားတို့၏ စံထားရာ အာဂသတင်းစာ ဆရာကြီးအဖြစ် အစဉ်ထာဝရတည်ရှိနေမည်မှာ မုချကေန်ဖြစ်ပါကြောင်း။

စာကိုး-

- **ဟံသာဝတီ ဦးဝင်းတင်၏ စာပေမွေ့လျော်မှုပျိုးထောင်ခြင်း။**
- **ဝင်းတင်- 'ကွီ'**
- **ဂျာနယ်ကျော်မမလေး၏'သူလိုလူ'**
- **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင် သတင်းစာဆရာ၊ စာရေးဆရာကြီး ဟံသာဝတီဦးဝင်းတင် (၁၉၃၀-၂၀၁၄)**

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပွားသည့် စိန်ခေါ်မှုများကို အိန္ဒိယနှင့် လာအိုဝန်ကြီးချုပ်တို့ ဖုန်းဖြင့် ဆွေးနွေး

နယူးဒေလီ ဇွန် ၁၃

အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီသည် ကိုဗစ်-၁၉ ရောဂါ အကျပ်အတည်းကြောင့်ဖြစ်ပွားသည့် ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများနှင့်ပတ်သက်၍ လာအိုဝန်ကြီးချုပ် ဒေါက်တာထောင်လွန်းဆီဆုလစ်နှင့် ဖုန်းမှတစ်ဆင့် ယနေ့ဆွေးနွေးခဲ့သည်။

ဖုန်းပြောဆိုမှုအတွင်း ခေါင်းဆောင်နှစ်ဦးက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်ဖြစ်ပွားသည့် ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ လာအိုနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုတားဆီးရန် လာအိုအစိုးရလုပ်ဆောင်ခဲ့သည့် ထိရောက်သော အစီအမံများကို ဝန်ကြီးချုပ် မိုဒီက ချီးကျူးခဲ့သည်။ ကိုဗစ်-၁၉ ရောဂါအလွန်ကာလအတွက် ပြင်ဆင်ရာတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် အကောင်းမွန်ဆုံးသော အလေ့အထများ၊ အတွေ့အကြုံများ မျှဝေမှုလိုအပ်ပုံကို ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြသည်။

ဝန်ကြီးချုပ် မိုဒီက လာအိုနိုင်ငံနှင့် အိန္ဒိယနိုင်ငံ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်စပ်မှုများကို မီးမောင်းထိုးပြခဲ့သလို လာအိုနိုင်ငံရှိ ကမ္ဘာ့အမွေအနှစ်နယ်မြေ ဗတ်ဖူးအား ပြန်လည်ထိန်းသိမ်းမှုတွင် ပါဝင်ရခြင်းအတွက် နှစ်ထောင်းအားရဖြစ်ကြောင်း ပြောကြားခဲ့သည်။ လာအိုနိုင်ငံ၏ ဖွံ့ဖြိုးရေးအစီအစဉ်များ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ပညာတော်သင်ဆုများပေးအပ်ခြင်းတို့တွင် အိန္ဒိယနိုင်ငံ၏ ပံ့ပိုးကူညီမှုအတွက် လာအိုဝန်ကြီးချုပ် ဆီဆုလစ်က ဝန်ကြီးချုပ် မိုဒီအား ကျေးဇူးတင်ရှိခဲ့သည်။

ဝန်ကြီးချုပ် မိုဒီကလည်း အိန္ဒိယနိုင်ငံ၏ တန်ဖိုးထားရသော မိတ်ဖက်တစ်နိုင်ငံဖြစ်သည့် လာအိုနိုင်ငံနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်မည့် အိန္ဒိယနိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့သည်။ **ကိုးကား – ပီတီအိုင်၊ ဘာသာပြန် – ကျော်ထိုက်စိုး**

လာအိုဝန်ကြီးချုပ်
ဒေါက်တာထောင်လွန်းဆီဆုလစ်

အိန္ဒိယဝန်ကြီးချုပ်
နာရန်ဒရာမိုဒီ

ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမြင့်တက်လာသည့်အတွက် စိုးရိမ်ပူပန်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူပြောကြား

ဂျီနီဗာ ဇွန် ၁၃

ကမ္ဘာ့တောင်ဘက်ခြမ်းရှိ နိုင်ငံများတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်လာသည့်အတွက် ကမ္ဘာလုံးဆိုင်ရာညီညွတ်မှုကိုရယူပြီး ကပ်ရောဂါဘေးကို ကျော်လွှားရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ယမန်နေ့တွင် တိုက်တွန်းပြောကြားခဲ့သည်။

စိုးရိမ်ပူပန်

ဂျီနီဗာတွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရေးပေါ်ကျန်းမာရေးအစီအစဉ်ဆိုင်ရာ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ မိုက်ကယ်ရိုင်ယန်က ကမ္ဘာ့တောင်ဘက်ခြမ်းရှိနိုင်ငံများတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုများ မြင့်တက်နေသည့်အတွက် မိမိတို့ စိုးရိမ်ပူပန်ကြောင်း ပြောကြားသည်။

ယခုလက်ရှိအချိန်တွင် ကမ္ဘာပေါ်၌ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု ပထမလှိုင်းကို ခံစားနေရပြီး အရှေ့တောင်အာရှ၊ မြောက်အမေရိကနှင့် ဥရောပဒေသတို့တွင် ရောဂါဖြစ်ပွားမှုအခြေအနေမှာ အမြင့်ဆုံးအဆင့်သို့ရောက်ရှိနေသည်ဟု ၎င်းကပြောကြားသည်။

ဒုတိယလှိုင်းရောက်ရှိလာနိုင်

လူမှုအသိုင်းအဝိုင်းများတွင် ခပ်ခွာခွာနေထိုင်သည့် စည်းမျဉ်းကဲ့သို့သော သတ်မှတ်ချက်များကို မလိုက်နာခြင်း၊ ရောဂါစမ်းသပ်စစ်ဆေးမှုများကို အရည်အသွေးပြည့်ဝစွာမဆောင်ရွက်နိုင်ခြင်းနှင့် သံသယလူနာများကို သီးခြားခွဲခြားစောင့်ကြည့်ခြင်းများကို အပြည့်အဝလိုက်နာဆောင်ရွက်ခြင်းမရှိပါက ကိုရိုနာဗိုင်းရပ်စ်ရောဂါသည် ပြန်လည်ခေါင်းထောင်လာမည်ဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အသွားအလာကန့်သတ်မှုများကို ဖြေလျှော့ပေးခြင်းဖြင့် ရောဂါအစုလိုက်အပြုံလိုက်ဖြစ်ပွားမှုများနှင့် မလိုလားအပ်သော ကိုရိုနာဗိုင်းရပ်စ် ဒုတိယလှိုင်းကို ရောက်ရှိလာနိုင်ကြောင်း၊ ပြည်သူများအား မိမိတို့နေအိမ်ထဲတွင်သာ နေထိုင်စေခြင်းနှင့် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုအား နှိမ်နင်းခြင်းတို့ကို ကမ္ဘာပေါ်ရှိ အစိုးရများက နေ့စဉ်နေ့တိုင်း သေချာစွာ ဂရုပြုဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

နှောင့်နှေးသွားမည်

ကျန်းမာရေးနှင့်ပတ်သက်ပြီး လုံလောက်သော ရောဂါရှာဖွေစစ်ဆေးမှုနှင့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ဗဟုသုတများအပြည့်အဝမရှိပါက ရောဂါတိုက်ဖျက်ရေးတွင် နှောင့်နှေးသွားမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် အသွားအလာကန့်သတ်ချက်များကို မည်သည့်သတ်မှတ်ချက်နှင့် အစားထိုးမည်၊ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာဆေးဝါးများ မထုတ်လုပ်နိုင်မီကာလတွင် မည်ကဲ့သို့ဆောင်ရွက်မည်၊ လူထုအတွင်း ကျန်းမာရေးဆိုင်ရာစောင့်ကြည့်မှုကို မည်ကဲ့သို့ဆောင်ရွက်မည်၊ ပြည်သူများအား ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးကို မည်ကဲ့သို့အသိပညာပေးမည်၊ ပြည်သူများ မိမိကိုယ်ကို ရောဂါကာကွယ်နိုင်ရန် မည်ကဲ့သို့ တိုက်တွန်းပြောကြားမလဲဆိုသည့် အချက်များအပေါ်တွင် မေးခွန်းများထုတ်လာနိုင်ကြောင်း ၎င်းကပြောကြားသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် အမေရိကန်ပြီးလျှင် ဘရာဇီးနိုင်ငံ ဒုတိယနေရာတွင် ရပ်တည်

ဘရာဇီးလီးယား ဇွန် ၁၃

ဘရာဇီးနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူအရေအတွက်သည် ဗြိတိန်နိုင်ငံ၏ သေဆုံးသူအရေအတွက်ထက် ကျော်လွန်ပြီး အမေရိကန်ပြီးနောက် ဒုတိယနေရာတွင် ရောက်ရှိခဲ့ပြီဖြစ်သည်။

နိုင်ငံအတွင်းရှိ မြို့အများအပြား၌ စီးပွားရေးလုပ်ငန်းများ ယခုရက်သတ္တပတ်အတွင်း ပြန်လည်လုပ်ကိုင်ခွင့်ပေးခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ မြင့်တက်လာမည်ကို ပြည်သူများက စိုးရိမ်လျက်ရှိသည်။

အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်၏ စစ်တမ်းအရ ဘရာဇီးနိုင်ငံ၏ သေဆုံးမှုအရေအတွက်သည် ဇွန် ၁၃ ရက်အထိ ၄၁၈၂၈ ဦးရှိပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၂၈၈၁၀ ရှိသည်။ ဘရာဇီးနိုင်ငံထက် ကူးစက်မှုနှင့် သေဆုံးမှုနှုန်း ပိုမိုမြင့်မားသည့်နိုင်ငံမှာ အမေရိကန်နိုင်ငံ တစ်နိုင်ငံသာလျှင် ကျန်ရှိတော့သည်။

မတ်လကစပြီး ဆော်ပိုလိုမြို့အပါအဝင် အခြားသောမြို့များ၌ ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်အဖြစ် ပြည်သူများအား နေအိမ်အတွင်း၌သာ နေထိုင်ကြရန် ဒေသန္တရအစိုးရအဖွဲ့များက တိုက်တွန်းခဲ့သည်။ သို့သော် လက်ရှိအချိန်တွင် မြို့အများအပြား၌ ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို ဖြေလျှော့ပေးကာ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၏ ဗိုင်းရပ်စ်ကူးစက်မှုအမြင့်မားဆုံး မြို့ဖြစ်သည့် ဆော်ပိုလိုမြို့တွင် ဈေးဝယ်စင်တာများ ပြန်လည်ဖွင့်လှစ်ခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်မှုနှုန်းများ ဆက်လက်မြင့်တက်လာမည်ကို ပြည်သူများက စိုးရိမ်လျက်ရှိသည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်

လစ်ဗျားနိုင်ငံ၌ အမြဲတမ်း စစ်အခြေစိုက်စခန်းနှစ်ခု တည်ဆောက်ရန် တူရကီ စီစဉ်

အန်ကာရာ ဇွန် ၁၃

ကုလသမဂ္ဂက ကျောထောက်နောက်ခံပြုထားသော အမျိုးသားသဘောတူညီချက်အစိုးရ (GNA)အတွက် ဆက်လက်ပံ့ပိုးမှု တစ်စိတ်တစ်ဒေသအဖြစ် တူရကီနိုင်ငံက လစ်ဗျားနိုင်ငံ၌ အမြဲတမ်း စစ်အခြေစိုက်စခန်းနှစ်ခု တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း တူရကီသတင်းစာ ယာနီဆာဖတ်ခ်က စစ်ဘက်သတင်းအရင်းအမြစ်များကို ကိုးကား၍ ဖော်ပြခဲ့သည်။

အဆိုပါသတင်းစာ၏ ဖော်ပြချက်အရ လေကြောင်းရန် ကာကွယ်ရေးစနစ်များ၊ တိုက်ခိုက်ရေးသုံးဒရုန်းများ တပ်စွဲထားရန်၊ မကြာသေးမီက ပြန်လည်သိမ်းပိုက်ခဲ့သည့် အယ်လ်ဝါတီယာ လေတပ်အခြေစိုက်စခန်းကို တူရကီတပ်မတော်အား အသုံးပြုခွင့်ပေးရန် လစ်ဗျား အမျိုးသားသဘောတူညီချက်အစိုးရ (GNA)က စဉ်းစားနေသည်ဟု သိရသည်။ အမျိုးသားသဘောတူညီချက်အစိုးရ(GNA) တပ်ဖွဲ့များက အဆိုပါလေတပ်အခြေစိုက်စခန်းကို မေ ၁၈ ရက်က ပြိုင်ဘက် လစ်ဗျား အမျိုးသားတပ်မတော်(LNA)ထံမှ ပြန်လည်သိမ်းပိုက်ခဲ့သည်။ ဒုတိယအခြေစိုက်စခန်းကို တူရကီစစ်ရေယာဉ်များအတွက် မစ်ရာတာ ဆိပ်ကမ်းမြို့၌ တည်ဆောက်မည်ဟု ဆိုသည်။

တူရကီနိုင်ငံက လစ်ဗျားနိုင်ငံ အထူးသီးသန့်စီးပွားရေးဇုန်တွင် အခြေစိုက်သော ကမ်းလွန်ရေနံကုမ္ပဏီများအတွက် ပူးတွဲပိုင်ရှင်နိုင်ငံတစ်ခု ဖြစ်လာဖွယ်ရှိရာ ရေနံတူးဖော်ရေးလုပ်ငန်းများကို စောင့်ကြည့်ရန် တူရကီစစ်သင်္ဘောများကို လိုအပ်လာမည်ဟု အဆိုပါသတင်းစာက ဖော်ပြခဲ့သည်။ ဂရိနိုင်ငံနှင့် တင်းမာမှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် ဒေသတွင်း၌ စစ်သင်္ဘောများဖြန့်ကြက်ရန် လိုအပ်မည်ဟု တူရကီနိုင်ငံက ယုံကြည်သည်။ ၂၀၁၉ ခုနှစ်နှောင်းပိုင်းတွင် အကူအညီပေးရန် မေတ္တာရပ်ခံချက်တစ်ခု ပြုလုပ်ခဲ့ပြီးနောက်ပိုင်း တူရကီနိုင်ငံက အမျိုးသားသဘောတူညီချက်အစိုးရ(GNA)သို့ စစ်ရေးအကူအညီများ ပေးခဲ့သည်။

အမျိုးသားသဘောတူညီချက် အစိုးရ(GNA)တပ်ဖွဲ့များက ထရီပိုလီမြို့တော် ဆင်ခြေဖုံးဒေသတွင် ပြုလုပ်ခဲ့သော တန်ပြန်ထိုးစစ်ဆင်မှုတစ်ခုအတွင်း သိသာသော အောင်မြင်မှုများရရှိခဲ့ပြီး မကြာသေးမီ သီတင်းပတ်များအတွင်း လစ်ဗျားအမျိုးသားတပ်မတော်(LNA) ထံမှ ပိုင်နက်နယ်မြေများ ပြန်လည်သိမ်းပိုက်ခဲ့သည်။ လစ်ဗျားနိုင်ငံတွင် အကြမ်းဖက်မှုများ အရှိန်ပြင်းထန်လာပြီး တစ်ကမ္ဘာလုံးတွင် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားမှု ဆိုးရွားလာပြီးနောက် အမျိုးသားသဘောတူညီချက်အစိုးရ(GNA)နှင့် လစ်ဗျားအမျိုးသားတပ်မတော်(LNA) မှ ကိုယ်စားလှယ်ငါးဦးစီ တက်ရောက်ရသော ဗီဒီယိုကွန်ဖရင့်တစ်ခု ကျင်းပခဲ့သည်။

ထို့ပြင် လစ်ဗျားနိုင်ငံ၌ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်တစ်ရပ် ရရှိစေရန်ရည်ရွယ်သည့် ကုလသမဂ္ဂဦးဆောင်သော ဆွေးနွေးမှုများ ယခုသီတင်းပတ်အတွင်း ပြန်လည်စတင်ခဲ့သည်။

ကိုးကား – အယ်မာစ်ဒါနယူးစ်
ဘာသာပြန် – ကျော်ထိုက်စိုး

အီတလီအစိုးရရှေ့နေများက ဗိုင်းရပ်စ်အရေး တုံ့ပြန်မှုနှင့်ပတ်သက်၍ ဝန်ကြီးချုပ် ကွန်တီကို စစ်ဆေးမေးမြန်း

ရောမ ဇွန် ၁၃

အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီက နိုင်ငံတစ်ဝန်းလူပေါင်း ၃၄၀၀၀ ခန့် သေဆုံးခဲ့သည့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုအပေါ် အစိုးရ၏ ကနဦးတုံ့ပြန်မှုနှင့်ပတ်သက်၍ အစိုးရရှေ့နေများ၏ မေးခွန်းများကို ဖြေကြားခဲ့ရကြောင်း သိရသည်။

ဘာဂါမိုအပါအဝင် လွမ်ဘာဒီမြောက်ပိုင်းဒေသမှာ အီတလီနိုင်ငံတွင် ဖေဖော်ဝါရီလနှောင်းပိုင်းက စတင်ခဲ့သည့် ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားရာဒေသဖြစ်ခဲ့ပြီး အဆိုပါဗိုင်းရပ်စ်ဘေးအသင့်ဆုံး ဒေသတစ်ခု ဖြစ်နေဆဲဖြစ်သည်။ အီတလီအာဏာပိုင်များက လွမ်ဘာဒီဒေသရှိ မြို့ ၁၀ မြို့ကို မြန်ဆန်စွာ ကန့်သတ်ပိတ်ဆို့ခဲ့သော်လည်း ဘာဂါမိုပြည်နယ်ကို ချက်ချင်းမပိတ်ခဲ့ပေ။ အစိုးရက ကိုရိုနာဗိုင်းရပ်စ်တုံ့ပြန်မှုဆောင်ရွက်ရန် နှေးကွေးမှုရှိခဲ့သည်ဟု အဆိုပါဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့သူများ၏ မိသားစုဝင်များက ပြောကြားသည်။

ထိုသို့ အစိုးရ၏ ကိုင်တွယ်ရန်နှေးကွေးမှုက ဗိုင်းရပ်စ်ကိုပျံ့နှံ့စေပြီး လူ့အသက်ပေါင်းများစွာ သေဆုံးစေခဲ့ကြောင်း ၎င်းတို့က ပြောသည်။

ဘာဂါမိုပြည်နယ်မှ အစိုးရရှေ့နေများက ဒေသဆိုင်ရာအစိုးရများ၏ ဗိုင်းရပ်စ်တုံ့ပြန်မှုနှင့်ပတ်သက်၍ ကနဦးစုံစမ်းစစ်ဆေးမှုတစ်ရပ် စတင်ခဲ့သည်။ အစိုးရရှေ့နေများက ဝန်ကြီးချုပ် ကွန်တီကို သုံးနာရီကြာ စစ်ဆေးမေးမြန်းရန် ယမန်နေ့က ရောမမြို့တော်သို့ သွားရောက်ခဲ့သည်။ အစိုးရရှေ့နေများကို သိသမျှ ပြောပြမည်ဖြစ်ပြီး စိုးရိမ်ပူပန်မှုမရှိဟု ဝန်ကြီးချုပ် ကွန်တီက ဇွန် ၁၀ ရက်တွင် သတင်းထောက်များသို့ ပြောကြားခဲ့သည်။

အစိုးရရှေ့နေများက အီတလီအစိုးရအဖွဲ့ဝင်များနှင့် လွမ်ဘာဒီဒေသန္တရအစိုးရအဖွဲ့ အကြီးအကဲတို့ကိုလည်း မေးမြန်းခဲ့သေးကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - ကျော်ထိုက်စိုး

တရုတ်နိုင်ငံ၌ လောင်စာဆီတင်ယာဉ် ပေါက်ကွဲ ၁၀ ဦးထက်မနည်းသေဆုံး၊ ၁၁၇ ဦးဒဏ်ရာရရှိ

ဟန်ကျိုး ဇွန် ၁၃

တရုတ်နိုင်ငံအရှေ့ဘက် ရှဲကျန်းပြည်နယ်ရှိ အမြန်လမ်းမကြီးတစ်ခုပေါ်တွင် ယနေ့ ညနေပိုင်းက လောင်စာဆီတင်ယာဉ်တစ်စီး ပေါက်ကွဲခဲ့ရာ ၁၀ ဦးထက်မနည်း သေဆုံးပြီး ၁၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

အဆိုပါ လောင်စာဆီတင်ယာဉ်သည် ရှဲကျန်းပြည်နယ် လီယံရှမ်းကျေးရွာအနီးတွင် ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၄၀ ခန့်က ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ လောင်စာဆီတင်ယာဉ်သည် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် လမ်းချော်သွားကာ ရှန်ယန်- ဟိုင်ကောင် အဝေးပြေးလမ်းမတစ်လျှောက် အခင်းဖြစ်ပွားသည့် နေရာနှင့် အနီးဝန်းကျင်ရှိ လူနေအိမ်များနှင့် စက်ရုံ၊ အလုပ်ရုံအများအပြားကို ထိခိုက်သွားခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။ လောင်စာဆီတင်ယာဉ် ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူဦးရေ များပြားသဖြင့် သေဆုံးသူဦးရေလည်း ထပ်တိုးလာဖွယ်ရှိကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

ပြင်သစ်သမ္မတ မက်ခရွန်နှင့် အီဂျစ်သမ္မတ အယ်လ်စီစီ။

လစ်ဗျားအရေး အီဂျစ်နှင့် ပြင်သစ်သမ္မတတို့ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

ကိုင်ရို ဇွန် ၁၃

အီဂျစ်သမ္မတ အယ်လ်စီစီနှင့် ပြင်သစ်သမ္မတ မက်ခရွန်တို့သည် စစ်မက်ဖြစ်ပွားရာ လစ်ဗျားနိုင်ငံအတွင်း နောက်ဆုံးအခြေအနေနှင့်ပတ်သက်၍ ယမန်နေ့က တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆက်သွယ်ဆွေးနွေးစဉ် အီဂျစ်သမ္မတအယ်လ်စီစီက အီဂျစ်အစိုးရမှ ကမကထပြုသော ကိုင်ရိုပဏာမ ကြေညာချက် မူဘောင်နှင့်အညီ လစ်ဗျားနိုင်ငံအတွင်း နိုင်ငံရေးအရ ငြိမ်းချမ်းသော အဖြေတစ်ခုရရှိရေးအတွက် အီဂျစ်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုနှင့်ပတ်သက်၍ ပြင်သစ်သမ္မတ မက်ခရွန်အား ရှင်းလင်းပြောကြားခဲ့ကြောင်း အီဂျစ်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဘာဆမ်ရာဒီက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

သမ္မတအယ်လ်စီစီသည် လစ်ဗျားနိုင်ငံအရှေ့ဘက် အခြေစိုက် ခါလီဖာဟက်ဖ်တာနှင့် လစ်ဗျားနိုင်ငံအရှေ့ဘက် တိုဘရုခ်ဆိပ်ကမ်းမြို့အခြေစိုက် လွှတ်တော်ဥက္ကဋ္ဌ အာကွီလာစာလေတို့နှင့်အတူ အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ ပြုလုပ်သော အစည်းအဝေးတစ်ရပ်အပြီးတွင် ကိုင်ရိုပဏာမ ကြေညာချက်ကို ကြေညာခဲ့ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် ပြင်သစ်သမ္မတ မက်ခရွန်က ကိုင်ရိုပဏာမ ကြေညာချက်ကို ကြိုဆိုပြီး လစ်ဗျားနိုင်ငံအတွင်း ပဋိပက္ခကိုင်တွယ်ဖြေရှင်းရေးအတွက် အရေးကြီးပုံကို အလေးထားပြောကြားခဲ့ကြောင်း သိရသည်။

ကိုင်ရိုကြေညာချက်သည် လစ်ဗျားနိုင်ငံနှင့် ဆက်စပ်သည့် ကုလသမဂ္ဂဆုံးဖြတ်ချက်နှင့် လစ်ဗျားပဋိပက္ခ အဆုံးသတ်ရေးအတွက် နိုင်ငံတကာ၏ ကြိုးပမ်းမှုများနှင့် ကိုက်ညီသည်ဟု ပြောကြားခဲ့ပြီး ရေနံပေါကြွယ်သော လစ်ဗျားနိုင်ငံအတွင်းရှိ ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းရန် အီဂျစ်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုအပေါ် ချီးကျူးခဲ့ကြောင်း သိရသည်။

ထို့ပြင် နှစ်နိုင်ငံခေါင်းဆောင်တို့သည် ကိုင်ရိုပဏာမကြေညာချက် အကောင်အထည်ဖော်ရေးအတွက် နှစ်ဖက်အကြား ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန် သဘောတူခဲ့ကြသလို အကြမ်းဖက်မှုနှင့် လက်နက်ကိုင်စစ်သွေးကြွအုပ်စုတိုက်ဖျက်ရေးနယ်ပယ်၌ ဟက်ဖ်တာအဖွဲ့အား ထောက်ခံအားပေးကြရန်လည်း ကတိကဝတ်ပြုခဲ့ကြကြောင်း သိရသည်။

အယ်လ်စီစီနှင့် မက်ခရွန်တို့သည် နှစ်နိုင်ငံဆက်ဆံရေး အထူးသဖြင့် စစ်ဘက်နှင့် လုံခြုံရေးအဆင့် မဟာဗျူဟာဆက်ဆံရေး တိုးမြှင့်ရေးအတွက် ဆွေးနွေးခဲ့ကြသလို နယ်ပယ်အသီးသီး၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် ဆက်ဆံရေးတိုးမြှင့်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်ကြရန် အလေးထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ



ကနေဒါနိုင်ငံရှိ လေဆိပ်များ၌ ကိုယ်အပူချိန်စစ်ဆေးခြင်း ဆက်လက်ဆောင်ရွက်မည်

အော့တဝါ ဇွန် ၁၃

ကနေဒါနိုင်ငံရှိလေဆိပ်များတွင် ခရီးသည်များနှင့် လေဆိပ်ဝန်ထမ်းများအား ကိုယ်အပူချိန်စစ်ဆေးမည့် အစီအစဉ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုးက ယမန်နေ့က ကြေညာခဲ့သည်။

ကိုယ်အပူချိန်မြင့်တက်နေသည့် ခရီးသည်ကို လေယာဉ်စီးခွင့်ပြုမှာမဟုတ်ကြောင်း ထရူးဒိုးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကိုယ်အပူချိန်စစ်ဆေးခြင်း ဆောင်ရွက်ရမည့်သူများမှာ ကနေဒါနိုင်ငံသို့လာရောက်သည့် ခရီးသည်များ၊ ကနေဒါနိုင်ငံမှ ခရီးထွက်ခွာမည့်သူများ၊ ကနေဒါနိုင်ငံအတွင်း ခရီးသွားမည့်သူများနှင့် လေဆိပ်ဝန်ထမ်းများ ပါဝင်သည်။

ကနေဒါလေကြောင်းလိုင်းများအနေဖြင့် ပြီးခဲ့သောလများအတွင်း လေဆိပ်များတွင် ခရီးသည်များနှင့် လေယာဉ်ဝန်ထမ်းများအား ကိုယ်အပူချိန်စစ်ဆေးခြင်းနှင့် နှာခေါင်းစည်းများ ဝတ်ဆင်စေခြင်းတို့ကို ဆောင်ရွက်စေခဲ့သည်။ ထို့ပြင် ခပ်ခွာခွာနေထိုင်ခြင်း စည်းမျဉ်းများကိုလည်း လိုက်နာဆောင်ရွက်စေခဲ့သည်။

လူထုအား ဘေးကင်းလုံခြုံမှုရှိစေရန် ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ထရူးဒိုးက ပြောကြားသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- စိုးသူရ

နယူးဇီလန်၌ ၂၂ ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ထပ်မံတွေ့ရှိခြင်းမရှိ

ဝဲလ်လင်တန် ဇွန် ၁၃

နယူးဇီလန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ နောက်ဆုံးလူနာတွေ့ရှိခဲ့ချိန်ကတည်းက ၂၂ ရက်အတွင်း ရောဂါကူးစက်ခံရသူ ထပ်မံတွေ့ရှိခြင်းမရှိကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

လက်ရှိအချိန်အထိ နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၀၄ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ နယူးဇီလန်၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်မှု မရှိသည်မှာ ယခုအခါ ၂၂ ရက်ထဲ ဝင်လာပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၄၈၂ ဦးသည် ရောဂါကင်းစင်ပြီး ဆေးရုံများနှင့် ဆေးခန်းများမှ ပြန်ဆင်းခဲ့ကြသည်။ သို့သော် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၂ ဦး ရှိခဲ့ကြောင်း သိရသည်။

နယူးဇီလန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ရာ ဇွန် ၁၂ ရက်အထိ လူ ၅၅၂၀၀၀ ၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အကယ်၍ လာမည့်သီတင်းပတ်အထိ ကိုဗစ်-၁၉ ရောဂါ ထပ်မံစမ်းသပ်တွေ့ရှိခြင်းမရှိခဲ့ပါက နယူးဇီလန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကို နှိမ်နင်းနိုင်ပြီဖြစ်သည်ဟု မှတ်ယူနိုင်ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

နီပေါနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၃ ဦး ထပ်မံတွေ့ရှိ

ခတ္တမန္ဒူ ဇွန် ၁၃

နီပေါနိုင်ငံတွင် ဇွန် ၁၃ ရက်စစ်တမ်းတစ်ရပ်အရ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် နှစ်ဦးထပ်မံသေဆုံးခဲ့ပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၇၃ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နီပေါနိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၃၃၅ ဦးရှိပြီး သေဆုံးသူ ၁၈ ဦးရှိပြီဖြစ်သည်။

အဆိုပါထပ်မံသေဆုံးခဲ့သူနှစ်ဦးမှာ ကလေးငယ်တစ်ဦးနှင့် အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်သည်။ သေဆုံးခဲ့သည့် ငါးနှစ်အရွယ်ကလေးငယ်မှာ ပါဆာခရိုင်ရှိ ဘာဂန်ဂျ်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိပြီး ယမန်နေ့က ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ကျန်းမာရေးနှင့် လူဦးရေဆိုင်ရာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျာဂျီဝါဂွါတမ်က ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

အလားတူ မေ ၃၁ ရက်တွင် နီပေါနိုင်ငံအတွင်း၌ နှစ်နှစ်အရွယ်မိန်းကလေးငယ်တစ်ဦး ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးခဲ့သည်။ အဆိုပါကလေးငယ် သေဆုံးမှုသည် နီပေါနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ပထမဆုံးသော ကလေးငယ်သေဆုံးမှုဖြစ်သည်။

နီပေါနိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးမှုသည် မကြာသေးမီရက်များအတွင်း လျင်မြန်စွာ မြင့်တက်လျက်ရှိသည်။ သို့သော် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်ရန်နှင့် ခရီးသွားလာခွင့်ပိတ်ပင်မှုများကို ဖြေလျှော့ပေးရန် နီပေါအစိုးရက ဇွန် ၁၀ ရက်တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၁၀ ထပ်မံစမ်းသပ်တွေ့ရှိပြီး ၇၁ ဦးသေဆုံး

တီဟီရန် ဇွန် ၁၃

အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၁၀ ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၁၈၄၉၅၅ ဦးရှိလာကြောင်း အီရန်အစိုးရက ယနေ့ပြောကြားသည်။

ထို့အတူ အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၇၁ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၈၇၃၀ ရှိလာကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ စီမာဆာဒတ်လာရီက အတည်ပြုပြောကြားသည်။

သို့သော် လက်ရှိအချိန်အထိ အီရန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၄၆၇၄၈ ဦးသည် ၎င်းတို့၏ ရောဂါမှ ပြန်လည်ကျန်းမာခဲ့ပြီး ဆေးရုံများမှ ပြန်ဆင်းသွားပြီဖြစ်ကြောင်း၊ သို့သော် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၂၇၅၅ ဦးသည် အရေးပေါ်အနေအထားတွင် ရှိနေကြကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အီရန်အစိုးရသည် ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်က နိုင်ငံ၏အလယ်ပိုင်း ကောမ်မြို့တွင် ပထမဆုံး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လူနာတစ်ဦးကို စမ်းသပ်တွေ့ရှိခဲ့ပြီး ထိုအချိန်ကတည်းက ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ နိုင်ငံတစ်ဝန်းတွင် ပြည်သူ ၁၂၁၉၄၀၀ တို့၏ နမူနာကို စမ်းသပ်စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အီရန်နိုင်ငံသည် ကမ္ဘာပေါ်ရှိ ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်ခံစားရသည့် နိုင်ငံများအနက် တစ်နိုင်ငံ အပါအဝင်ဖြစ်ကြောင်း သိရသည်။ အီရန်နှင့် တရုတ်နိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနယ်ပယ်၌ အပြန်အလှန် အကူအညီပေးကြရန် အချင်းချင်း ကမ်းလှမ်းခဲ့ကြကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

အမေရိကန်၏ ခြိမ်းခြောက်မှုများအား ရင်ဆိုင်ရန် စစ်အင်အားတည်ဆောက်နေဟု မြောက်ကိုရီးယားပြောကြား

ပြုံယမ်း ဇွန် ၁၃

အမေရိကန်ပြည်ထောင်စု၏ ရန်လိုသည့်မူဝါဒများ ဆက်လက်လုပ်ဆောင်နေခြင်းအား လက်တုံ့ပြန်ရေးအတွက် နျူကလီးယားလက်နက် စမ်းသပ်မှုများကို ပိုမိုအားကောင်းအောင် လုပ်ဆောင်မည်ဟု မြောက်ကိုရီးယားက ယမန်နေ့တွင် ပြောကြားသည်။

မြောက်ကိုရီးယားနှင့် အမေရိကန်အကြား ပထမဆုံးပြုလုပ်ခဲ့သည့် ထိပ်သီးအစည်းအဝေး နှစ်နှစ်မြောက်နှစ်ပတ်လည်နေ့ဖြစ်သည့် ဇွန် ၁၂ ရက်တွင် မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ရီဆွန်ဂွန်က ထုတ်ပြန်သည့် ကြေညာချက်တွင် ယင်းသို့ ဖော်ပြခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံက အဏုမြူစမ်းသပ်မှုများနှင့် တိုက်ချင်းပစ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်မှုများကို ဆိုင်းငံ့ထားသော်လည်း ရေဒါရှောင်ကွင်းနိုင်သည့် တိုက်လေယာဉ်များနှင့် မောင်းသူမဲ့ကင်းထောက်လေယာဉ်မျိုးကဲ့သို့သော နောက်ဆုံးပေါ် စစ်လက်နက်ပစ္စည်းများအား အမေရိကန်က တောင်ကိုရီးယားကို မိတ်ဆက်ပေးနေကြောင်း ယင်းကြေညာချက်တွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံအတွက် လုံခြုံစိတ်ချရသည့် ဗျူဟာမြောက်ရည်မှန်းချက်သည် အမေရိကန်၏ ကာလရှည် စစ်ရေးခြိမ်းခြောက်နေမှုများအား ရင်ဆိုင်ရန် ပိုမိုယုံကြည်အားထားရသည့် စစ်အင်အား တည်ဆောက်ရန်ပင် ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး၏ ထုတ်ပြန်ကြေညာချက်၌ ဖော်ပြထားသည်။

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် ၂၀၁၈ ခုနှစ် ဇွန် ၁၂ ရက်က စင်ကာပူနိုင်ငံတွင် ပထမဆုံးအကြိမ် တွေ့ဆုံခဲ့ကြပြီး မြောက်ကိုရီးယား၏ အဏုမြူလက်နက်အစီအစဉ်များ ဖျက်သိမ်းရေးကို ဦးတည်လုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်-ဇော်ဝင်း

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၇၇၅၈၆၂၇ ဦး

သေဆုံးသူ ၄၂၈၆၅၂ ဦး

ပြန်လည်ကျန်းမာလာသူ ၃၉၇၅၇၉၆ ဦး

ထိုင်းနိုင်ငံရှိ အပန်းဖြေဥယျာဉ်များကို ဇူလိုင် ၁ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်

ဗန်ကောက် ဇွန် ၁၃

ထိုင်းနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်တားဆီးရေး လုပ်ငန်းစဉ်များကို သုံးလခန့်ချမှတ်ခဲ့ပြီးနောက် ဇူလိုင် ၁ ရက်မှစပြီး အပန်းဖြေဥယျာဉ် ၁၂၇ ခုကို ပြန်လည်ဖွင့်လှစ်ရန် ယနေ့ ခွင့်ပြုခဲ့ကြောင်း ထိုင်းသဘာဝသယံဇာတများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ဆိုသည်။

နိုင်ငံ၏ နာခွန်ရတ်ချာသီမာခရိုင်ရှိ ခါအိုယိုင်ဥယျာဉ် အပါအဝင် ပန်းခြံ ၆၄ ခုတို့ကို ပြန်လည်ဖွင့်လှစ်ရန် အာဏာပိုင်များက ခွင့်ပြုခဲ့သည်။ သို့သော် အဆိုပါခရိုင်အတွင်းရှိ ပန်းခြံ ၂၈ ခုကို ဆက်လက်ပိတ်ပင်ထားမည်ဖြစ်ကြောင်း သိရသည်။

ပန်းခြံများ ပြန်လည်ဖွင့်လှစ်ခွင့်ပြုသော်လည်း ပန်းခြံသို့ လာရောက်အပန်းဖြေကြသည့် ပြည်သူများအနေဖြင့် ဗိုင်းရပ်စ်ကာကွယ်တားဆီးရေး စည်းမျဉ်းများကို မဖြစ်မနေလိုက်နာကြရမည်ဖြစ်သည်။ အကယ်၍ စည်းမျဉ်း၊ စည်းကမ်းများ လိုက်နာမှုမရှိပါက ပန်းခြံများအား ပြန်လည်ပိတ်သိမ်းမည်ဟု ထိုင်းသဘာဝသယံဇာတများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဗာရာဝတ်ဆီပါအာချာက ပြောကြားခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

ကပ်ဘေးကြီး ဆုံးခန်းတိုင်စေ ပြုံးပန်းလှိုင်ဝေ ပြည်သူများ

■ ကိုရင်ဩ

နယူးဒေလီ၌ ပြန်လည်ဖွင့်လှစ်လိုက်သော ဟိန္ဒူဘုရားကျောင်းတစ်ကျောင်းတွင် ဝတ်ပြုကိုးကွယ်သူများ ပျော်ပျော်ပါးပါး ကခုန်ကြစဉ်။

"ဖြေလျှော့မှု ၁ ဒသမ ၀" ဟု အမည်ပေးထားသော ဖြေလျှော့မှုလုပ်ငန်းစဉ်အသစ်အရ အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ကုန်ပဒေသာဈေးဆိုင်ကြီးများ၊ ဘာသာရေးအထွတ်အမြတ်ပြုရာနေရာများ၊ ကုန်ထုတ်လုပ်သော စက်ရုံ၊ အလုပ်ရုံများ၊ ရုံးများနှင့် စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းခွင်များကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ်ဖတ်ရှုရသောအခါ ကမ္ဘာ့ကပ်ဘေးဆိုးကြီးကြောင့် လူထု၏ ဟဒယနှလုံးသားများ သရိုးသရီဖြစ်နေရသည့်ဘဝမှ လောကအတွက် ရှင်သန်ရန်းထကြတော့မည့်အနေအထားတစ်ရပ်ကို မဇ္ဈိမဒေသသားတို့ တွေ့မြင်ကြရချေပြီဟု ကျွန်ုပ်တွေးတောမိလေ၏။

အိန္ဒိယနိုင်ငံသည် ဇွန် ၁ ရက်မှအစပြု၍ "ကျန်းမာရေး ခြေချုပ်ချမှု"၏ ပဌမအကျော့ ဖြေလျှော့မှုကို စတင်ခဲ့၏။

"ဖြေလျှော့မှု ၁ ဒသမ ၀" သို့မဟုတ် "ကျန်းမာရေး ခြေချုပ်ချမှု ၅ ဒသမ ၀" သည် ဇွန် ၈ ရက်တွင် စတင်ခဲ့၏။ စီးပွားရေးနှင့် လူမှုရေးဘဝတို့ ကာလအတိုင်းအတာတစ်ခုအထိ မွန်းကျပ်နေခဲ့ရာမှ ပြန်လည်၍ လျော့ပါးသက်သာလာ၏။

ကျန်းမာရေးအရ ခြေချုပ်ချမှု သုံးလနီးပါးကြာမြင့်ခဲ့ပြီးသော်ကား တစ်ရံမစဲ သဲသဲအုတ်အုတ် လှုပ်လှုပ်ရှားရှားဖြစ်စေသော ကိုရိုနာပိုးကို သဲသဲမဲမဲ ရှာဖွေဖော်ထုတ်ခြင်း၊ နှိပ်ကွပ်ချေမှုန်းခြင်းတို့၏ ရလဒ်ကောင်းအဖြစ် ဖြေလျှော့မှုကို ပြန်လည်ပြုလုပ်နိုင်ခြင်းဖြစ်သည်ဟု ကျွန်ုပ်ရှုမြင်မိ၏။

နိုင်ငံတော်ယန္တရားကြီး

ကမ္ဘာတစ်ဝန်း ကပ်ရောဂါဘေးဆိုးကြီးနှင့် ယှဉ်တွဲနေထိုင်ကြရလျက် မိသားစုကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာပြဿနာများ၊ လူမှုရေးအထီးကျန်ဆန်မှုဆိုင်ရာပြဿနာများနှင့်အတူ လူသားအသီးသီး ယူကြုံးမရ အပူလုံးကြွကာ ဖြစ်ခဲ့ကြရပြီးလေသော် နိုင်ငံတော်ယန္တရားကြီး ပြန်လည်လည်ပတ်လာခြင်းကို တစ်စတစ်စ တွေ့မြင်လာကြရပေပြီ။

ယခုအချိန်အထိ ကိုဗစ်-၁၉ လူ့ဥကူးစက်မှု "သုည" အထိလျှော့ချနိုင်စေရန် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက် ပေါက်မြောက်ခြင်းမရှိသေးဘဲ "ကိုဗစ်ရောဂါ ကင်းစင်ဖို့ လူတိုင်းလက်ဆေးစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ကျွန်ုပ်တို့ "တစ်ဆေးတည်းဆေး" နေကြရဆဲပင်။

အိန္ဒိယနိုင်ငံ၏ ဒေသအသီးသီးတွင် ရစ္စမ်းသမျှ အရင်းအမြစ်များကို အသုံးချကာ လူထုအားဖြင့် ကိုရိုနာကပ်ဘေးဆိုးကြီးကို အတူယှဉ်တွဲချေမှုန်းခဲ့ကြ၏။ ဝါရမိတ္တာ့ရက်များ (ဝါ) ရက်ဆိုးရက်ညံ့များ ကုန်ဆုံးလွန်မြောက်လေသော် တင်းကျပ်မှုမှသည် ဖြေလျှော့မှုဆီသို့ ပြန်လည်ဦးတည်လာသည်။

အိန္ဒိယနိုင်ငံရှိ ဒေလီ၊ ကာနာတာကာ၊ ပန်ဂျပ်စသည့် မြို့ကြီးများတွင် ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ကုန်ပဒေသာဈေးဆိုင်များနှင့် ဘာသာရေးဝတ်ပြုကိုးကွယ်ရာနေရာများကို ဇွန် ၈ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည်။

"ဖြေလျှော့မှု ၁ ဒသမ ၀" လမ်းညွှန်များနှင့်အညီ လူမှုရေးနှင့် စီးပွားရေးဘဝ လှုပ်ရှားမှုများကို ပြန်လည်တွေ့မြင်ကြရပေပြီ။ ဝါဏိဇ္ဇတည်းဟူသော ကူးသန်းရောင်းဝယ်မှုများ ပြန်လည်သက်ဝင်လှုပ်ရှားခြင်းနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသော ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာပေလိမ့်မည်။ ကုန်သွယ်မှုကဏ္ဍရှိ စိုက်ပျိုးထုတ်လုပ်သူ၊ ကုန်ပစ္စည်းထုတ်လုပ်သူ၊ ကြိတ်ခွဲသူ၊ သယ်ယူပို့ဆောင်သူ၊ သိုလှောင်သူ၊ ထုပ်ပိုးသူ၊ ဖြန့်ဖြူးရောင်းချသူ၊ စားသုံးသူ အစရှိသော ဖြန့်ချိရေးကွန်ရက်ကြီး (ဝါ) Supply Chain ပြန်လည်လည်ပတ်လာပေလိမ့်မည်။

လွတ်မြောက်မှုလမ်းစ

ဒေသဆိုင်ရာ ကူးသန်းရောင်းဝယ်ခြင်းမှသည် နိုင်ငံတကာနှင့်ချိတ်ဆက်၍ ကူးသန်းရောင်းဝယ်နိုင်စေရန် လမ်းပွင့်သွားပေလိမ့်မည်။ ကပ်ဘေးမှ သက်သာခွင့်ရသည့်ကာလအဖြစ် ကျွန်ုပ်တို့ ရှုမြင်ကြရပြီးလျှင် ရောဂန္တရကပ်၏ အငြိအတွယ်၊ အနှောင်အဖွဲ့တို့မှ လွတ်မြောက်မှုလမ်းစကို ရှာတွေ့ကြပေပြီ။

ပြည်သူလူထုအနေဖြင့် မရှိမဖြစ်အရေးပါသော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်နိုင်စေရန် အိန္ဒိယအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရ တီထွင်ထုတ်လုပ်ထားသော Aargoya Setu app 'အက်ပလီကေးရှင်း' ကို ပြည်သူတို့က သူတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းလျက်ရှိကြ၏။

စတုတ္ထအကျော့ ဖြေလျှော့မှု လွန်မြောက်လေသော် "ဖြေလျှော့မှု ၁ ဒသမ ၀" ဝင်ရောက်လာသည်။ နိုင်ငံတော်၏ စီးပွားရေး ပြန်လည်ရှင်သန် ဦးမော့လာစေရေးအလို့ငှာ နေရာဒေသအချို့နှင့် လုပ်ငန်းကဏ္ဍအချို့တို့ ဖြေလျှော့မှု ပြန်လည်ပြုလုပ်ရန် အစိုးရအဖွဲ့က ဆုံးဖြတ်ခဲ့သည်။ သို့ရာတွင် ကပ်ဘေးခြိမ်းခြောက်မှု ပြင်းထန်နေဆဲဖြစ်သော အရပ်ဒေသများတွင်မူ ဖြေလျှော့မှုများ ပြုလုပ်နိုင်ခြင်းမရှိဘဲ ယခုလကုန်အထိ ကျန်းမာရေးခြေချုပ်ချမှုများကို ပြုလုပ်ထားရဆဲဖြစ်သည်။

လူမှုရေးခွာဟမှုစည်းမျဉ်းကဲ့သို့သော ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများကို အလေးမူလျက် ဒေသအလိုက်၊ မြို့အလိုက်မတူကွဲပြားသော ဖြေလျှော့မှု နိယာမများကို ပြည်သူတို့ လိုက်နာကြရ၏။

မြို့တော် နယူးဒေလီတွင် ဝတ်ပြုဆုတောင်းသူများနှင့် ဈေးဝယ်ထွက်သူများက နှာခေါင်းစည်းများကို စည်းနှောင်လျက် တစ်ဦးနှင့်တစ်ဦး ခြောက်ပေ(နှစ်မီတာ) ကွာဟလျက်ရှိနေကြသည်။ အဆောက်အအုံများအတွင်းသို့ မဝင်ရောက်မီ အဖျားတိုင်းကြရ၏။ ၇၅ ရက်တိုင်တိုင် ကျန်းမာရေးခြေချုပ်ချခံရမှုမှ လွတ်မြောက်လာကြချိန်တွင် လွတ်လပ်မှုနှင့် ပျော်ရွှင်မှုတို့ကို စတင်ခံစားလာကြရ၏။

အနောက်ဘင်္ဂလားပြည်နယ်၊ ဂူဂျာရတ်ပြည်နယ်၊ ဥတ္တရာခန်းပြည်နယ်၊ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၊ ဘီဟာပြည်နယ်၊ ရာဂျာစသန်ပြည်နယ်၊ အာရူနချယ်ပရာဒေ့ရှ်ပြည်နယ်တို့တွင် ပြည်သူများ နေအိမ်ပြင်ပသို့ ထွက်ခွာလာကြကာ လူမှုရေးဘဝလှုပ်ရှားမှုများ ပြန်လည်အသက်ဝင်နိုးထလာသည်။

ပဌမမြောက်နေရာ

ကိုဗစ်-၁၉ ကူးစက်ခံရသူဦးရေအရ အိန္ဒိယနိုင်ငံသည် စပိန်နှင့် အီတလီနိုင်ငံတို့ထက်သာလွန်ခဲ့ပြီး ကပ်ဘေးဆိုက်ရောက်မှု အဆိုးရွားဆုံး ကမ္ဘာ့နိုင်ငံများစာရင်းတွင် ပဌမမြောက်နေရာကို ရယူထားသည်။

အမေရိကန်၊ ဘရာဇီး၊ ရုရှား၊ ဗြိတိန်နိုင်ငံတို့ပြီးလျှင် ကမ္ဘာပေါ်တွင် ကပ်ဘေးအထိနာဆုံးနိုင်ငံအဖြစ် ရပ်တည်နေသော အိန္ဒိယနိုင်ငံသည် ကိုဗစ်-၁၉ အတည်ပြုလူနာ သုံးသိန်းကျော်ရှိခဲ့ပြီး သေဆုံးသူ ၈၈၈၄ ဦးရှိခဲ့သည်။ မဟာရာရှတြာပြည်နယ်၊ တမီလ်နာဒူးပြည်နယ်၊ မြို့တော်ဒေလီ၊ ဂူဂျာရတ်ပြည်နယ်၊ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တို့သည် ကပ်ဘေးဒဏ်အဆိုးရွားဆုံးဒေသများအဖြစ် ထိပ်ဆုံးမှ ရပ်တည်နေကြသည်။ အိန္ဒိယနိုင်ငံ၏ အနောက်ပိုင်းကျွန်းဆွယ်ဒေသဖြစ်သော မဟာရာရှတြာပြည်နယ်တွင် ကိုဗစ်အတည်ပြုလူနာဦးရေသည် တစ်သိန်းအမှတ်ကို ကျော်လွန်သွားပြီဟု ပြည်နယ်ဝန်ကြီးချုပ် ဥဒေးတက်ခရေးက ဇွန် ၁၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ကိုဗစ်အတည်ပြုလူနာဦးရေ စုစုပေါင်း၏သုံးပုံတစ်ပုံမှာ မဟာရာရှတြာပြည်နယ်တွင်ဖြစ်ပြီး ပြည်နယ်မြို့တော် မွမ်ဘိုင်းတစ်မြို့တည်းမှာပင် ကိုဗစ်လူနာ ၅၂၆၆၇ ဦး၊ သေဆုံးသူ ၂၀၄၄ ဦးရှိခဲ့ပြီဖြစ်သည်။

မွမ်ဘိုင်း(ယခင်အခေါ် ဘုံဘေ) မြို့သည် လူဦးရေ သိပ်သည်းလှသည့် မြို့ကြီးဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ အကြီးဆုံးမြို့ကြီးဖြစ်ကာ ပင်လယ်ဆိပ်ကမ်းတည်ရှိမှုနှင့်အတူ ဘဏ္ဍာရေးအချက်အချာအဖြစ် ရပ်တည်နေသည်။ မွမ်ဘိုင်းမြို့ရှိ 'ဒါရဗီ' အမည်တွင်သောအရပ်မှာ အာရှတိုက်တွင် အကြီးဆုံးသော ပျံကျရပ်ကွက်အဖြစ် ကျော်ကြားလှပြီး ယင်းအရပ်တွင် ကိုဗစ်လူနာ ၂၀၀၀ အမှတ်ကို ကျော်လွန်ခဲ့သည်။

မဟာရာရှတြာ ပြည်နယ်အစိုးရအဖွဲ့မှ လူမှုရေးတရားမျှတရေးဝန်ကြီး ဒါနန်ဂျေးမန်ဒီသည်ပင်လျှင် ကိုဗစ်ပိုးတွေ့ရှိခဲ့ရပြီး ယခုအချိန်အထိ ရောဂါပိုးကူးစက်ခံရသူဝန်ကြီးသုံးဦး ရှိခဲ့ပေပြီ။

အိန္ဒိယပြည်နယ်များအနက် စီးပွားရေးအင်အားအရ အကြီးမားဆုံးတည်ရှိရာ ပြည်နယ်မှာ မဟာရာရှတြာပြည်နယ်ဖြစ်ပြီး ယင်းမြို့ရှိ မိုးမျှော်တိုက်ကြီးများက အိန္ဒိယနိုင်ငံ၏ စီးပွားရေးအင်အား ဝင့်ကြွား၊ မြင့်မားပုံကို သရုပ်ဖော်ကျူးလျက်ရှိသည်။ မွမ်ဘိုင်းမြို့သည် အိန္ဒိယနိုင်ငံ၏ ဖျော်ဖြေရေးလုပ်ငန်းကြီးကို ဗဟိုပြုလျက် ဟင်ဒီဘာသာစကားပြောရုပ်ရှင်ဇာတ်ကားများကို တရစပ်ထုတ်လုပ်ပေးလာခဲ့သည့် "ဘောလိဝုဒ်" တည်ရှိရာ မြို့မဟာဖြစ်သည်။

ကမ္ဘာပေါ်တွင် "ဇာတ်လမ်းရုပ်ရှင်" ထုတ်လုပ်မှုအရ အင်အားအကြီးဆုံး ဘောလိဝုဒ်သည် တစ်နှစ်လျှင် ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀၀၀ ခန့် ထုတ်လုပ်ခဲ့သော်လည်း ယခုအခါ ကပ်ဘေးဆိုက်ရောက်မှုကြောင့် စီးပွားရေးအရ ထိခိုက်ဆုံးရှုံးရမှုများရှိလာပုံကို သတင်းများတွင် ကျွန်ုပ်ဖတ်ရှုရလေသည်။

ကမ္ဘာ့ဘဏ်၏ တွက်ကိန်းအရ အိန္ဒိယနိုင်ငံ၏ ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ဆယ်စုနှစ်သုံးစုတာကာလအတွင်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိမည်ဟု ကျွန်ုပ်လေ့လာတွေ့ရှိရ၏။ ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ ဈေးကွက်နှင့် ဝန်ဆောင်မှုအခြေပြုလုပ်ငန်းများအပေါ်အခြေခံကာ စီးပွားရေးမူဝါဒများကို ဖြေလျှော့ပေးမှုနှင့်အတူ လွတ်လွတ်လပ်လပ်လုပ်ကိုင်ခွင့်ပေးခဲ့သော အိန္ဒိယနိုင်ငံသည် အာရှဒေသတွင် စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်ခဲ့ရာမှ ကမ္ဘာ့ကပ်ဘေးရောဂါဆိုးကြောင့် စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုများ ကြီးမားခဲ့ပေသည်။

သတင်းကောင်း

သို့ရာတွင် ယခုအခါ ကျန်းမာရေးခြေချုပ်ချမှုကို တစ်ဆင့်စီ ပြန်လည်လျှော့ချပေးလာရာ အိန္ဒိယနိုင်ငံတစ်ဝန်း အလုပ်အကိုင်ဆုံးရှုံးမှုနှုန်းမှာ မေလကုန်တွင် ၂၀ ဒသမ ၁၉ ရာခိုင်နှုန်းရှိခဲ့ရာမှ တစ်စတစ်စကျဆင်းလာခဲ့သည်မှာ သတင်းကောင်းတစ်ပုဒ်ဟု ဆိုနိုင်ပေလိမ့်မည်။ သို့ရာတွင် ကျေးလက်ဒေသ အလုပ်အကိုင်ဆုံးရှုံးမှုနှုန်းမှာမူ အပြောင်းအလဲမရှိသေးဘဲ ၁၈ ရာခိုင်နှုန်းဝန်းကျင်တွင် တန့်မြဲတန့်နေဆဲဖြစ်ရာ စီးပွားရေးပြန်လည်ဦးမော့လာရန်လည်းကောင်း၊ ကပ်ဘေးဝဲဂယက်မှ ပြည်သူတို့ ပြန်လည်ရုန်းထနိုင်ရန်လည်းကောင်း ကာလကြာရှည်ဝါယမစိုက်ကာ ဆက်လက်ကြိုးပမ်းကြပေဦးမည်။

ကပ်ဘေးအန္တရာယ်လုံးဝပျက်သုဉ်းခြင်း မရှိသေးသောကာလဖြစ်ခြင်းကြောင့်လည်းကောင်း၊ ရောဂါကပ်ဘေးကို အလျှင်းမပယ်နိုင်သေးသဖြင့် ကျန်းမာရေးအရ သံသရာလည်နေရဦးမည့်ကာလဖြစ်ခြင်းကြောင့်လည်းကောင်း ကိုဗစ်တည်းဟူသော ကပ်ရောဂါသည် အိပ်မက်ဆိုးပမာ ဆက်လက်ခြိမ်းခြောက်နေဆဲဖြစ်ရာ အိန္ဒိယပြည်သူများနည်းတူ ကျွန်ုပ်တို့မြန်မာပြည်သူများကလည်း ကိုရိုနာဗိုင်းရပ်စ်ပိုး၏ ကောက်ကျစ်ယုတ်မာလှသော ဝင်္ကဘာ်ဉာဏ်ကို ဆင်ခြင်ဉာဏ် 'သမ္မဒဉ်' နှင့် သတိတရားတို့ဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ကြလိမ့်မည်ဟု ကျွန်ုပ်တွေးတောမိရင်း "ကပ်ဘေးကြီး ဆုံးခန်းတိုင်စေ ပြုံးပန်းလှိုင်ဝေ ပြည်သူများ" ဟု ကျူးရင့်မိပါသတည်း။ ။

REF: COVID-19 & INDIA NEWS UPDATES

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၃-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၅၅၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၈၄)ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ (၂၇၈) ခု စုစုပေါင်း (၁,၀၁၅)ခု အား ယနေ့ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ-
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်မတွေ့ရှိရပါ။

၂။ (၁၃-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၆၁) ဦး ရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၃-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၃-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၅၅၃) ခု
(၁၃-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၈၄) ခု
(၁၃-၆-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၇၈) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၀) ဦး

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ (၂) ဦး (Case- 137, 207) ရှိသဖြင့် စုစုပေါင်း (၁၆၇) ဦးရှိပါ သည်။ ၎င်းတို့အနက် (၁၅၈) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၂-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၃-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀)နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ်(၃၇)ဦး ရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၃-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၀) ဦး	(၂၆၁) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၂) ဦး	(၁၆၇) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၁၂-၆-၂၀၂၀)၊ ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၆၆၇) ခုတွင်-

- COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၁၃-၆-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာ ၂၆၁ ဦးရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၁၂-၆-၂၀၂၀) ရက်နေ့တွင်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL) မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁,၃၃၇) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၁၄၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL-Mdy)မှ ဓာတ်ခွဲနမူနာ (၂၉၈)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL-MLM) မှ ဓာတ်ခွဲနမူနာ (၂၂၄) ခု၊

စုစုပေါင်း ဓာတ်ခွဲနမူနာ (၁,၈၀၄)ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၁၃-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

(၁၂-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၆၆၇) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၀) ဦး

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

* ရှေ့ဖုံးမှ

ခွင့်ပြုချက်ရယူကာ ထိုင်းနိုင်ငံဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့်လည်းကောင်း ပြန်လည်ဝင်ရောက်လာသူများဖြစ်သည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်က ၆၀၊ မေ ၂ ရက်က ၅၄ ဦး၊ မေ ၃ ရက်က တစ်ဦး၊ မေ ၄ ရက်က ၄၄ ဦး၊ မေ ၅ ရက်က ၂၃ ဦး၊ မေ ၈ ရက်က ၁၀၀၊ မေ ၁၀ ရက်က ၄၄ ဦး၊ မေ ၁၁ ရက်က ၁၃ ဦး၊ မေ ၁၂ ရက်က ၄၁ ဦး၊ မေ ၁၃ ရက်က ၁၆ ဦး၊ မေ ၁၄ ရက်က ၃၈ ဦး၊ မေ ၁၅ ရက်က ၁၂၀၊ မေ ၁၆ ရက်က ၇၆ ဦး၊ မေ ၁၇ ရက်က ၉၀၊ မေ ၁၉ ရက်က ၆၄ ဦး၊ မေ ၂၂ ရက်က ၃၆ ဦး၊ မေ ၂၃ ရက် တွင် ၆၀၄ ဦး၊ မေ ၂၄ ရက်က ၁၁၁၈ ဦး၊ မေ ၂၅ ရက်က ၁၂၇၇ ဦး၊ မေ ၂၆ ရက်က ၁၃၉၄ ဦး၊ မေ ၂၇ ရက်က ၁၄၃၄ ဦး၊ မေ ၂၈ ရက်က ၁၁၆၈ဦး၊ မေ ၂၉ ရက်က ၁၂၀၂ ဦး၊ မေ ၃၀ ရက်က ၁၁၅၂ ဦး၊ မေ ၃၁ ရက်က ၁၅၁၁ ဦး၊ ဇွန် ၁ ရက်က ၁၀၄၃ ဦး၊ ဇွန် ၂ ရက်က ၁၅၁၇ ဦး၊ ဇွန် ၃ ရက်က ၁၅၄၇ ဦး၊ ဇွန် ၄ ရက်က ၁၂၀၄ ဦး၊ ဇွန် ၅ ရက်က ၁၁၉၀၊ ဇွန် ၆ ရက်က ၁၇၈၄ဦး၊ ဇွန် ၇ ရက်က ၁၆၃၅ ဦး၊ ဇွန် ၈ ရက်က ၉၄၆ ဦး၊ ဇွန် ၉ ရက်က ၁၀၉၄ ဦး၊ ဇွန် ၁၀ ရက်က ၉၉၄ ဦး၊ ဇွန် ၁၁ ရက်က ၆၇၀ ၊ ဇွန် ၁၂ရက်က ၈၂၃ ဦးနှင့် ယနေ့ ၇၇၅ ဦး ပြန်လည်ဝင်ရောက်ခဲ့သဖြင့် စုစုပေါင်း ၂၆၉၀၂ ဦးထိ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့
မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့

ကြံခင်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

ကြံခင်း ဇွန် ၁၃

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ကြံခင်းမြို့ မြို့နယ် ပြည်သူ့ဆေးရုံတွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ ပေးအပ်လှူဒါန်းမှုသည် အမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မျိုးလင်းက ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းနှင့် ချိတ်ဆက်ပေးမှုအရ လှူဒါန်းမှုရရှိခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများဖြစ်သော တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ (Mask၊ Hair Cap၊ Glove၊ Goggle) ၁၅ စုံ၊ Surgical Gown ၁၀ ထည်၊ ၅၀၀ မီလီ ရေမလိုလက်သန့်ဆေးရည် ငါးဘူး၊ လေးလီတာ ရေမလိုလက်သန့်ဆေးရည် ငါးပုံး၊ ၅၀၀ မီလီ အရက်ပြန် ဘူး ၆၀၊ အပူချိန်တိုင်းကိရိယာနှစ်ခုအား ဧရာဝတီတိုင်းဒေသကြီး အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မော်အုန်း၊ ကြံခင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မျိုးလင်းနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်အလုပ်အမှုဆောင် ဦးစိုးမြင့်နှင့် အဖွဲ့ဝင်များက ဖောင်ဒေးရှင်းကိုယ်စား ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လွင်၊ မြို့နယ်ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းနိုင်နှင့် မြို့နယ်ကျန်းမာရေးအထောက်အကူပြု ကော်မတီ အတွင်းရေးမှူး ဦးအောင်ကိုလတ်တို့က လက်ခံခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကိုဗစ် - ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၌ အသုံးပြုရန် ဆန်အိတ် ၅၀၀ နှင့် ဆီပုံး ၅၀၀ လှူဒါန်း

ဘားအံ ဇွန် ၁၃

ကရင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ကရင်ပြည်နယ် အစိုးရအဖွဲ့ထံသို့ ရွှေမြစ်သောင်းရင်းကုမ္ပဏီမှ ဆန်အိတ် ၅၀၀ နှင့် ဆီပုံး ၅၀၀ တို့ကို ယမန်နေ့ညနေပိုင်းက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ငွေကျပ် ၂၂၅ သိန်း တန်ဖိုးရှိ ဆန်အိတ် ၅၀၀ နှင့် ဆီပုံး ၅၀၀ ကို ရွှေမြစ်သောင်းရင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစောတင်ဝင်းက ကရင်ပြည်နယ် အစိုးရအဖွဲ့ထံပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **ပြည်နယ်(ပြန်/ဆက်)**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်း

ဟင်္သာတ ဇွန် ၁၃

ဟင်္သာတမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းသုံးအထောက်အကူပြုပစ္စည်းများကို ယနေ့ ညနေ ၄ နာရီက ပေးပို့လှူဒါန်းသည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကပေးပို့လှူဒါန်းသည့် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၀၊ ခွဲစိတ်ခန်းသုံးဝတ်စုံ ၁၀ ထည်၊ KN 95 နှာခေါင်းစည်း အခု ၅၀၊ နှာခေါင်းစည်း အခု ၅၀၀၊ လက်အိတ် အခု ၁၀၀ပါ သုံးဘူး၊ ရေမလိုလက်သန့်ဆေးရည် ၅၀၀ မီလီပါ ၁၀ ဘူး၊ ရေမလိုလက်သန့်ဆေးရည် လေးလီတာပါ ငါးပုံး၊ အရက်ပြန် ၁၀၀ မီလီပါ ဘူး ၆၀၊ လက်ဆေးဆပ်ပြာရည် ၅၀၀ မီလီပါ ငါးဘူး၊ လက်ဆေးဆပ်ပြာရည်(3.5kg)ပါ ပုံး သုံးပုံးနှင့် အပူချိန်တိုင်းကိရိယာ သုံးခုတို့ကို အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ဟင်္သာတမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးသန္တာကြည်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❒ **ကိုဗစ်-၁၉ မှ**

အောင်စာရင်းကြည့်ခွင့်မပြုထားပါဘူး။ ကျောင်းရဲ့ရှေ့အပေါက်ကနေဝင်ပြီး နောက်အပေါက်ကနေ တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနဲ့ ပြန်ထွက်ရပါတယ်။ အောင်ချက်တွေက ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်းနဲ့ အဋ္ဌမတန်းတွေက ရာနှုန်းပြည့် အားလုံးအောင်ကြပါတယ်။ ကလေးတွေကလည်း ကြိုးစားကြတယ်။ Grade -10 နဝမတန်းကတော့ နည်းနည်းလေးအကျရှိတယ်။ မိဘတွေအနေနဲ့လည်း ကလေးပညာရေးကို အလေးထားပေးပါ။ ဆရာမတို့အနေနဲ့လည်း ကလေးတွေအတွက် အကောင်းဆုံး သင်ကြားမှုတွေ ပေးသွားပါမယ်လို့ပြောချင်တယ်"ဟု အထက(၂)မရမ်းကုန်းမှ အလယ်တန်းပြဆရာမ ဒေါ်မြင့်မြင့်ဝင်းက ပြောသည်။

ယနေ့ အောင်စာရင်းထွက်သည့်နေ့တွင် လာရောက်ကြည့်ရှုသော ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများသည် ကျောင်းအတွင်းဝင်ရောက်ရန် နှာခေါင်းစည်းတပ်ထားရပြီး အောင်စာရင်းများကြည့်ရှုရန် တစ်ဦးနှင့်တစ်ဦး ရှေ့နောက် ဘေးဝဲ/ယာ ခြောက်ပေပတ်လည် အကွာသတ်မှတ်ထားသော စည်းဝိုင်းများအတွင်းမှသာ မိမိအောင်စာရင်းကိုကြည့်ရှုပြီး အထွက်လမ်းမှ ခပ်ခွာခွာ ပြန်ထွက်သွားရန်စီစဉ်ထားကြောင်း သိရသည်။

ထို့ပြင် ကျောင်းများအတွင်း အဝင်ဂိတ်နှင့်အထွက်ဂိတ် ဝင်ပေါက်/ထွက်ပေါက်များတွင် ဆရာ ဆရာမများအား တာဝန်ချထားပြီး သူငယ်တန်း Grade - 1 မှ နဝမတန်း Grade -10 အထိ အောင်စာရင်းဘုတ်များကို ၁၅ ပေ အထက်တွင်ထားရှိသည်။ အောင်စာရင်းဘုတ်များအနီးတွင် ဆရာမများကို တာဝန်ချထားပြီး လာရောက်ကြည့်ရှုသူများအား ခြောက်ပေအကွာမှကြည့်ရှုရန် သတိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့တွင် အောင်စာရင်းထွက်ရှိသော နိုင်ငံနှင့်တစ်ဝန်းအခြေခံပညာကျောင်းများသည် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့၏ ညွှန်ကြားချက်များအတိုင်း ခပ်ခွာခွာနေထိုင်ခြင်းကို လိုက်နာပြီး ဆောင်ရွက်နေခြင်းဖြစ်သည်။

အောင်စာရင်းထွက်သော ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း ခရိုင်/မြို့နယ်အလိုက် ပညာရေးမှူးများ၊ ကျန်းမာရေးအဖွဲ့များနှင့် ကြက်ခြေနီအဖွဲ့များက သတ်မှတ်ညွှန်ကြားချက်များ လိုက်နာမှုရှိ-မရှိ၊ စည်းကမ်းတကျ ဆောင်ရွက်ထားရှိမှု ရှိ-မရှိကို လိုက်လံစစ်ဆေးကြောင်း သိရသည်။ **မြင့်မောင်စိုး**

အဝေးထိန်းမီးသတ်စက်ရုပ်သုံး၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

မုံရွာ ဇွန် ၁၃

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် မုံရွာမြို့ နန္ဒဝန်ရပ် အိုးအိမ်ဝန်ထမ်းအိမ်ရာတွင် ယနေ့ နံနက်ပိုင်းက ပိုလန်နိုင်ငံထုတ် Medium Firefighting & Rescue Vehicle ယာဉ်နှင့် LUF-60 ယာဉ် (အဝေးထိန်းမီးသတ်စက်ရုပ်)များဖြင့် ပိုးသတ်ဆေးဖျန်းခဲ့ကြသည်။

"မုံရွာမြို့ နန္ဒဝန်ရပ် အိုးအိမ်ဝန်ထမ်းအိမ်ရာမှာ ပိုလန်နိုင်ငံထုတ် Medium Firefighting & Rescue Vehicle ယာဉ်တစ်စီး၊ LUF-60 ယာဉ်တစ်စီး၊ ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ မီးသတ်ယာဉ်တစ်စီး၊ MWA2.0 Mobile Lighting & Commander တပ် မီးသတ်ယာဉ်တစ်စီး အသုံးပြုပြီး ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခဲ့ကြပါတယ်"ဟု မုံရွာခရိုင်မီးသတ်ဦးစီးမှူး ဦးညီညီဇော်က ပြောပြသည်။

မုံရွာမြို့ နန္ဒဝန်ရပ် အိုးအိမ်ဝန်ထမ်းအိမ်ရာရှိ အခန်းပေါင်း ၁၆၀ တွင် ဝန်ထမ်းများ၊ ပြည်ပပြန်ကွာရန်တင်းဝင်နေသူများ နေထိုင်နေကြပြီဖြစ်ရာ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်ဝင်း၏ ပြောကြားချက်အရ သိရသည်။

မျိုးဝင်းထွန်း
(မုံရွာ)

ကိုဗစ်-၁၉ ရောဂါ ကန့်သတ်စောင့်ကြည့်စခန်းထားရှိခဲ့သည့် အခြေခံပညာစာသင်ကျောင်းများ ကျောင်းဖွင့်ချိန်အမီ ဆေးဖျန်း

ညောင်ဦး ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ကျောင်းဖွင့်ချိန်အမီ ကန့်သတ်စောင့်ကြည့်စခန်း ထားရှိခဲ့သည့် ကျောင်းများအား ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်နိုင်ရန် ယနေ့ နံနက် ၇နာရီမှ စတင်ကာ ညောင်ဦးမြို့နယ်အတွင်းရှိ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေမီးသတ်စခန်းများရှိ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကန့်သတ်စောင့်ကြည့်စခန်းများ အဖြစ်အသုံးပြုခဲ့ကြသော အခြေခံပညာစာသင်ကျောင်းများကို ဇွန် ၁၅ ရက်အမီ ပညာရေးဌာနသို့ ပြန်လည်အပ်နှံနိုင်ရေးအတွက် ညောင်ဦးမြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက စည်သာအမကစာသင်ကျောင်းနှင့် ရွှေဂူမိဘမဲ့ကလေးများ ပရဟိတ ဘုန်းတော်ကြီးသင်စာသင်ကျောင်းတို့တွင် လည်းကောင်း၊ တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက တောင်ဇင်းတိုက်နယ်အုပ်စု စပါးသင်အခြေခံပညာ မူလတန်းကျောင်း၊ ရွာသစ်တောင်ရွှေဂူကျောင်း၊ ပဒိုင်းတောအမကကျောင်း၊ ပန်းကုန်းပင်အမကကျောင်း၊ တက်မအခြေခံပညာ အထက်တန်းကျောင်းခွဲ၊ ညောင်ပင်သာအမကနှင့် ပျဉ်တိုင်းအခြေခံပညာအထက်တန်းကျောင်းခွဲတွင် လည်းကောင်း၊ စဉ့်ကူနယ်မြေမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များက စဉ့်ကူတိုက်နယ် မီးလောင်ဖျားအုပ်စု ပြည်တော်သာ အမကခွဲ၊ ပခုက္ကူကျွန်းအခြေခံပညာ မူလတန်းကျောင်းခွဲ၊ လယ်ကန် အလကခွဲ၊ မြေနီအထကခွဲ၊ ကျောက်ပြင်ကန် အထကခွဲ၊ စန်းကန်အမက၊ ကျွန်းဘိုကန်အမက(မူလွန်)တို့တွင် လည်းကောင်း ကိုဗစ်-၁၉ ကူးစက်ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ညောင်ဦးမြို့နယ်၌ ကျန်ရှိသည့် ကျောင်းများအား ဇွန် ၁၅ ရက်တွင် အပြီး ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းသူ၏ ပြောကြားချက်အရ သိရသည်။ **ခရိုင်(ပြန်/ဆက်)**

သာကေတမြို့နယ် ဖျားနာကုဆေးခန်း နေရာပြောင်းရွှေ့ဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ဖျားနာကုဆေးခန်းကို မေ ၁၇ ရက်က (၁) ရပ်ကွက် အထက- ၁ ရှိ အောင်ဆန်းခန်းမတွင် ဖွင့်လှစ်ပြီး သာမန်ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်းခြင်း၊ ကိုဗစ် -၁၉ ရောဂါရှိသူနှင့် ထိတွေ့ခဲ့သူများအား အဓိကထား၍ အခမဲ့ဆေးကုသမှုများပြုလုပ်ပေးလျက်ရှိသည်။

ယခုအခါ ဇူလိုင်လအတွင်း အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်၍ သာကေတမြို့နယ်ရှိ ဖျားနာကုဆေးခန်းကို ဇွန် ၁၀ ရက်မှစတင်ပြီး မြို့နယ်မိုးလုံလေလုံအားကစားရုံသို့ စတင်ပြောင်းရွှေ့လျက်ရှိပြီး ယနေ့တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း မြို့နယ်ဖျားနာကုဆေးခန်း တာဝန်ခံ ဆရာဝန်ဒေါက်တာမြတ်မိုးလွင်ထံမှ သိရသည်။

အဆိုပါဆေးခန်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်အတိုင်းဆောင်ရွက်ပြီး ဆရာဝန် ခုနစ်ဦး၊ သူနာပြုခုနစ်ဦးနှင့် လုပ်အားပေးများပါဝင်သည့်အဖွဲ့ဖြင့် အပတ်စဉ် အင်္ဂါ၊ ကြာသပတေး၊ စနေ၊ တနင်္ဂနွေနေ့တို့တွင် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကုသပေးလျက်ရှိသည်။ **အောင်သူရ**

Cash For Work စီမံကိန်း ဆောင်ရွက်ရန် ကျေးရွာများရွေးချယ်

ဖားဆောင်း ဇွန် ၁၃

ကယားပြည်နယ် ဖားဆောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် နေ့စဉ် လက်လုပ်လက်စားအဖြစ် လုပ်ကိုင်အသက်မွေးနေရသည့် ကျေးလက်ဒေသနေ ပြည်သူများ အလုပ်အကိုင်ရရှိပြီး ဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ Cash For Work စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာများရွေးချယ်ခြင်းကို ယမန်နေ့က မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ (TPIC) တို့က ဖားဆောင်းမြို့နယ်တွင် Cash For Work စီမံကိန်း ဆောင်ရွက်ရန်အတွက် သတ်မှတ်စံနှုန်းများနှင့်အညီ ကျေးရွာ ၁၁ ရွာကို ရွေးချယ်ခဲ့သည်။

မေဇင်(ဖားဆောင်း)

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၄၅၉၂၆	၂၆၁

ရောဂါပိုးကင်းစင်လာသူ	သေဆုံးသူ
၁၆၇	၆

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၄၀၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၅၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၂၀၁	၅
၂	ချင်း	၁၀	
၃	စစ်ကိုင်း	၉	
၄	ပဲခူး	၈	၁
၅	ရခိုင်	၇	
၆	ရှမ်း(တောင်)	၄	
၇	မန္တလေး	၃	
၈	ရှမ်း(ရှေ့)	၃	
၉	ရှမ်း(မြောက်)	၃	
၁၀	မကွေး	၃	
၁၁	နေပြည်တော်	၂	
၁၂	ကရင်	၂	
၁၃	ဧရာဝတီ	၂	
၁၄	ကချင်	၂	
၁၅	တနင်္သာရီ	၁	
၁၆	မွန်	၁	
	စုစုပေါင်း	၂၆၁	၆

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန　　၁၃-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အမေရိကန်	၂၁၁၈၈၀၀	၈၄၂၀၆၈	၁၁၆၈၈၁
ဘရာဇီး	၈၃၁၀၆၄	၄၂၇၆၁၀	၄၁၉၅၂
ရုရှား	၅၂၀၁၂၉	၂၇၄၆၄၁	၆၈၂၉
အိန္ဒိယ	၃၁၀၇၆၀	၁၅၅၂၉၀	၈၈၉၅
ဗြိတိန်	၂၉၂၉၅၀	စိစစ်ဆဲ	၄၁၄၈၁
စပိန်	၂၉၀၂၈၉	စိစစ်ဆဲ	၂၇၁၃၆
အီတလီ	၂၃၆၃၀၅	၁၇၃၀၈၅	၃၄၂၂၃
ပီရူး	၂၂၀၇၄၉	၁၀၇၁၃၃	၆၃၀၈
ဂျာမနီ	၁၈၇၂၅၆	၁၇၁၉၀၀	၈၈၆၃
အီရန်	၁၈၄၉၅၅	၁၄၆၇၄၈	၈၇၃၀

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
စင်ကာပူ	၄၀၁၉၇	၂၈၀၄၀	၂၅
အင်ဒိုနီးရှား	၃၇၄၂၀	၁၃၇၇၆	၂၀၉၁
ဖိလစ်ပိုင်	၂၅၃၉၂	၅၇၀၆	၁၀၇၄
မလေးရှား	၈၄၄၅	၇၃၁၁	၁၂၀
ထိုင်း	၃၁၃၄	၂၉၈၇	၅၈
ဗီယက်နမ်	၃၃၄	၃၂၃	၀
မြန်မာ	၂၆၁	၁၆၇	၆
ဘရူနိုင်း	၁၄၁	၁၃၈	၂
ကမ္ဘောဒီးယား	၁၂၆	၁၂၅	၀
လာအို	၁၉	၁၉	၀

ပဲခူးတိုင်းဒေသကြီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အလှူငွေများ လှူဒါန်း

ပဲခူး ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် လိုအပ်သော ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ ဝယ်ယူအသုံးပြုရန် ဥဿာဂေါက်ကွင်း အုပ်ချုပ်မှုကော်မတီမှ ငွေကျပ်သိန်း ၅၀ လှူဒါန်းပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီး အတွင်း ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကန့်သတ်စောင့်ကြည့်စခန်းများတွင် စောင့်ရှောက်ပေးနေမှုနှင့် သံသယလူနာများအား သက်ဆိုင်ရာ ခရိုင်အဆင့် ဆေးရုံများတွင် ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးမြို့ ဥဿာဂေါက်ကွင်း အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်နိုင်က ထောက်ပံ့ငွေကျပ် သိန်း ၅၀ အား ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

တင်စိုး(ပဲခူး)

မိုးကောင်းမြို့နယ်ရှိ ကန့်သတ်စောင့်ကြည့်စခန်းများသို့ ဆန်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်

မိုးကောင်း ဇွန် ၁၃

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ဖွင့်လှစ်ထားရှိသည့် ကန့်သတ်စောင့်ကြည့်စခန်းများသို့ USAID နှင့် Kachin Network တို့မှ လှူဒါန်းသည့် ဆန်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး USAID နှင့် Kachin Network တို့မှ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ လှူဒါန်းထားသည့် ဆန်ရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများကို မြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာများရှိ စောင့်ကြည့်စင်တာ ၃၆ ခုမှ စောင့်ကြည့်ခံဝင်ရောက်နေသူ ၃၅၈ ဦးတို့အတွက် တာဝန်ရှိသူများက ပေးအပ်ရာ စောင့်ကြည့်စခန်းတာဝန်ခံများက လက်ခံရယူခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းနှင့် မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ မြို့နယ်အတွင်းမှ စောင့်ကြည့်စခန်းတာဝန်ခံများ တက်ရောက်ခဲ့ကြသည်။

ဝင်းနိုင်(ကချင်မြေ)

မြစ်သားမြို့နယ် ကန့်သတ်စောင့်ကြည့်စခန်း၌ နေထိုင်သူများအတွက် အခြေခံစားသောက်ကုန်များ လှူဒါန်း

မြစ်သား ဇွန် ၁၃

ရွှေ့ပြောင်းလုပ်သား ထောက်ပံ့ကူညီရေးဗဟိုဌာန(MRC)နှင့် မန္တလေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ ညနေပိုင်းက မြစ်သားမြို့နယ်အတွင်း ကန့်သတ်စောင့်ကြည့်စခန်း၌ နေထိုင်သူများအား အခြေခံစားသောက်ကုန်များကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် ကန့်သတ်စောင့်ကြည့်စခန်း၌ နေထိုင်လျက်ရှိသူ စုစုပေါင်း ၆၆ ဦးအတွက် တစ်ဦးလျှင် ဆန် နှစ်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံးတို့ကို ရွှေ့ပြောင်းလုပ်သားထောက်ပံ့ကူညီရေးဗဟိုဌာန(MRC)မှ တာဝန်ခံအရာရှိ ဒေါ်သီတာလွင်နှင့် မန္တလေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းဆိုင်လော့ဝ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးတို့က ကျေးရွာများအရောက် သွားရောက်လှူဒါန်းခဲ့ရာ ကျေးရွာတာဝန်ခံများက လက်ခံရယူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

နေပြည်တော် ဇွန် ၁၃

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနအဖွဲ့အစည်းများပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဇွန် ၈ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ မြို့နယ် ၃၈ မြို့နယ်ရှိ နေရာ ၇၁ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၅၈ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၁၀ ကီလိုဂရမ်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ဇွန် ၉ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ မြို့နယ်ပေါင်း ၅၀ ရှိ နေရာ ၁၀၇ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၈၄ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၃၅ ကီလိုဂရမ်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၌ ဇွန် ၉ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

စစ်ကိုင်းတိုင်းဒေသကြီးသီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ကန့်သတ်စောင့်ကြည့်ရေးစခန်း၌ ဇွန် ၈ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ဇွန် ၉ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

မန္တလေးတိုင်းဒေသကြီး အထက(၁) ပြင်ဦးလွင်၌ ဇွန် ၉ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ ဇွန် ၈ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

ရခိုင်ပြည်နယ် မောင်တောမြို့ မြို့မဈေးကြီး၌ ဇွန် ၈ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ ဇွန် ၉ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

မကွေးမြို့နယ် အင်တိုင်းကြီးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ ဇွန် ၈ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

ဈေးကွက်လိုအပ်ချက်အရ သရက်မျိုးပြောင်းလဲစိုက်ပျိုးလာ

ရန်ကုန် ဇွန် ၁၃

သရက်စိုက်တောင်သူများအနေဖြင့် ဈေးကွက်ဝယ်လိုအားကောင်းသည့် သရက်မျိုးများဖြစ်သည့် စိန်တလုံး၊ ရွှေဟင်္သာ၊ မြကျောက်၊ နန်းတော်မှိုင်း အစရှိသော သရက်မျိုးကောင်းများကို ကိုင်းကူးကိုင်းဆက်နည်းဖြင့် မျိုးပြောင်းလဲဆောင်ရွက်မှုများပြားလာကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်ရှိ သရက်စိုက်တောင်သူများထံမှ သိရသည်။

"ရင်ကွဲသရက်မျိုးတွေကို စိန်တလုံးသရက်မျိုးနဲ့ ပြောင်းလဲနေတာပါ။ အဓိကကတော့ ဈေးကွက်အပေါ်မှာမူတည်ပြီးတော့ ပြောင်းလဲမှုတွေ လုပ်နေကြပါတယ်။ လောလောဆယ် စိန်တလုံးတို့၊ ရွှေဟင်္သာတို့က တရုတ်ဈေးကွက်က ကြိုက်တယ်လေ။ ဒါကြောင့် မျိုးပြောင်းလဲမှုတွေ ဆောင်ရွက်နေကြပါတယ်။ ဒီနှစ်က ခါတိုင်းနှစ်နဲ့မတူဘူး။ ရပ်စောက်တစ်နယ်လုံး ကျေးရွာအတော်များများမှာ မျိုးပြောင်းလဲမှုတွေ ဆောင်ရွက်နေကြပါတယ်"ဟု ရပ်စောက်မြို့နယ် မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ကိုကျော်မိုးလှိုင်က ကြေးမုံသို့ ပြောပြသည်။

သရက်ပင်များကို မျိုးပြောင်းလဲရာတွင် မူလလက်ခံ၊ အောက်ခံပင်ပေါ်တွင် မျိုးပြောင်းလဲလိုသော သရက်ပင်မျိုးကို ကိုင်းဆက်နည်းပညာဖြင့် ကိုင်းဆက်ပေးခြင်းဖြစ်သည်။ မူလအပင်ကြီးများကို ခါးလယ်လောက်မှ ပိုင်းချလိုက်ပြီး မျိုးပြောင်းလဲလိုသော သရက်ကိုင်းကို ဆက်ပေးခြင်းဖြစ်သည်။

"မျိုးပြောင်းလဲတဲ့အခါမှာ အောက်ခံပင် အနေအထားက ခဲတံလုံး၊ ဘောပင်လုံးအရွယ်ကစပြီး လူခန္ဓာကိုယ်တစ်ဖက်လောက်ရှိတဲ့ အပင်ကြီးတွေအထိ ခုတ်လှဲပြီး ပြောင်းလဲကြပါတယ်။ မျိုးပြောင်းလဲလို့ အကောင်းဆုံးအချိန်ကတော့ အခုလိုသရက်သီးပေါ်လို့ သရက်သီးတွေ ခူးပြီးတဲ့အချိန် ဇွန်၊ ဇူလိုင်လတွေမှာ အကောင်းဆုံးဖြစ်ပါတယ်"ဟု ကိုကျော်မိုးလှိုင်က ဆက်လက်ရှင်းပြသည်။

မျိုးပြောင်းလဲပြီးသော သရက်ပင်များသည် ပြောင်းလဲပြီး နှစ်နှစ်အတွင်း အသီးသီးနိုင်ကြောင်း၊ သရက်ခြံပိုင်ရှင်များ၏ ပြုစုစောင့်ရှောက်မှုအပေါ်တွင်လည်း မူတည်ကြောင်း၊ ပြုစုစောင့်ရှောက်မှုကောင်းလျှင် ကောင်းသလို ကြီးထွားဖြစ်ထွန်းမှု ကောင်းမွန်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် စိန်တလုံး၊ ရွှေဟင်္သာ၊ မြကျောက်အစရှိသည့် ပြည်ပဈေးကွက်ဝင် သရက်စိုက်ပျိုးမှု အများဆုံးအရပ်မှာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ကူမဲ၊ စဉ့်ကိုင်၊ ကျောက်ဆည် အစရှိသော မြို့နယ်များဖြစ်သည်။

မြင့်မောင်စိုး

မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၃

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေပိုင်းတွင် ရွှေကူမြို့နယ် နောင်လတ်ကြီးကျေးရွာအုပ်စု မန္တလေး-ဗန်းမော်သွားကားလမ်းတွင် ဆန်းမင်းမောင်းနှင်ပြီး မျိုးလှိုင်ဝင်းနှင့် လှိုင်မြင့်ဦးတို့ လိုက်ပါလာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၂ ကီလိုနှင့် စိတ်ကြွဆေးပြား ၃၈၀၀၀ ကိုလည်းကောင်း။

အလားတူ ဇွန် ၁၁ ရက် ညနေပိုင်းတွင် ပင်လည်ဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပင်လည်ဘူးမြို့နယ် ပင်လည်ဘူး-ဖောင်းပြင်သွားကားလမ်းတွင် နိုင်မင်းမောင်းနှင်ပြီး ချမ်းငြိမ်းစိုးနှင့် အောင်ကိုကိုတို့လိုက်ပါလာသော သုံးဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရာ ငွေကျပ် ၁၀၅၈ သိန်းကျော် တန်ဖိုးရှိ ဘိန်းစိမ်း ၃၅ ဒသမ ၂၇၂၈ ကီလိုကိုလည်းကောင်း။

ထို့အတူ ယမန်နေ့ ညနေ ၄ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ရွှေဘိုမြို့အဝင် အောင်ပန်း-ရွှေဘိုသွားလမ်း မိုင်တိုင်အမှတ်(၁/၄၈)တွင် ဘုန်းပြည့်ကျော် မောင်းနှင်လာသည့်ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၂၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကိုလည်းကောင်း။

အလားတူ ယမန်နေ့ညနေပိုင်းတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် မိုင်းဖုံး(ခ)ကျေးရွာအုပ်စု ပါခုတ်စစ်ဆေးရေးဂိတ်အနီးတွင် စိုင်းလုံမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွ

ထွန်းကြိုင်နှင့် အောင်ကျော်ကျော်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဆေးပြား ၂၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် လောက်ကိုင်မြို့ အမှတ်(၃)ရပ်ကွက် ရှင်းယင်လမ်း ကိုးခန်းတွဲတိုက်ခန်းတွင် နေထိုင်သူ လူချမ်းဟော်၏ တိုက်ခန်းကိုရှာဖွေရာ စိတ်ကြွဆေးပြား ၄၂၀၀၊ အိုက်စ် သုည ဒသမ ၁၈၅ ကီလိုနှင့် ဘိန်းဖြူ သုည ဒသမ ၀၃၆၄ ကီလိုကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် ခတ်ခုံကျေးရွာအုပ်စု ခတ်ခုံကျေးရွာ-မိုမင်တန်သစ်ထုတ်လုပ်ရေးသွားလမ်း သစ်ဖွဲ့ပင်ပြန့်ဆင်စခန်းတဲနေ အောင်ကျော်ကျော်၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ထွန်းကြိုင်အားတွေ့ရှိပြီး ငွေကျပ် သိန်း ၁၄၂၂၀ တန်ဖိုးရှိ စိတ်ကြွဆေးပြား ၇၁၁၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

ကသာမြို့နယ် အင်းရွာဘိနယ်အတွင်းမှ တရားမဝင် ကျွန်းသစ်များ သိမ်းဆည်းရမိ

ကသာ ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် အင်းရွာဘိနယ်အတွင်းမှ တရားမဝင်ကျွန်းသစ်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ နံနက်ပိုင်းတွင် ကသာခရိုင်သစ်တောဦးစီးဌာနမှ လ/ထညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦး ဦးစီးသောအဖွဲ့နှင့် ကသာမြို့နယ်သစ်တောဦးစီးအရာရှိဦးဇော်ကိုကို ဦးစီးသောအဖွဲ့တို့သည် သက်သေများနှင့်အတူ သတင်းအရ ကသာမြို့နယ် အင်းရွာဘိနယ် သပြေသာကျေးရွာအနီး၊ အလယ်ရွာကျေးရွာအနီးနှင့် ရွှေလီမြစ်အတွင်းတို့တွင် ဝင်ရောက်ရှာဖွေရာ တရားမဝင်ကျွန်းသစ် ၁၀၇ လုံး၊ သုံးပေအောက်ကျွန်းသစ် အလုံး ၃၀ စုစုပေါင်း ၂၃ ဒသမ ၀၆၈ တန် သိမ်းဆည်းရမိသဖြင့် သစ်ပိုင်ရှင်အား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **လူအောင်(ကသာ)**

စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများသို့ သွားရောက်စစ်ဆေး

နေပြည်တော် ဇွန် ၁၃

နေပြည်တော် ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဥတ္တရခရိုင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများပါဝင်သည့် မြို့နယ်အဆင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ဇွန် ၁၁ ရက် နံနက်ပိုင်းက ဇေယျာသီရိမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမောင်မောင်ချင်း ဦးဆောင်သောအဖွဲ့သည် ဇေယျာသီရိမြို့နယ် ကုန်တိုက်အတွင်း ဖွင့်လှစ်ထားရှိသည့် မြဝတီဘဏ်ခွဲသို့ သွားရောက်ကာ လက်ဆေးစင်ထားရှိမှု၊ ဝန်ထမ်းများ နှာခေါင်းစည်းတပ်ဆင်မှု၊ မျက်နှာအကာအကွယ်များတပ်ဆင်မှု၊ နှာခေါင်းစည်းများ လုံလောက်မှု ရှိ၊ မရှိ၊ လက်အိတ်စွပ်ခြင်း၊ အပူချိန်တိုင်းကိရိယာများဖြင့် စစ်ဆေးခြင်း ရှိ၊ မရှိ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဦးနှင့်တစ်ဦး နီးကပ်မှုမရှိစေရန် ဆောင်ရွက်ထားရှိမှု၊ ကြမ်းပြင်များအား ဆေးကြောသန့်စင်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းစသည့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

ကိုရိုနာဗိုင်းရပ်စ် (COVID- 19) ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့









အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသည့်ဆေးဝါးများ ရောင်းချမှု ရှိ၊ မရှိစစ်ဆေး

မြိတ် ဇွန် ၁၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ဆေးရုံများ၌ ရောင်းချလျက်ရှိသောဆေးဝါးများကို အရည်အသွေး ပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ဆေးဝါးများ အများပြည်သူသုံးစွဲနိုင်စေရန် ရည်ရွယ်ချက်ဖြင့် မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ ဇွန် ၁၂ ရက်က ရှောင်တခင် စစ်ဆေးပညာပေးခဲ့ကြသည်။

"ကောင်းမွန်တဲ့ ဆေးဝါးရောင်းချမှု ကျင့်စဉ် သတ်မှတ်ချက်တွေနဲ့အညီ ကိုက်ညီခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးပြီးတော့ အွန်လိုင်းပေါ်မှာ အခု ပျံ့နှံ့နေ တဲ့ မြန်မာနိုင်ငံ ဆေးဝါးမှတ်ပုံတင်ထားခြင်း မရှိတဲ့ တရားမဝင် တုပ်ကွေးရောဂါကာကွယ်ဆေးတွေ ဆေးရုံငါးခုမှာရောင်းချခြင်း ရှိ၊ မရှိ ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ တရားမဝင်တုပ်ကွေး ကာကွယ်ဆေးက အများပြည်သူတွေအတွက် အာနိသင်ရော၊ အရည်အသွေးရော၊ ဘေးအန္တရာယ် ကင်းရှင်းဖို့ရော အာမခံချက်မရှိပါဘူး" ဟု မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမေသန်းနုက ပြောသည်။

မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာ၌ မြိတ်မြို့ရှိ ပုဂ္ဂလိကဆေးရုံလေးခုနှင့် ပြည်သူ့ဆေးရုံရှိဆေးရုံအထောက်အကူပြုကော်မတီ ဆေးဆိုင်တို့တွင် ဆေးဝါးရောင်းချခွင့်လိုင်စင် ရှိ၊ မရှိ၊ သက်တမ်းလွန်ဆေးဝါး၊ မှတ်ပုံတင်ထားခြင်း မရှိသောဆေးဝါး၊ ဆေးဝါးအတု၊ စံမညီဆေးဝါး ရောင်းချခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးပညာပေးခဲ့ကြသည်။

"တရားမဝင် တုပ်ကွေးကာကွယ်ဆေးရောင်းချခြင်း ရှိ၊ မရှိ ပုဂ္ဂလိကဆေးရုံတွေရော မြိတ်မြို့ပေါ်မှာရှိတဲ့ လက်ကားဆေးဆိုင်တွေရော ရှောင်တခင်လည်း စစ်တယ်။ ပုံမှန်လည်း လစဉ်ဆေးဆိုင်တွေ ကွင်းဆင်းစစ်ဆေးရင်းနဲ့လည်း စစ်ဆေးပြီးတော့ ဒါတွေ မရောင်းချဖို့လည်း ပညာပေးတာတွေလုပ်နေပါတယ်။ ရောင်းချတာလည်း လောလောဆယ်မှာ စစ်ဆေးသမျှဆိုင်တွေမှာ မတွေ့ရှိပါဘူး" ဟု မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဦးစီးအရာရှိက ထပ်လောင်းပြောကြားသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ မြိတ်ခရိုင် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြည်သူများ စားသုံးရန်နှင့် သုံးစွဲရန် မသင့်သောအစားအသောက်များ၊ အလှကုန်များ၊ ဆေးဝါးများရောင်းချမှု ရှိ၊ မရှိကို လစဉ် အပတ်စဉ် စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ရွေ့လျားဓာတ်ခွဲယာဉ်ဖြင့် ရှောင်တခင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုများရှိကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

သီလရှင် ၇၈၃ ပါးအား ဆွမ်းဆန်နှင့်ဆီ လှူဒါန်း

ရန်ကုန် ဇွန် ၁၃

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဆွမ်းဆန်အဆင်ပြေစေရေးအတွက် သီတဂူဆရာတော်ကြီးက သင်္ဃန်းကျွန်းမြို့နယ်အတွင်း သီလရှင်ကျောင်းများရှိ သီလရှင်များအား တစ်ပါးလျှင် ဆန် ၁၆ ပြည်အိတ်တစ်အိတ်နှင့် အမေထွားဆီ တစ်ပိဿာဘူး တစ်ဘူးနှုန်းဖြင့် ယမန်နေ့က ပေးဝေလှူဒါန်းခဲ့သည်။

သင်္ဃန်းကျွန်းမြို့နယ်တွင် သီလရှင်စုစုပေါင်း ၇၈၃ ပါး သီတင်းသုံးလျက်ရှိရာ အဆိုပါ လှူဒါန်းမှုများကို သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံသီလရှင်စာသင်တိုက်မှ ဖြန့်ဝေပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ရဲမင်းထွန်း(ပြန်/ဆက်)

စေတနာ့ဝန်ထမ်းကျန်းမာရေး အသိပညာပေး ဆင့်ပွားသင်တန်းဖွင့်

ကောလင်း ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ စေတနာ့ဝန်ထမ်းကျန်းမာရေး အသိပညာပေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဓာတ်မာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်းက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ကောလင်းမြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်း ၅၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရေပြင်ရှာဖွေကယ်ဆယ်ရေးနှင့် စက်လှေမောင်းနှင်ကိုင်တွယ်မှု သင်တန်းဆင်း

မန္တလေး ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှကြီးမှူး၍ ရေပြင်ရှာဖွေ ကယ်ဆယ်ရေးနှင့် စက်လှေ မောင်းနှင်ကိုင်တွယ်မှုသင်တန်း(၁/၂၀၂၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သရက်တစ်ပင်ဆိပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ထို့နောက် ဧရာဝတီမြစ်အတွင်း စပိဘုတ်များဖြင့် ရေပြင်အသက်ကယ်လှေကျင့်ခန်း သရုပ်ပြသနေမှု၊ စက်လှေမောင်းနှင်နေမှုနှင့် မြစ်အတွင်း ရေယာဉ်များမီးလောင်မှု ငြိမ်းသတ်ခြင်း၊ ရေနစ်နေသူအား ရှာဖွေကယ်ဆယ်ခြင်း သရုပ်ပြသည်။

ရေပြင်ရှာဖွေကယ်ဆယ်ရေးနှင့် စက်လှေမောင်းနှင် ကိုင်တွယ်မှု သင်တန်း (၁/၂၀၂၀)တွင် မန္တလေးခရိုင်အတွင်းရှိ သန္နေနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်သင်ကြားလျက်ရှိပြီး တစ်ပတ်ကြာ သင်ကြားလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

လှိုင်းဘွဲ့ ဇွန် ၁၃

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်၍ ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး အသိပညာပေးဗီနိုင်းစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ၊ ငါးသားပေါက်များဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက မြို့မဈေး၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေးဗီနိုင်းကို မြို့မဈေးရှေ့တွင် စိုက်ထူပေးခဲ့ပြီး ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိက္ခာများစားသုံးပေး အသိပညာပေးလက်ကမ်းစာစောင်များကို မြို့မဈေးအတွင်းရှိ ဈေးရောင်းချသူများ၊ ဈေးလာရောက်ဝယ်ယူသူများထံသို့ ပေးအပ်ခဲ့ပြီး ရေကန်အတွင်းထည့်သွင်းမွေးမြူနိုင်ရန် ငါးခုံးမကောင်ရေ ၁၁၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ငဖဲမြို့နယ် မန်းချောင်းရေလှောင်တမံ အကူရေပိုလွှဲတည်ဆောက်ခြင်း ၉၅ ရာခိုင်နှုန်းပြီးစီး

ငဖဲ ဇွန် ၁၃

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် မန်းချောင်းရေလှောင်တမံဆည်တွင် အကူရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့ထိလုပ်ငန်း၏ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၃)မှ ဦးစီးအရာရှိ(မြို့ပြ)ဦးအောင်ကျော်မိုးထံမှ သိရသည်။

အဆိုပါလုပ်ငန်းသည် ငဖဲမြို့မှ လေးမိုင်ခန့်အကွာ မန်းချောင်းရေလှောင်တမံဘေးတွင်တည်ရှိပြီး အကျယ်ပေ ၃၀၀ ရှိ အကူရေပိုလွှဲတည်ဆောက်ခြင်းဖြစ်ကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၂၀၀၀ ဖြင့် လုပ်ငန်း ၁၂ ခု ကို ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းပြီးစီးမည့်ကာလမှာ ဇွန် ၃၀ ရက် အထိဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

မကျီးတန်းဆည် နုန်းဆယ်ခြင်းလုပ်ငန်း ဆောင်ရွက်

တပ်ကုန်း ဇွန် ၁၃

နေပြည်တော် တပ်ကုန်းမြို့နယ် ဆည်ထိပ်ကျေးရွာအနီး တိမ်ကောနေသည့် မကျီးတန်းဆည်အား နုန်းဆယ်ခြင်းလုပ်ငန်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း၊ မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါနုန်းဆယ်ခြင်းလုပ်ငန်းတွင် အရှည် ပေ ၁၁၀၀၊ အကျယ် ပေ ၇၀၊ အနက် သုံးပေခွဲ၊ ကျင်းပေါင်း ၁၅၀၀ ခန့် လုပ်ငန်းလျာထားပြီး ဘက်ဟိုးယာဉ် တစ်စီး၊ မြေသယ်ယာဉ်အကြီး၊ အသေး ၁၈ စီးဖြင့် လုပ်ငန်းဆောင်ရွက်ခဲ့ရာ ယနေ့ထိ လုပ်ငန်းပြီးစီးမှုမှာ ၄၀ ရာခိုင်နှုန်းခန့် ဖြစ်သည်။

မကျီးတန်းဆည် နုန်းဆယ်ခြင်း လုပ်ငန်းပြီးစီးပါက ဆည်ထိပ်၊ ပင်းစု၊ သရက်တောနှင့် ဇရပ်ကြီးကုန်း ကျေးရွာများမှ စုစုပေါင်းတောင်သူ ၆၀ ခန့်၊ လယ်ဧက ၁၂၀ အတွက် စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ပြင်ဆင်မှုများပြုလုပ်ရန် မြန်မာ့လက်ရွေးစင်အသင်း စီစဉ်

ရန်ကုန် ဇွန် ၁၃

မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာလတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများအတွက် ပြင်ဆင်မှုများပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်လေ့ကျင့်နိုင်ရန်

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ လက်ကျန်ပွဲများကို အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါအခြေအနေအပေါ်မူတည်၍ ပြန်လည်လေ့ကျင့်နိုင်ရန် နည်းပြချုပ် အန်တွမ်နီပေးနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီတို့ ဆွေးနွေးမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းအတွက် လက်ကျန်ပွဲများမှာ အရေးပါလျက်ရှိပြီး ပြည်တွင်းလိဂ်ပြိုင်ပွဲအပေါ်မူတည်၍ လေ့ကျင့်ပြင်ဆင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ ပြည်တွင်းလိဂ်ပြိုင်ပွဲဖြစ်သည့် MNL အမှတ်ပေးပြိုင်ပွဲကို ဩဂုတ်လတွင် စတင်ကျင်းပရန် လျာထားပြီး ယင်းကာလတွင် စတင်ကျင်းပနိုင်ပါက မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် လေ့ကျင့်မည့်အစီအစဉ်ကို ကလပ်အသင်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လက နောက်ဆုံးလေ့ကျင့်ခဲ့ပြီး ပဏာမကစားသမား ၂၀ ကျော်ဖြင့် ကာလတိုလေ့ကျင့်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အုပ်စု (F) ၌ပါဝင်နေပြီး ငါးပွဲကစား ခြောက်မှတ်ရရှိထားသည်။ မြန်မာအသင်းသည် အုပ်စုလက်ကျန်ပွဲများအဖြစ် အောက်တိုဘာ ၈ ရက်တွင် ဂျပန်အသင်းနှင့် အဝေးကွင်း၊ အောက်တိုဘာ ၁၃ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် တာဂျစ်ကစ္စတန်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

◆ **ကျောဖုံးမှ**

ပွဲစဉ် (၁၈)ကို ၂၈၊ ၂၉ ရက်၊ ပွဲစဉ် (၁၉)ကို စက်တင်ဘာ ၁၊ ၂ ရက်၊ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၂၀) ကို စက်တင်ဘာ ၅၊ ၆ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် နောက်ဆုံးပွဲစဉ်ဖြစ်သည့် ပွဲစဉ် (၂၀) ကျင်းပမည့်ကွင်းများကို သတ်မှတ်ခြင်းမရှိသေးဘဲ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်နိုင်သည့်ပွဲအပေါ်မူတည်၍ ကွင်းသတ်မှတ်မည်ဖြစ်သည်။ ကလပ်အသင်းများနှင့် ညှိနှိုင်းရေးဆွဲထားသည့် လက်ကျန်ပွဲများကို သက်ဆိုင်ရာသို့ တင်ပြပြီး ခွင့်ပြုချက်ရပါက သတ်မှတ်ထားသည့်အတိုင်း ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ၁၀ သင်းသာ ကျန်ရှိသောကြောင့် ၁၈ ပွဲသာ ကစားရမည်ဖြစ်ပြီး ဟံသာဝတီနှင့် စစ်ကိုင်းအသင်းမှလွဲ၍ ကျန်အသင်းများမှာ ပထမအကျော့ပြီးဆုံးရန် နှစ်ပွဲစီ ကစားရမည်ဖြစ်သည်။

ယခုရာသီ MNL ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့်အသင်းများအနက် ဇွဲကပင်နှင့် ချင်းယူနိုက်တက်အသင်းတို့မှာ ဖျက်သိမ်းသွားပြီဖြစ်သောကြောင့် လက်ကျန်ပွဲများကို ပြန်လည်ရေးဆွဲကာ ယင်းနှစ်သင်း၏ ကစားပြီးသည့်ပွဲရလဒ်အားလုံးကိုလည်း ပယ်ဖျက်ခဲ့သည်။ အစည်းအဝေးတွင် ယင်းနှစ်သင်း၏ ရလဒ်များပယ်ဖျက်ပြီးသည့် အမှတ်ပေးဇယားကို ပြန်လည်အတည်ပြုခဲ့ပြီး အသင်းအချို့မှာ ရပ်တည်မှုများ ပြောင်းလဲခဲ့သည်။

သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်

တိုက်စစ်မှူး တီမိုဝါနာ(ဝဲ)နှင့် နည်းပြ ဖရန့်လမ်းပတ် (ယာ)

ချယ်လ်ဆီးအသင်းက လိုက်ဇစ်တိုက်စစ်မှူး တီမိုဝါနာကို ယခုတစ်ပတ်အတွင်း စာချုပ်ချုပ်ဆိုရန် ပြင်ဆင်နေ

ချယ်လ်ဆီးအသင်းဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် လိုက်ဇစ်အသင်းရဲ့ တိုက်စစ်မှူး တီမိုဝါနာကို အခုတစ်ပတ်အတွင်း စာချုပ်ချုပ်ဆိုရန် ပြင်ဆင်နေတယ်လို့ သိရပါတယ်။

ချယ်လ်ဆီးအသင်းအနေနဲ့ ဂျာမနီကြယ်ပွင့် တီမိုဝါနာနဲ့ ဆွေးနွေးမှုတွေပြုလုပ်ခဲ့ပြီးနောက် တီမိုဝါနာရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၅၀ ပေးဖို့ ဆန္ဒရှိနေတယ်လို့လည်း သိရပါတယ်။

စစ်တွေမြို့၊ ရှုပမြောက်ရပ်ကွက်နေ (ဦးထွန်းလှဦး-ဒေါ်မလုံး)တို့၏သမီး၊ (ဒေါ်ဝေသာ)-ဦးရွှေကျော်၊ ဦးထွန်းရွှေ-ဒေါ်မစံသာတို့၏ညီမ၊ ဦးထွန်းမင်း-ဒေါ်သီတာဆွေတို့၏အစ်မ၊ တူ/တူမ ၁၀ ယောက်တို့၏အဒေါ် ဒေါ်အေးကြည်သည် ၁၃-၆-၂၀၂၀(စနေနေ့) နံနက် ၈:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးခင်မြင့်
ဘူမိဗေဒအရာရှိ (ငြိမ်း)
အသက် (၆၃) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့၊ မြို့သစ်ရပ်ကွက်နေ (ဦးချစ်ဖေ-ဒေါ်သိန်းမြ)တို့၏ သား၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်နေ ဦးတင်အေး-(ဒေါ်သန်းနွဲ့)၊ ကော့မှူးမြို့နယ်၊ နတ်စင်ကုန်း(စံပြ)ကျေးရွာနေ ဦးလှရွှေ-ဒေါ်စန်းမြင့်၊ ကော့မှူးမြို့၊ မြို့သစ်ရပ်ကွက်နေ ဦးတိတ်အောင်-ဒေါ်သန်းသန်းထွေးတို့၏ညီ/မောင်၊ မောင်သန်းနိုင်၊ မစုငယ်၊ မောင်ထွန်းထွန်း၊ မောင်ဝင်းထူး-မခင်မျိုးနွယ်၊ မောင်လင်းဇော်-မယဉ်စုပိုင်၊ မောင်သန်းထွန်းအောင်၊ မချယ်ရီအောင်၊ မောင်အာကာအောင်၊ မထူးထူးအောင်၊ မောင်ရဲရင့်အောင်တို့၏ဦးလေးသည် ၁၂-၆-၂၀၂၀ (သောကြာနေ့) ည ၉:၂၆ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အမှတ်(၂၀၇/က)၊ ပထမထပ်၊ စံချိန်သစ်လမ်း၊ သွပ်ဝိုင်းကြီး ရပ်ကွက်၊ သုဝဏ္ဏနေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအားအသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းသန်းညွန့်
အသက် (၆၂) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၄၉-ဃ)နေ (ဦးအောင်လှ-ဒေါ်ငြိမ်းတင်)တို့၏သမီး၊ ဦးကျော်ဝဏ္ဏ (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)၏ဇနီး၊ ကိုထွန်းထွန်းဝင်း-မစုလဲ့မြတ်မွန်၊ ကိုဝင်းဖြိုးဟိန်း-မအိသက်ပိုင်မိုး၊ ကိုလင်းမြတ်သန့်ဇင်-မခိုင်ပြည့်ဖြိုးအေး၊ ကိုဘုန်းပြည့်ထက်အောင်တို့၏မိခင်၊ မြေး ငါးယောက်တို့၏အဘွားသည် ၁၂-၆-၂၀၂၀ ရက် ညနေ ၅:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၀ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ ဒါယိကာမကြီး
ဒေါ်အေးအေး (မိုးကုတ်)
အသက် (၉၉) နှစ်

မိုးကုတ်မြို့၊ မြို့မရပ်နေ ကျောင်းအမကြီး (ဒေါ်ဖုံ)၏သမီး၊ (ဦးအောင်ကျော်-ဒေါ်စိန်စိန်)၊ (ဦးမြင့်)-ဒေါ်သန်းသန်းတို့၏ညီမ၊ ဦးလှရွှေ-ဒေါ်လှလှတို့၏အစ်မ၊ ရန်ကုန်မြို့၊ အမှတ်(၁၀၁)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးသိန်းလွင်)၏ဇနီး၊ ဦးသိန်းဇော်လွင်-ဒေါ်မေသီခ NY၊ ဒေါက်တာဒေါ်အေးအေးလွင်၊ ဦးမြင့်ဇော်လွင်-(ဒေါ်နွဲ့နွဲ့ရီ)တို့၏မိခင်၊ မယုယုဝေလွင် NY၊ (ကိုဝေဖြိုးလွင်)၊ ကိုခန့်ဖြိုးလွင် NY၊ မစိုးစန်းထက် San Fransisco၊ မစန်းသီတာအောင်-ကိုကျော်မင်းသူ San Fransisco၊ ဒေါက်တာနှင်းနုအေး၊ မဆွေဆွေအောင်-ကိုကျော်သူဝင်း၊ ကိုအောင်မြင့်ဇော်-(မရတနာ)၊ ကိုရဲမင်းဇော်-မကျော့ကျော့ခိုင်၊ ကိုအောင်ကိုဇော်တို့၏ အဘွားသည် ၁၁-၆-၂၀၂၀ (ကြာသပတေးနေ့) ည ၇:၁၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၂၀ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဓမ္မာရုံ ဒါယကာကြီး
ဦးခင်မောင်ကြီး
(လ/ထ စက်ရုံမှူး -ငြိမ်း၊ ချည်မျှင်နှင့် အထည်စက်ရုံ-သမိုင်း)
အသက် (၈၉) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သုခလမ်းနေ (ဦးတင်ကြီး-ဒေါ်မခင်)တို့၏ တစ်ဦးတည်းသောသား၊ (ဦးစောဖေ-ဒေါ်သောင်းငွေ)တို့၏ သားသမက်၊ (ဒေါ်စိန်စိန်)၏ခင်ပွန်း၊ ဒေါ်ခင်လေးချို(KLC Computer)၊ ဦးကျော်မင်းနိုင်-ဒေါ်ငြိမ်းနန္ဒာကျော်၊ ဒေါ်ခင်မျိုးမြတ်တို့၏ ချစ်လှစွာသောမွေးသဖခင်၊ မယွန်းပန်းချီ၊ မောင်ကောင်းလက်ရုံး၊ မယော့ကား (အသေးလေး)၊ မယော့မိုး (မိုးမိုး)၊ မယော့ကျား (ဖိုးလုံး)တို့၏ချစ်လှစွာသောအဘိုး ဦးခင်မောင်ကြီးသည် ၁၂-၆-၂၀၂၀ ရက် ည ၇:၁၀ နာရီတွင် ဝိတိုရိယဆေးရုံကြီး (ICU)၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးခိုင်အောင် (ခ) လှစောထွန်း
အသက် (၈၈) နှစ်

ရခိုင်ပြည်နယ်၊ ရသေ့တောင်၊ ဆင်အိုးရွာနေ (ဦးညိုပန်းအောင်-ဒေါ်ကြာနုဖြူ)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ ထန်းတပင်လမ်း၊ တိုက်(၂၂)၊ လေးလွှာ (အေ)နေ (ဒေါ်ခင်စန်း)၏ခင်ပွန်း၊ (ဒေါ်မြစိန်)၏မောင်၊ (မောင်ကျောက်တောင်)၊ ကိုစောထွန်းကျော်၊ [မငယ်မ(ခ)မြစောနု]၊ ဦးစောလှစိန်တို့၏အစ်ကို၊ ဒေါ်ပွင့်သဇ္ဇာအောင်၏ ချစ်လှစွာသောဖခင် ဦးခိုင်အောင်သည် ၁၂-၆-၂၀၂၀ (သောကြာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးအာသာအောင်သိန်း
အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၇) ရပ်ကွက်၊ သီရိမင်္ဂလာရိပ်သာလမ်းနေ (ဦးဟုန်ကြန်-ဒေါက်တာဒေါ်ငွေညွန့်)တို့၏သား၊ (ဦးခင်မောင်သန်း)-ဒေါ်ခင်မေအုန်း၊ (ဦးအောင်ဘွင့်)-ဒေါ်တင်တင်ရီ၊ (ဦးဇော်ဝင်း)-ဒေါ်ကျင်မူတို့၏မောင်၊ (Reggieမြင့်သိန်း)၊ ဒေါက်တာ Austin မြင့်ထူးတို့၏ အစ်ကို၊ ဒေါက်တာမောင်မောင်မြင့်၊ Captain မောင်မောင်ဝင်း၊ ကိုမောင်မောင်ကြည်၊ ကိုမောင်မောင်လင်း၊ Captain တိုင်းထွဋ်၊ ဒေါ်မြင့်မြင့်စိန်၊ ဒေါ်ဝေဝေသန်း၊ ကိုကျော်ကျော်သန်း၊ မသန်းသန်းဝင်း၊ မခင်ဥမ္မာ၊ ကိုမျိုးဆက်တို့၏ဦးလေး ဦးအာသာအောင်သိန်းသည် ၉-၆-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးသိန်းမြင့်
အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇) ရပ်ကွက်၊ မင်းရဲကျော်စွာ (၄)လမ်း၊ အမှတ်(၂၁၁)နေ (ဦးကျင်တိုင်-ဒေါ်ကျင်မြ)တို့၏သားထွေး၊ (ဦးအောင်ခင်)-ဒေါ်ခင်အေးဝင်း၊ (ဦးအောင်ဆန်း)တို့၏ညီ၊ ဒေါ်တင်လှိုင်၏ခင်ပွန်း၊ ဦးဝင်းမြင့်ဦး-ဒေါ်နွယ်နီဝင်း၊ ဦးအောင်ကိုဟိန်းတို့၏မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၂-၆-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၆-၂၀၂၀ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကျော်မင်းထွဋ် (၄၃)နှစ်
အထက(၂) ဗဟန်း ကျောင်းသားဟောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းသွယ် (၃) လမ်း၊ အမှတ်(၁၁၅၅)နေ (ဦးခိုင်မြင့်ဆွေ)-ဒေါ်မြင့်မြင့်ကြည်တို့၏ သားထွေး၊ ဦးဇေယျာဆွေ-ဒေါ်အေးအေးသင်း၊ ဒေါ်သက်သက်ဆွေ၊ ဦးကျော်မြင့်-ဒေါ်သင်းသင်းဆွေ၊ (ဦးအောင်ကျော်ခိုင်)-ဒေါ်သန္တာဦး၊ (ဦးဝေလင်း)-ဒေါ်နန်းဖြူဖြူထွေး၊ ဦးစိုးလင်း-ဒေါ်ယုယုအေးတို့၏ညီ/မောင်၊ (ဒေါ်မြတ်မြတ်မင်း)၏ခင်ပွန်း၊ မောင်အောင်ကောင်းမြတ်လင်း-မအေးမြငြိမ်း၊ မောင်ထူးခန့်ပိုင်တို့၏ဖခင်၊ တူ/တူမ ကိုးယောက်တို့၏ ချစ်လှစွာသောဦးလေး ဦးကျော်မင်းထွဋ် အသက်(၄၃)နှစ်၊ အထက(၂) ဗဟန်း ကျောင်းသားဟောင်း သည် ၁၂-၆-၂၀၂၀ (သောကြာနေ့) ညနေ ၄ နာရီတွင် (၉၆) ပါးသောရောဂါဝေဒနာဖြင့် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါ၍ ကြွင်းကျန်သောရုပ်ကလာပ်ကို ၁၄-၆-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ၏ သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၁၅-၆-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံအတွင်း COVID- 19 ရောဂါကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် အထက်ပါညွှန်ကြားချက်၏ သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် (၃၀-၆-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၂၅၃ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

ချင်းရွှေဟော် ဇွန် ၁၃

မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ဝင်ရောက်လာသော မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီက ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီခွဲက နေရပ်ပြန်ပြည်သူ ၂၅၃ ဦးအား လားရှိုးမြို့သို့ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၂၅၃ ဦးတွင် အမျိုးသား ၁၁၆ ဦး၊ အမျိုးသမီး ၁၃၇ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၂၇ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၂ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၄၀၊ မကွေးတိုင်းဒေသကြီးမှ ၁၄၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၅ ဦးနှင့် နေပြည်တော်မှ နှစ်ဦးဖြစ်ကြောင်း သိရသည်။

လွှဲပြောင်းပို့ဆောင်

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူများမှာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၆၀၆၁ ဦးနှင့် အမျိုးသမီး ၄၇၁၆ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၀၇၇၇ ဦး တို့ကို စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)

သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

နေပြည်တော် ဇွန် ၁၃

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ ယနေ့ ဖတ်စရာ

တန်ဖိုးကြီးအမှိုက်များကို မလိုအပ်ဘဲ ဝယ်ယူသုံးစွဲခြင်းမှ ရှောင်ရှားကြပါစို့ ဆောင်းပါး စာမျက်နှာ » ၆

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပွားသည့် စိန်ခေါ်မှုများကို အိန္ဒိယနှင့် လာအိုဝန်ကြီးချုပ်တို့ ဖုန်းဖြင့် ဆွေးနွေး စာမျက်နှာ » ၁၁

ကပ်ဘေးကြီး ဆုံးခန်းတိုင်စေ ပြုံးပန်းလှိုင်ဝေ ပြည်သူများ စာမျက်နှာ » ၁၄

ဆောင်းဂျွန်ကီရဲ့ရုပ်ရှင်သစ် ရုံတင်မယ့်ရက် ရွှေ့ဆိုင်း စာမျက်နှာ » ၂၃

၂၀၂၀ MNL အမှတ်ပေးပြိုင်ပွဲ လက်ကျန်ပွဲများကို ဇူလိုင် ၁၆ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ကျင်းပရန် သတ်မှတ်

ရန်ကုန် ဇွန် ၁၃

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ကိုဗစ်-၁၉ ရောဂါကြောင့် ရွှေ့ဆိုင်းထားသည့် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ လက်ကျန်ပွဲများကို ဇူလိုင် ၁၆ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ကျင်းပရန် သတ်မှတ်လိုက်ပြီဖြစ်သည်။

လက်ကျန်ပွဲ ၅၄ ပွဲကို ရက်ပေါင်း ၅၀ ကျော်အတွင်း အပြီးကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ YUSC ကွင်းနှင့် ပဒုမ္မာကွင်းတို့၌ ကျင်းပသွားမည်ဖြစ်သည်။ လက်ကျန်ပွဲများအနက် ပွဲစဉ် (၁၀) ပွဲကျန်များကို ဇူလိုင် ၁၆၊ ၁၇ ရက်၊ ပွဲစဉ် (၁၁) ကို ဇူလိုင် ၂၀၊ ၂၁ ရက်၊ ဒုတိယအကျော့ ပွဲစဉ် (၁၂) ကို ဇူလိုင် ၂၄၊ ၂၅ ရက်၊ ပွဲစဉ် (၁၃)ကို ဇူလိုင် ၂၈၊ ၂၉ ရက်၊ ပွဲစဉ် (၁၄) ကို ဩဂုတ် ၁၊ ၂ ရက်၊ ပွဲစဉ် (၁၅) ကို ဩဂုတ် ၈၊ ၉ ရက်၊ ပွဲစဉ် (၁၆) ကို ဩဂုတ် ၁၅၊ ၁၆ ရက်၊ ပွဲစဉ် (၁၇) ကို ဩဂုတ် ၂၂၊ ၂၃ ရက်၊

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ◆

၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာအောင်စာရင်းထုတ်ပြန် တစ်ဦးနှင့် တစ်ဦး ခြောက်ပေစီခြား၍ ကြည့်ရှု

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီးအပါအဝင် နိုင်ငံတစ်ဝန်း ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်၏ အခြေခံပညာ Grade-1 (သူငယ်တန်း) မှ Grade-10 (နဝမတန်း) အထိ အောင်စာရင်း ယနေ့ နံနက်ပိုင်းတွင် ထုတ်ပြန်ကြေညာပေးလိုက်ပြီဖြစ်ရာ အဋ္ဌမတန်းအထိ ရာနှုန်းပြည့် အောင်မြင်ခဲ့ပြီး နဝမတန်းတွင် အနည်းငယ် ကျရှုံးမှုများရှိကြောင်း အောင်စာရင်းထုတ်ပြန်ပေးသော အခြေခံပညာကျောင်းများမှ သိရသည်။

ခြောက်ပေအကွာနဲ့ ကြည့်ခွင့်ပေး

"ဒီကာလက ကိုဗစ်ကာလဖြစ်နေတော့ အောင်စာရင်းတွေကြည့်တဲ့အခါမှာ ကျောင်းသားတွေနဲ့ မိဘတွေကို ရှေ့၊ နောက်၊ ဘေး ခြောက်ပေအကွာနဲ့ ကြည့်ခွင့်ပေးထားပါတယ်။ နှာခေါင်းစည်းမဝတ်ထားရင် ကျောင်းဝင်းထဲ ဝင်ပြီး

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❐

ရန်ကုန်မြို့ အထက (၂) မရမ်းကုန်းတွင် တစ်ဦးနှင့်တစ်ဦး ခြောက်ပေစီခြား၍ အောင်စာရင်းကြည့်ရှုနေကြသူများကို တွေ့ရစဉ်။

အပန်းဖြေလေ့လာစရာ နတ်မတောင်အမျိုးသားဥယျာဉ်ဆီသို့သာ

မင်းလပြည့်(ဟားခါး)

နတ်မတောင်အမျိုးသားဥယျာဉ်သည် မြန်မာနိုင်ငံတွင် ထင်ရှားသောအမျိုးသားဥယျာဉ်တစ်ခု ဖြစ်ပါသည်။ နတ်မတောင်အမျိုးသားဥယျာဉ်ကား ကန်ပက်လက်မြို့အနီးတွင် တည်ရှိသည်။ ကန်ပက်လက်မြို့သည် ချင်းပြည်နယ်တောင်ပိုင်းတွင်ရှိပြီး ကန်ပက်လက်သို့ မော်တော်ယာဉ်ဖြင့် လာပါက ညောင်ဦး-ကန်ပက်လက် ၁၀၃ မိုင်၊ ရန်ကုန် -ချောက် ၄၀၉ မိုင်၊ ချောက်-ကန်ပက်လက် ၈၅ မိုင်၊ ကျောက်ထု-ကန်ပက်လက်-မင်းတပ် ၃၇ မိုင်၊ မတူပီ-မင်းတပ် ၁၀၂ မိုင် သွားလာရသည်။ ကန်ပက်လက်မြို့သည် ရပ်ကွက်နှစ်ခု၊ ကျေးရွာအုပ်စု ၂၆ ခု၊ ကျေးရွာ ၁၀၉ ရွာ၊ လူဦးရေ ၂၃၀၀၀ ကျော် နေထိုင်ကြသော တောင်ပေါ်အပန်းဖြေစခန်းမြို့လည်း ဖြစ်သည်။

နတ်မတောင် အမျိုးသားဥယျာဉ်ရှိသည့် ဝိတိုရိယ (ခေါ်) ခေါ်နူးစုမ်တောင်သည် ဟိမဝန္တာတောင်၏ တောင်ဘက်အကျဆုံးဖြစ်သည်။ ခေါ်နူးစုမ်ဆိုသည်မှာ “ခေါ်-နယ်မြေ၊ နူး-အမေ၊ စုမ်-တောင်”ဟု အဓိပ္ပာယ်ရကြောင်း သိရသည်။ မူလမီးတောင်တစ်ခုဖြစ်ပြီး အရှေ့တောင်အာရှတွင် အမြင့်ဆုံးမြေသားတောင်ဖြစ်သည်။ ၁၉၃၆ခုနှစ်က ဘောလီမိုးကြိုးဝိုင်းအဖြစ် တည်ထောင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် နတ်မတောင် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့သည်။ ကန်ပက်လက်၊ မင်းတပ်ဖြင့် ဖွဲ့စည်းထားသော မင်းတပ်ခရိုင်တွင် တည်ရှိပါသည်။ ကန်ပက်လက်ဟု ခေါ်ရခြင်းမှာ ယခင်က လောင်နူး(ခေါ်) ရေကန်ကြီးတစ်ခုရှိပြီး ပုလဲရောင်ကျောက်တုံးကြီးတစ်လုံး ရေထဲရှိနေသောကြောင့် ကန်ပုလဲဟုခေါ်ရာမှ ကန်ပက်လက်ဟု ပြောင်းလဲခေါ်တွင်လာကြောင်း သိရပါသည်။

နတ်မတောင်အမျိုးသားဥယျာဉ်ကို ၁၉၉၅ ခုနှစ်မှ စတင်အကောင်အထည်ဖော်ပြီး အခြေစိုက်ရုံးကို ကန်ပက်လက်မြို့၌ ဖွင့်လှစ်ထားသည်။ နတ်မတောင်အမျိုးသားဥယျာဉ်သည် မြန်မာနိုင်ငံသာမက ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများ မှီခိုကျက်စားရာ အရေးကြီးသော သဘာဝထိန်းသိမ်းနယ်မြေလည်း ဖြစ်သည်။ ယခုအခါ နတ်မတောင်အမည်အား ခေါ်နူးစုမ်အဖြစ် ပြောင်းလဲခေါ်ဝေါ်ရန် တင်ပြထားကြောင်း သိရှိရသည်။

နတ်မတောင်အမျိုးသားဥယျာဉ် ထားရှိခြင်းရည်ရွယ်ချက်များမှာ တောင်ပေါ်ဇီဝမျိုးစုံမျိုးကွဲ ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းကာကွယ်ရန်၊ နိုင်ငံတော်၏ အရေးကြီးသော ရေဝေဒေသကို အချိန်မီ ထိန်းသိမ်းကာကွယ်ရန်၊ အမျိုးသားဥယျာဉ်တည်ဆောက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာစေရန်၊ သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း (Ecotourism)ဖြင့် နိုင်ငံခြားဝင်ငွေ ရရှိလာစေရန်တို့ ဖြစ်သည်။ မြေမျက်နှာသွင်ပြင်မှာ တောင်ကုန်း၊ တောင်တန်းများ ပေါများပြီး သက်နုကျောက်တုံးများနှင့် သလင်းကျောက်တို့ဖြင့် ဖွဲ့စည်းထားသည်။

နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၆၅ လက်မရှိပြီး အမြင့်ဆုံးအပူချိန် ၃၂ ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် ၃ ဒီဂရီစင်တီဂရိတ်ရှိသည်။

နတ်မတောင် အမျိုးသားဥယျာဉ်တွင် ငှက်မျိုးစိတ်ပေါင်း ၃၀၀ ကျော်ရှိမည်ဟု ခန့်မှန်းထားသည်။ ယနေ့အထိ ငှက်မျိုးစိတ်ပေါင်း ၂၈၄ မျိုးအား မျိုးစိတ်ခွဲခြားပြီး ဖြစ်သည်။ မျက်ခုံးမွေးဖြူငှက်ပြာခြောက်သည် တစ်ကမ္ဘာလုံး၌ နတ်မတောင်တွင်သာ တွေ့ရသော ဇာတိငှက်မျိုးစိတ် ဖြစ်သည်။ မျိုးငှက် ၃၄၅ မျိုး ရှိသည်။ တွေ့ရှိရသည့် ငှက်မျိုးစိတ်များတွင် ရှားပါးငှက်မျိုးစိတ်များဖြစ်သည့် မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော မျိုးစိတ်၊ လင်းတကျောဖြူ မျက်ခုံးဖြူငှက်ပြာခြောက်၊ အောင်လောင်ရင်အုပ်နီ၊ ဇာမဏီတို့ပါဝင်ပြီး မျက်ခုံးဖြူ ငှက်ပြာခြောက်သည် နတ်မတောင် အမျိုးသားဥယျာဉ်နှင့် ပတ်ဝန်းကျင်ဒေသတွင်သာ တွေ့ရှိရသည့် ဒေသရင်း ငှက်မျိုးစိတ် ဖြစ်သည်။

သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံ ကိုချီပြည်နယ်ရှိ မာကီနိုရုက္ခဗေဒဥယျာဉ်တို့ ပူးပေါင်းပြီး ရေညှိပင် (Mosses)မျိုးစိတ် ခွဲခြားခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ရေညှိပင် (Mosses) ၁၅၂ မျိုးအား မျိုးစိတ်ခွဲခြားနိုင်ခဲ့ပြီဖြစ်သည်။ Hyprodontopis Spatalata သည် ကမ္ဘာပေါ်တွင် နတ်မတောင်တွင်သာ တွေ့ရသော ဇာတိမျိုးစိတ် ဖြစ်သည်။

နတ်မတောင်အမျိုးသားဥယျာဉ်အတွင်း၌ ပိုးတောင်မာ (Beetle) မျိုးစိတ်ပေါင်း ၁၀၀၀၀ ကျော်ခန့်ရှိမည်ဟု ခန့်မှန်းထားပြီး ပိုးတောင်မာ ၃၂ မျိုးသာ မျိုးစိတ်ခွဲခြားရရှိပြီး ဖြစ်သည်။ လိပ်ပြာ မျိုးစိတ်ပေါင်း ၇၇ မျိုး ခွဲခြားနိုင်ခဲ့ပြီး ဖြစ်သည်။

ကုန်း၊ ရေနေနှင့် တွားသွားသတ္တဝါ မျိုးစိတ် သုတေသနပြု မျိုးခွဲခြင်းလုပ်ငန်းကို သစ်တောဦးစီးဌာနနှင့် California Academy of Science (CAS) တို့ ပူးပေါင်း၍ ၁-၇-၂၀၀၅ မှ ၃၀-၇-၂၀၀၆ အထိ သုတေသနပြုလေ့လာခဲ့ရာ ဖားမျိုးစိတ် ၃၄ မျိုး၊ အခွံပျော့လိပ် တစ်မျိုး၊ လိပ်ဝါ တစ်မျိုး၊ ကင်းလိပ်ချောမျိုးစိတ် ၃၁ မျိုး၊ မြွေမျိုးစိတ် ၃၉ မျိုးအား မှတ်တမ်းတင်နိုင်ခဲ့သည်ကို တွေ့ရသည်။ နို့တိုက်သတ္တဝါ ၃၅ မျိုး၊ ငှက် ၃၄၅ မျိုး၊ ကုန်းနေ၊ ရေနေနှင့် တွားသွားသတ္တဝါ ၁၀၅ မျိုး၊ လိပ်ပြာ ၉၉ မျိုး၊ အခွံမာပိုးကောင် ၃၅ မျိုး၊ အပင် ၁၀၂၄ မျိုး၊ သစ်ခွ ၉၁ မျိုး၊ ဆေးဖက်ဝင်အပင် ၇၁ မျိုးတို့ရှိကြောင်း သိရသည်။ အခြားမျိုးစိတ်များအဖြစ် ဝိတိုရိယဖားဘက်၊ ချင်းတောင်ပုတ်သင်၊ တောင်ဇလပ်အဖြူ၊ တောင်ဇလပ်အဝါတို့ ရှိသည်။ အဆိုပါမျိုးစိတ်များအနက် ၂၇မျိုးသည် တစ်ကမ္ဘာလုံး၏ သိပ္ပံဆိုင်ရာမှတ်တမ်းသစ်များ ဖြစ်လာကြသည်။ ချင်းတောင်ပုတ်သင် (Calotes Chin Collium)၊ အမြဲစိမ်းတောပုတ်သင် (Ptyctotaemus Spp:)၊ တောက်တဲ့ကြား (Lytodactylus Spp:)များသည် ကမ္ဘာပေါ်တွင် ချင်းတောင်တန်းတစ်ခုတည်း၌သာ တွေ့ရသော ဇာတိမျိုးစိတ်များ ဖြစ်ကြသည်။

၂၀၀၂ ခုနှစ်မှစ၍ သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံ ကိုချီပြည်နယ်ရှိ မာကီနိုရုက္ခဗေဒဥယျာဉ်တို့ ပူးပေါင်း၍ သဘာဝအပင်များ၊ ဆေးဖက်ဝင်အပင်များကို မျိုးစိတ်ခွဲခြားမှု သုတေသနလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ယနေ့အထိ အပင်နမူနာပေါင်း ၄၀၀၀ ခန့် စုဆောင်းရရှိပြီး မျိုးစိတ်ပေါင်း ၈၀၄မျိုးအား ခွဲခြားနိုင်ခဲ့သည်။ တောင်ဇလပ်ဖြူ တောင်ဇလပ်နီ (Potentilia Montis Victoriae) သည် ကချင်ပြည်နယ်နှင့် နတ်မတောင်အပါအဝင် ချင်းပြည်နယ်အတွင်း၌ တွေ့ရှိရသော သဘာဝပေါက်ပင်အဖြစ် မှတ်တမ်းတင်ခဲ့သည်။ ထို့ပြင် သစ်ခွမျိုးစိတ်ပေါင်း အပင် ၁၂၀ စုဆောင်းရရှိပြီး ၃၅ မျိုးကို ခွဲခြားမှတ်တမ်းတင်နိုင်ခဲ့ပြီး ဖြစ်သည်။ သဘာဝအပင်မျိုးစိတ်ပေါင်း ၆၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားသည်။

နတ်မတောင်တွင် ရုက္ခဗေဒပညာရှင်နှင့် ပထဝီဆရာတစ်ဦးဖြစ်သူ အင်္ဂလိပ်လူမျိုး Mr. Frank Kingdon Ward ၏ အနှစ် ၃၀ ကြာ နတ်မတောင်ပေါ်ဒေသ ရုက္ခဗေဒဆိုင်ရာ စုဆောင်းမှုများနှင့် သစ်ပင်များအကြောင်း စူးစမ်းရှာဖွေမှုကို ၁၉၅၆ ခုနှစ်တွင် ပြီးဆုံးခဲ့သည်။ သူ၏ စူးစမ်းတင်ပြချက်ကြောင့် မြန်မာ့ပန်းမာန်များသည် ကမ္ဘာ့ဥယျာဉ်မှူးများ လောကတွင် ထင်ရှားလာခဲ့ပါသည်။ Mr. Frank Kingdon Ward နှင့် သူ၏ အဖော် Charles Nelion တို့ နှစ်ဦးသည် ၁၉၅၆ ခုနှစ်နောက်ပိုင်း နတ်မတောင်သို့ ပထမဆုံး တရားဝင်လာရောက်သော နိုင်ငံခြားသားများ ဖြစ်ကြသည်။

ကန်ပက်လက်မြို့ရှိ နတ်မတောင်သို့လာခဲ့ပါက ညော့်သည် ငါးဦးထိ တည်းခိုနိုင်သော အမျိုးသားဥယျာဉ်ဧည့်ရိပ်သာ တစ်လုံး၊ အဆင့်မြင့် တည်းခိုခန်းများ၊ တောတွင်းကင်းစခန်းများ၊ တောတွင်း ငှက်ကြည့်စခန်းများကိုလည်း ကြည့်ရှုလေ့လာနိုင်မည် ဖြစ်ပါသည်။

နတ်မတောင်အမျိုးသားဥယျာဉ်တွင် နို့တိုက်သတ္တဝါများဖြစ်ကြသည့် ကျားသစ်၊ အင်းကျား၊ တောကြောင်၊ ဝက်ဝံ၊ ဆတ်၊ ချေ၊ တောဝက်၊ တောဆိတ်၊ တောင်ဆိတ်၊ မျောက်မြီးရှည်၊ မျက်ကွင်းဖြူ မျောက်လွဲကျော်၊ မျောက်ညို၊ မျောက်စပ်၊ မျောက်လောင်းပျံ၊ မျောက်လေပွေ၊ တောခွေး၊ သင်းခွေချပ်၊ ခွေးတူဝက်တူ၊ ဆတ်ခလောက်၊ ရှဉ့်မျိုးများ၊ ဇွေ့၊ ပွေး၊ ကြွက်မျိုးရင်းများ၊ မြွေပါ၊ ဖျံစသည်တို့ တွေ့ရှိနိုင်ပါသည်။ အဆိုပါသတ္တဝါများသည် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုနှင့် အမဲလိုက်မှုဆိုးများကြောင့် တဖြည်းဖြည်းမျိုးပြုန်းနေပြီ ဖြစ်သည်။ အမဲလိုက်ခြင်း၊ တောင်ယာခုတ်ခြင်းများကို မပြုလုပ်ရန် နတ်မတောင်အမျိုးသားဥယျာဉ် ဧရိယာပတ်ဝန်းကျင်ရှိ ကျေးရွာတစ်ချို့ကို နတ်မတောင်အမျိုးသားဥယျာဉ်နှင့် Biodiversity and Nature Conservation Association (BANCA) နှင့် ပူးပေါင်း၍ ကျေးရွာများတွင် ထိန်းသိမ်းကင်းလှည့်အဖွဲ့များ ဖွဲ့စည်းကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အထူးကဏ္ဍစာမျက်နှာ (ခ) သို့ »»



၁၉၃၆ ခုနှစ်က ဘောလီမိုးကြိုးဝိုင်းအဖြစ် တည်ထောင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင်နတ်မတောင် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့သည်။ ကန်ပက်လက်၊ မင်းတပ်ဖြင့် ဖွဲ့စည်းထားသော မင်းတပ်ခရိုင်တွင် တည်ရှိပါသည်။ ကန်ပက်လက်ဟု ခေါ်ရခြင်းမှာ ယခင်က လောင်နူး(ခေါ်) ရေကန်ကြီးတစ်ခုရှိပြီး ပုလဲရောင်ကျောက်တုံးကြီး တစ်လုံး ရေထဲရှိနေသောကြောင့် ကန်ပုလဲဟုခေါ်ရာမှ ကန်ပက်လက်ဟု ပြောင်းလဲခေါ်တွင်လာ

ပအိုဝ်းဟင်းလျာ ... မှိုစဉ်းကော

မှိုကိုကြော်စား၊ သုပ်စား၊ ပေါင်းစားကြတာမျိုးကို အသိများကြသော်လည်း စဉ်းကောချက်စားကြသည်မျိုးကိုတော့ အသိနည်းကြလိမ့်မည်ဟု ထင်ပါသည်။ ပအိုဝ်းလူမျိုးတို့စားသုံးသော အစားအစာများ၌ မှိုစဉ်းကောဆိုသည့် ဟင်းလျာတစ်မည် ရှိပါသည်။ ၎င်းမှိုစဉ်းကော ချက်ပြုတ်ရာ၌ တောင်ပို့မှိုကို အသုံးများပါသည်။ အကြောင်းမှာ တောင်ပို့မှို၏ နူးညံ့သောထီးအရွက်ပါသည့် အပေါ်ပိုင်းကို စဉ်းကောထိုးပြီး အတန်ငယ်မာ၍ အရိုးတုတ်သော မှို၏အောက်ခြေပိုင်းကို ဟင်းချိုအဖြစ် အရည်သောက်ချက်ရန်ဖြစ်သည်။

မှိုစဉ်းကောထိုးမည် (ချက်မည်) ဆိုက မှို၏အရွက်(ထီးအပိုင်း)နှင့် အသားနုသည့် ရိုးတံပိုင်းကို လက်ဖြင့် အရွယ်သေးသေး စိတ်ပိုင်းကာ ရေစင်စင်ဆေးပြီး ရေစစ်ထားပါ။ အသားမာသည့် မှို၏အောက်ခြေရိုးတံပိုင်းကိုမူ ခပ်ကြီးကြီးနွှင်ကာ ရေစစ်ပြီး ဟင်းချိုချက်ရန် အသင့်ပြင်ထားပါ။ မှိုစဉ်းကောအတွက် ထမင်းပျော့ပျော့တစ်အိုးတည်ကာ ထမင်းကျက်သည်နှင့် ဇွန်းတစ်ချပ်ပေါ်မှောက်၍ အလယ်တွင် ချိုင့်ကလေးသဖွယ် ပြုလုပ်ပါ။ ၎င်းထမင်းပုံ၏ ချိုင့်ခွက်လေးအတွင်း ရေစစ်ထားသော မှိုများကိုထည့်၍ မှိုစိတ်လေးများနူးအိသွားစေရန် ထမင်းပူဖြင့် ပြန်အုံးထားပါ။ ထမင်းအေးလောက်သောအခါ အတွင်းမှ မှိုစိတ်လေးများ နူးနပ်သွားပါပြီ။ ထို့နောက် မှိုထမင်းအပေါ်မှ ဆီကျက်အနည်းငယ်လောင်းကာ မှိုများနှင့် သမအောင်နယ်ပြီး ရှမ်းငါးထမင်းနယ်ကဲ့သို့ လက်တစ်ဆုပ်စာ အလုံးကလေးများလုံးထားပါ။ အားလုံးပြီး၍ စားမည်ဆိုက မှိုထမင်းလုံးတစ်လုံးပေါ်၌ ဆီကျက်၊ ပဲမှုန့်၊ ငံပြာရည်၊ ငရုတ်သီးမှုန့် စသည်ဖြင့် အငန်၊ အချဉ်၊ အစပ်များထည့်ကာ ထမင်းသုပ် သုပ်သကဲ့သို့ သုပ်ရပါသည်။ ၎င်းမှိုစဉ်းကော စားသုံးရာ၌ တွဲဖက်အဖြစ် ဖယ်ထားသော မှိုအောက်ခြေရိုးတံပိုင်းကို ဟင်းချိုဖြစ်စေ၊ ဟင်းခါးချက်၍ဖြစ်စေ တွဲဖက်စားသုံးကြပါသည်။ မှိုစဉ်းကောသည် သဘာဝချိုသောမှိုအရသာကို အခြေခံ၍ စီမံထားသည်ဖြစ်ရာ စားသုံးရာ၌ အရသာတစ်မျိုးထူးသော ပအိုဝ်းရိုးရာ ဟင်းလျာတစ်မည်အဖြစ် ဖော်ပြလိုက်ပါသည်။

စံလွင်(ငါးဦးစီး)

»»» အထူးကဏ္ဍစာမျက်နှာ (က) မှ

နတ်မတောင်အမျိုးသားဥယျာဉ်သည် အရေးကြီးသော ရေဝေဒေသတစ်ခုဖြစ်ပြီး တစ်ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးကွဲများ၏ မှတ်တမ်းသစ်များကို ဖော်ထုတ်ရာဒေသဖြစ်ကြောင်း သိရှိရသဖြင့် ဂုဏ်ယူဖွယ်ကောင်းလှသည်။ နတ်မတောင်သည် ကန်ပက်လက်မြို့ဘက်ခြမ်း၌ သွားလာရာတွင် ပိုမိုလွယ်ကူပြီး မင်းတပ်ဘက်၊ ချီချောင်းဘက်ခြမ်းသည် မတ်စောက်ပြီး တောင်တက်ရန် ပိုမိုခက်ခဲသည်။

ကန်ပက်လက်မြို့မှ Mountain Oasis Resort သို့ တက်ရသည်။ ထိုမှတစ်ဆင့် ကန်ပက်လက်မြို့ဟောင်းသို့ သွားရသည်။ (၁၀)မိုင်စခန်းမှစပြီး တောင်များသည် အလွန်မတ်စောက်နေသည်။ အစစသာလွန်ပြီး သဘာဝအလှနှင့် ဖွဲ့စည်းထားသောနေရာ ဖြစ်သည်။ နှင်းမှုန်မြူများ အမြဲဝေ့ဝဲလျက်ရှိပြီး မြို့မှာ တိမ်အောက်သို့ ရောက်နေသည်။

နတ်မတောင်အမျိုးသားဥယျာဉ်သည် နိုင်ငံတကာမှ ပန်းဝါသနာရှင်များ၊ ငှက်စောင့်ကြည့်သူများ၊ တောင်တက်ဝါသနာရှင်များ၊ ကမ္ဘာ့လှည့်ခရီးသွားများ နှစ်စဉ်မပြတ် လာရောက်သောနေရာဒေသတစ်ခု ဖြစ်သည်။ နတ်မတောင်အမျိုးသားဥယျာဉ်၏ စိတ်ဝင်စားဖွယ်ကောင်းသော သဘာဝနှင့် တောတောင်ရေမြေ အလှရှုခင်းများကို လေ့လာလိုကြသည့် ကမ္ဘာလှည့်ခရီးသည်တို့၏ ပါးစပ်ဖျား၌ သတင်းမွှေးရေပန်းစားနေပြီ ဖြစ်သည်။ သဘာဝတရားက ဖန်တီးပေးသော သဘာဝအလှရှုခင်းကြီးကား ကန်ပက်လက်မြို့၏ လက်ဆောင်၊ ချင်းပြည်နယ်၊ မြန်မာနိုင်ငံအတွက် လက်ဆောင်ပင် ဖြစ်သည်။

တစ်နှစ်ပတ်လုံး ချင်းပြည်နယ်နတ်မတောင်သို့ လာရောက်လည်ပတ်လေ့လာသူများပြားလှသည်။ ခေါ်နူးစုမ် တောင်ထိပ်သို့ လေ့လာကြသူများ၊ ဒေသခံကျေးရွာများသို့ လည်ပတ်သွားရောက်သူများ၊ ကော်လောင်းရေတံခွန်သို့ သွားလာကြသူ များပြားလှသည်။ တည်းခိုခန်းများကား ကြိုတင်မှာကြားထားရသည်အထိ လာရောက်သူများပြားလှသည်။ ရပ်ဝေးနိုင်ငံခြားသားများပင် လာရောက်လေ့လာကြသဖြင့် မြန်မာနိုင်ငံသားများအနေဖြင့် ပို၍လာရောက်သင့်သော နေရာတစ်ခုလည်း ဖြစ်ပါသည်။ နတ်မတောင်ကား လူမျိုး၊ ဘာသာ၊ အတန်းအစားပေါင်းစုံ မခွဲခြား သဘာဝပတ်ဝန်းကျင် ချင်းပြည်နယ်သို့ စွန့်စားလိုသူများအတွက် စူးစမ်းလေ့လာသင့်သော နေရာတစ်ခုလည်း ဖြစ်နေပါသည်။ လူသားတို့ တန်ဖိုးထားသလောက် တန်ဖိုးရှိနေမည့် အမျိုးသားဥယျာဉ်နေရာတစ်ခုဖြစ်သော နတ်မတောင်(ခေါ်) ခေါ်နူးစုမ်(ခေါ်) ဝိတိုရိယတောင်ပေါ်သို့လာပါက ပင်လယ်ရေအမြင့်ပေ ၁၀၂၀၀ ခန့်ရှိ ခေါ်နူးစုမ် (ဝိတိုရိယ)တောင်သို့ ခြေကျင်တောင်တက်ခရီး၊ ငှက်ကြည့်ခြင်း၊ သစ်ခွမျိုးစိတ်များနှင့် တောင်ဇလပ်ပန်းများ၊ ချင်းလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ အသက်မွေးဝမ်းကျောင်းများနှင့် ရိုးရာပွဲတော်များ၊ တောတွင်းလျှောက်လမ်းများ၊ တောင်ပေါ်ရှုခင်းများ၊ သဘာဝ အလှအပများ လေ့လာကြည့်ရှု အပန်းဖြေအခွင့်အလမ်းများ ရရှိနိုင်သဖြင့် တစ်ခါတစ်ခေါက် လာရောက်လည်ပတ်သင့်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

မှီငြမ်း

ဦးအွန့်ခန့်ကပ်၊ ယဉ်ကျေးမှုပြတိုက် (အငြိမ်းစား)၊ ဟားခါးမြို့၊ ချင်းပြည်နယ်

ဦးကွီးထန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

ဦးထန်းအောင်၊ ကန်ပက်လက်မြို့

စာရေးဆရာမြင့်စိုးလှိုင် ဘာသာပြန်ဆိုရေးသားထားသည့် ရာဘင်ဒြာနသ်တဂိုး၏ ဆန်းစသော်တာ ကဗျာစုစာအုပ်တွင် ကလေးများ၏ စိတ်နေစိတ်ထား၊ အတွေးအခေါ်၊ ဘဝနေထိုင်နည်းများအပြင် သားသမီးနှင့် မိဘကြားနှောင်ဖွဲ့ထားသည့် သံယောဇဉ်များကို ဖော်ကျူးရေးဖွဲ့ထားရာ ယခုတစ်ပတ်တွင် “စက္ကူလှေ”ကဗျာကို အထူးအစီအစဉ်တစ်ရပ် ကလေးသူငယ်များ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ တိုင်းရင်းသားရေးရာကဏ္ဍမှ ဖော်ပြလိုက်ရပါသည်-

PAPER BOATS

Day by day
I float my paper boats
one by one down the running stream.
In big black letters
I write my name on them
and the name of the village where
I live.
I hope that someone in some strange land
will find them and know who I am.
I load my little boats with
shiuli flowers from our garden,
and hope that these blooms of the dawn
will be carried safely
to land in the night.
I launch my paper boats
and look up into the sky
and see the little clouds
setting their white bulding sails.
I know not
what playmate of mine in the sky
sends them down the air
to race with my boats!
When night comes
I bury my face in my arms
and dream that my paper boats
float on and on under the midnight stars.
The fairies of sleep are sailing in them,
and the lading is their baskets
full of dreams.

စက္ကူလှေ

တစ်နေ့ပြီးတစ်နေ့
စက္ကူလှေလေးတွေ တစ်စင်းပြီးတစ်စင်း
စမ်းရေကြောမှာ ငါမျှောလိုက်တယ်။
လှေတွေပေါ်မှာ
ငါ့နာမည်ရယ်
ငါနေတဲ့ရွာနာမည်ရယ်
စာလုံးမည်းကြီးတွေနဲ့
ငါရေးလိုက်တယ်။
အရပ်တစ်ပါးက
တစ်ယောက်ယောက်သာ
လှေတွေကိုတွေ့ရင်
ငါဘယ်သူဘယ်ဝါဆိုတာ
သိနိုင်မယ်လို့ငါမျှော်လင့်တယ်။
လှေကလေးတွေပေါ်
တို့ခြံထဲက ဆိပ်ဖလူးပန်းတွေ
တင်ပေးလိုက်တယ်။
အရုဏ်ဦးကပွင့်ခဲ့တဲ့ ဒီပန်းကလေးတွေဟာ
ညဉ့်အချိန်မှာကမ်းခြေကို
ချောချောမောမောဆိုက်မှာပဲလို့ ထင်မိတယ်။
ငါ့စက္ကူလှေတွေလွှတ်ပြီး
မိုးပေါ်မော့ကြည့်လိုက်တော့
တိမ်တွေကသူတို့ရွက်ဖြူဖောင်းဖောင်းလေးတွေကို
လွှင့်နေတာတွေ့ရတယ်။
မိုးပေါ်က
ငါနဲ့ကစားဖော် ဘယ်သူများ
ငါ့လှေတွေနဲ့ပြိုင်ရအောင်
တိမ်လှေတွေကို
လေထဲမျှောချလိုက်တယ်မသိဘူး။
ညလည်းကျရော
နဖူးပေါ်လက်တင်ပြီး
ငါစဉ်းစားခန်းဝင်နေလိုက်တာ
ဪ... ငါ့စက္ကူလှေတွေ
သန်းခေါင်ကြယ်စင်တွေအောက်
တမျှောတည်းမျှောနေကြမှာပဲပေါ့။
လှေတွေပေါ်မှာတော့
အိပ်မွေ့နတ်သမီးတွေက
အိပ်မက်အပြည့်အမောက်နဲ့
တင်းတောင်းတွေတင်ပြီး
ရွက်လွှင့်နေကြပေလိမ့်မယ်။ ။

မြင့်စိုးလှိုင် (မြန်မာပြန်)

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို Mirrormyosathit@gmail.comသို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(စာတည်း)

ချင်း(ဇိုမီး)တိုင်းရင်းသားတို့၏ မိခင်စာပေသမိုင်းအကြောင်း တစေ့တစောင်း

ဇိုဟောဆာ

(၇-၆-၂၀၂၀ ရက်မှအဆက်)

ထို့ကြောင့် မြန်မာစာတတ် ကရင်တိုင်းရင်းသား ခရစ်ယာန်ဓမ္မဆရာများကို ခေါ်လာခဲ့ပြီး မြန်မာစာသင်ကျောင်းများကို ဖွင့်လှစ်ပေးခဲ့သည်။ မြန်မာစာဖြင့် သင်ကြားသော မစ်ရှင်ကျောင်းများကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။ ထို့ပြင် တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်ကိုအုပ်ချုပ်သော တိုက်သူကြီး၏ တောင်းဆိုမှုဖြင့် မြန်မာစာကို ၁၉၀၅ ခုနှစ်မှစတင် သင်ကြားခဲ့သဖြင့် နောက်ပိုင်း ကျောက်တိုင်များပေါ်တွင် အရုပ်စာ၊ ချင်းစာ၊ မြန်မာစာပေများဖြင့် မှတ်တမ်းတင်ထားခဲ့ကြသည်။

၄။ ရောမအက္ခရာစာပေခေတ်

ခရစ်ယာန်သာသနာပြု JH.Cope သည် ၁၉၀၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်က ချင်းတောင်ဟားခါးမြို့သို့ ရောက်ရှိလာပြီး ထိုမှတစ်ဆင့် ၁၉၁၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်တွင် တီးတိန်မြို့သို့ ပြောင်းရွှေ့ရုံးစိုက်၍ သာသနာပြုလာခဲ့၏။ JH.Cope သည် ချင်းဘာသာစကားကို ရောမအက္ခရာ ABC ကို ငှားရမ်းအသုံးပြု၍ ချင်းစာပေအရေးအသား တီထွင်ပေးခဲ့၏။ ထို ABC ဖြင့်ပင် ချင်းဘာသာစကားဖြင့် သမ္မာကျမ်းစာကို ရေးသားထုတ်ဝေခဲ့သည်။ နောက်ပိုင်းတွင် စာသင်ကျောင်းများ၌ ABC ချင်းစာကို ပြဋ္ဌာန်း၍ သင်ယူစေခဲ့ခြင်း ပြုလာခဲ့သည်။

၁၉၂၀ ပြည့်နှစ် ကျောင်းသားလှုပ်ရှားမှုတွင် မြန်မာစာတတ် ချင်းကျောင်းသားများ ပါဝင်သည်ကို အကြောင်းပြု၍ အင်္ဂလိပ်အစိုးရက တိုင်းရင်းချင်းစာနှင့် မြန်မာစာသင်ကြားမှုကို ပိတ်ပင်တားမြစ်ခဲ့သည်။ ၎င်းအစား ချင်းတိုင်းရင်းသားများအတွက် ရောမအက္ခရာများဖြင့်တီထွင်ပြီး ချင်းစာ(ယခုအသုံးပြုနေသည့်ချင်းစာပေ)အဖြစ်ဖြင့် ပြဋ္ဌာန်းပေးကာ အစိုးရကျောင်းများတွင် သင်ကြားစေခဲ့သည်။ Divide and Rule Policy အရ အချင်းချင်း ဆက်သွယ်၍ မရစေရန် တစ်ဒေသနှင့် တစ်ဒေသ အက္ခရာချင်းမတူအောင်နှင့် စာလုံးပေါင်းချင်းမတူအောင် တီထွင်ပြဋ္ဌာန်းပေးခဲ့သည်။

၁၉၂၅ ခုနှစ်မှစ၍ ရောမအက္ခရာသုံး ချင်းစာပေသင်ကြားသော မူလတန်းကျောင်းများကို စတင်ဖွင့်လှစ်ပေးခဲ့သည်။ ချင်းတိုင်းရင်းသားများသည်လည်း အစစအရာရာ ခေတ်နောက်ကျနေသေးသည်ဖြစ်ရာ မိမိကိုယ်တိုင် စာပေ၊ ယဉ်ကျေးမှုများကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ရန် အားနည်းခဲ့ပြီး အနောက်တိုင်းစာပေ၊ ယဉ်ကျေးမှုများ၏ သွေးဆောင်မှုကို ယုံကြည်မိသည့်အတွက် တိုင်းရင်းဖွားချင်းစာပေမှာ တဖြည်းဖြည်း မေးမှိန်လာကာ ရောမအက္ခရာ ချင်းစာပေနှင့် အင်္ဂလိပ်စာပေများကိုသာ သင်ယူအသုံးပြုလာတော့သည်။

ချင်း(ဇိုမီး)တိုင်းရင်းမိခင်စာပေ အခြေခံအက္ခရာများ။

၅။ လွတ်လပ်ပြီးခေတ် (မျက်မှောက်ကာလအခြေအနေ)

၂၀၁၀ ပြည့်နှစ်မှစ၍ California University တွင် Christopher Button နှင့် Anshuman Pandey တို့က တိုင်းရင်းချင်း(ဇိုမီး) စာပေအကြောင်းစာတမ်းပြုစုပြီး ထိုသူတို့၏ အကူအညီဖြင့် Unicode Character အဖြစ် အသုံးပြုနိုင်ရန် Unicode Consortium တွင် တင်ပြသတ်မှတ်နိုင်ခဲ့သည်။ ထို Unicode Character ကို အခြေခံ၍ ကွန်ပျူတာနှင့် ဖုန်းများဖြင့် ချိတ်ဆက်အသုံးပြုနိုင်ရန်အတွက် လိုင်ပီအန်စာပေအဖွဲ့က ဆောင်ရွက်နိုင်ခဲ့သည်။ ယခုအခါ Window Os, Mac Os နှင့် Android Os မိုဘိုင်းဖုန်းအမျိုးမျိုးနှင့် ကွန်ပျူတာများဖြင့် အလွယ်တကူ Install ပြီး အလွယ်တကူ အသုံးပြုနိုင်သည်။

ယနေ့အချိန်တွင် ချင်းတိုင်းရင်းသားတို့၏ ကိုယ်ပိုင်စာပေဖြစ်သော ပေါ်ကျင့်ဟောစာပေ (ခေါ်) တိုင်းရင်းချင်းစာပေမှာမူ နောင်လာနောက်သားများအတွက် ရည်ရွယ်ပြီး ချင်းတိုင်းရင်းဖွားဘာသာဖြစ်သော လိုင်ပီအန်ဘာသာအဖွဲ့ချုပ်က ထိန်းသိမ်းစောင့်ရှောက်သည်သာမကဘဲ အဘိဓာန်၊ ကွန်ပျူတာ၊ မိုဘိုင်းဖုန်း၊ အင်တာနက် စသည့် နည်းပညာများတွင် အသုံးပြုနိုင်သည်အထိ မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။ နွေရာသီကျောင်းပိတ်ရက်များတွင် အခါအားလျော်စွာ စာပေသင်တန်းများဖွင့်လှစ်ကာ နယ်စုများအလိုက် သင်တန်းများ ပို့ချသင်ကြားပေးခြင်း၊ သင်ထောက်ကူစီဒီ၊ ဒီဗွီဒီခွေများပြုလုပ်ခြင်း၊ ဆရာ ဆရာမများကို လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ စာပေတိုးတက်စေရေးကို အမှန်တကယ်စိတ်ဝင်စားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများ ပြုလုပ်လေ့ရှိသည်။ ဤစာပေဖြင့် Zolai Tongdot (ခေါ်) Zolai Dictionary, Zomite Lakam, Pasian Thu Bu စသော စာအုပ်များအပြင် ဖတ်စာအုပ်များ၊ ဆရာကိုင်စာအုပ်များကိုလည်း ထုတ်ဝေခဲ့ပြီးဖြစ်ရာ နိုင်ငံရပ်ခြားအသီးသီးမှ စာပေပညာရှင်များကလည်း ထိုစာပေကို စိတ်ဝင်စားစွာဖြင့် မကြာခဏ လာရောက်စုံစမ်းမေးမြန်းလာကြသည်။

မိခင်စာပေကို တီထွင်နိုင်သူ ပေါ်ကျင့်ဟောအား အသိအမှတ်ပြု မှတ်တမ်းတင်ဂုဏ်ပြု

ပေါ်ကျင့်ဟောသည် ချင်းစာပေကို တီထွင်နိုင်ခဲ့သဖြင့် ၁၉၁၄ ခုနှစ် ဇွန်လတွင် တွန်းဇံတိုက်သူကြီး ဦးဟောက်ကျင့်ခုပ်က အခွန်အတုတ်၊ ကူလီအာဏာအားလုံးတို့မှ ကင်းလွတ်စေခဲ့ခြင်းဖြင့် ဂုဏ်ပြုခဲ့သည်။

၁၉၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အင်္ဂလိပ်ဘုရင်ခံချုပ်(Sr. Chemsfort)သည် အိန္ဒိယနိုင်ငံမှ ယူဆောင်လာသော ကျက်သရေဆောင်စလွယ်ဖြင့် တမန်တော်ပေါ်ကျင့်ဟောအား ပါးယှန်း၏ တမန်တော်မြတ်ဖြစ်ကြောင်းနှင့် ချင်းစာပေတီထွင်သူဖြစ်ကြောင်း ဂုဏ်ပြုခဲ့သည်။

အင်္ဂလိပ်အစိုးရသည် ၁၉၃၇ ခုနှစ်တွင် တမန်တော်ပေါ်ကျင့်ဟောအား ပါးယှန်းတမန်တော်မြတ်ဖြစ်ကြောင်းနှင့် စာပေတီထွင်သူဖြစ်ကြောင်းကို ဂုဏ်ပြုသောအားဖြင့် တီးတိန်မြို့ဝန်ထောက် Thomson က အခွန်အတုတ်မှ အစ ကူလီအာဏာအားလုံး ကင်းလွတ်ခွင့် အမိန့်စာ ထုတ်ပေးချီးမြှင့်ခဲ့သည်။

တမန်တော်ပေါ်ကျင့်ဟော၏ ချင်းစာပေတီထွင်ခဲ့ခြင်းကို ၁၉၃၁ ခုနှစ်တွင် (Census Report India Vol.1, Burma Page 194, Chapter X.No.120) ၌ မှတ်တမ်းတင်ထားပါသည်။

ထို့ပြင် ကမ္ဘာ့ကုလသမဂ္ဂအသင်းကြီးသည် ထိုချင်းစာပေကို BPI/ 1316– 93925/ NOV. 1992– GM ဖြင့် အသိအမှတ်ပြုမှတ်တမ်းတင်ထားခဲ့ကြောင်း သိရသည်။

"ချင်းတိုင်းရင်းသားများဆိုတဲ့နေရာမှာ အများကြီးရှိပါတယ်။ ချင်းလူမျိုးထဲမှာ မျိုးနွယ်စု ၅၃ မျိုးလောက်ရှိပါတယ်။ ကျွန်တော်တို့သမိုင်းကို ကြည့်လိုက်ရင် ကိုယ့်ဘိုးဘွားကနေ ဆင်းသက်လာကြပြီး ကိုယ့်သမိုင်းကို ကိုယ်ရေးကြပါတယ်။ မိမိကိုယ်ကိုအုပ်ချုပ်တဲ့လူမျိုးတွေဖြစ်တယ်။ တစ်ရွာနဲ့တစ်ရွာ လမ်းပန်းဆက်သွယ်ရေးမကောင်းတာလည်းပါတယ်။ ဇိုတွာလ်လိုင်း(ခေါ်) ပေါ်ကျင့်ဟောစာပေဟာ ချင်းသမိုင်းရဲ့ ပထမဦးဆုံးအက္ခရာစာဖြစ်တယ်လို့ ကျွန်တော့်အဘိုးက တက္ကသိုလ်တက်တုန်းက ပြောခဲ့ဖူးပါတယ်။ ချင်းစာပေကို ပထမဦးဆုံး တီထွင်တဲ့သူက ပေါ်ကျင့်ဟောပဲဖြစ်ပါတယ်။ တချို့ဟားခါး၊ ဖလမ်းနဲ့ တခြားချင်းတိုင်းရင်းသားတွေမှာလည်း အက္ခရာတွေရှိပါတယ်။ ဒါပေမယ့် အဲဒီအက္ခရာတွေက အင်္ဂလိပ်သာသနာပြုတွေက တီထွင်ပေးတဲ့စာပေဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ စာပေအစစ်မဟုတ်ပါဘူး။ ဇိုတွာလ်လိုင်းလို့ ခေါ်တဲ့ ပေါ်ကျင့်ဟောစာပေဟာ မူရင်း ချင်းဦးနှောက်အသိဉာဏ်နဲ့ ဖန်တီးတီထွင်တာဖြစ်တယ်။ ကျွန်တော်တို့ အင်္ဂလိပ်က တီထွင်ပေးတဲ့ဟာနဲ့မဟုတ်ဘဲ ကျွန်တော်တို့ ချင်းဦးနှောက်နဲ့ တီထွင်ဖန်တီးထားတဲ့ ပေါ်ကျင့်ဟောစာကို ကျွန်တော်တို့က လက်ခံပြီးတော့မှ နောက်နောင်မှာလည်း သင်ကြားနိုင်ဖို့ ကျွန်တော်တို့ ချင်းလူမျိုးတွေကနေ ကြိုးပမ်းဆောင်ရွက်သွားဖို့ အားပေးတိုက်တွန်းချင်ပါတယ်"ဟု ၂၀၁၇ ခုနှစ် ဇူလိုင် ၃၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးတက္ကသိုလ်၊ ကဘော်(၃)ခန်းမ၌ ကျင်းပသော ဇိုတွာလ်လိုင်းစာပေအက္ခရာ စာတမ်းဖတ်ပွဲ၌ ချင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးခေါ်သွလာလ်က ပြောကြားခဲ့သည်။

နိဂုံး

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများသည် တိုင်းရင်းမိခင်စာပေ မရှိကြသော်လည်း ချင်းပြည်နယ်တွင် နေထိုင်သည့်လူမျိုးများက ကိုယ်ပိုင်စာပေရှိ၍ အလွန်ဂုဏ်ယူဖွယ်ဖြစ်ပါသည်။ ဤချင်းစာပေမှာ သင်ယူသူတို့အတွက် ရေးသားနည်း၊ စာလုံးပေါင်းနည်း၊ အသံထွက်နည်း ရိုးရှင်းလွယ်ကူလှသဖြင့် စိတ်ဝင်စားသူတို့အတွက် ခုနစ်ရက်အတွင်းပင် တတ်မြောက်နိုင်ခဲ့ပြီး လူတချို့က ခုနစ်ရက်စာပေဟုပင် တင်စားခေါ်ဝေါ်ကြပါသည်။ ထို့ကြောင့် အနာဂတ် ချင်း(ဇိုမီး)လူငယ်များက တိုင်းရင်းဖွားမိမိကိုယ်ပိုင်စာပေ၊ မိခင်ဘာသာစာပေကို ချစ်မြတ်နိုးပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးအတွက် မိမိလူမျိုးနှင့် မိမိစာပေကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် တိုးတက်ပြန့်ပွားစေရန် အားလုံးဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ကြောင်း တိုက်တွန်းနှိုးဆော်ရေးသားတင်ပြလိုက်ရပါသည်။ ။

မှီငြမ်းကိုးကား

- အခြေခံချင်းပင်ရင်းစာပေ ရေးသားနည်း၊ ၂၀၁၃
- ဇိုမီးတိုင်းရင်းသားမိခင်စာပေ (ခေါ်) ဇိုတွာလ်လိုင်းအကြောင်း ရှင်းလင်းချက်စာစောင်
- ဇိုတွာလ်လိုင်း(Zotual Lai) အက္ခရာစာတမ်းဖတ်ပွဲမှတ်တမ်း၊ ၂၀၁၇

»»» အထူးကဏ္ဍစာမျက်နှာ (ဃ) မှ

သတို့သမီးသည် မင်္ဂလာလက်ထပ်ပွဲကျင်းပပြီးစီးသည့်တိုင်အောင် လည်ပင်း၌ ဆွဲထားသော ပုတီးကို သတို့သား၏ မိဘအိမ်လှေကား၌ သွားရောက်ချိတ်မထားမိလျှင် တစ်နှစ်ကိုးလ စသည်ဖြင့် ကြာညောင်းသော်လည်း လင်မယားအရာမမြောက်ဘဲနေရလေ့ရှိသည်။ အရာမြောက်သော်လည်း အတူနေခွင့်မရှိပေ။ ထို့ကြောင့် မင်္ဂလာလက်ထပ်ခြင်းဓလေ့တွင် ဤအချက်သည် လက်ထပ်သူတို့အဖို့ အလွန်သတိချပ်ရမည့် စည်းနှောင်အားတင်းကျပ်လွန်းသည့် ဓလေ့ပင်ဖြစ်ပေသည်။ သတို့သမီးသည် မိမိနှင့် စေ့စပ်ထားသူနှင့် လက်မထပ်မီ အခြားယောကျ်ားနှင့် မထိမကိုင်ရ။ ထိကိုင်မိက သတို့သား၏ ငြင်းပယ်ခြင်းကို ခံရသည်။ မုဆိုးဖို၊ မုဆိုးမတို့သည်လည်း ဆွေမျိုးသားချင်းထဲမှသူများနှင့် လက်ထပ်နိုင်သည်။ လက်ထပ်သည့်အခါ "ထုတ်ခေါင်"ခေါ် ယောကျ်ားဘက်မှ အကြီး၊ မိန်းမဘက်မှ အငယ်မွေးဖွားသည့်အချိန်ကျမှ လက်ထပ်ခွင့်ရှိသည်။ သို့မဟုတ်ပါက လက်ထပ်ခွင့်မရှိချေ။ ဆွေမျိုးချင်းဖြစ်စေကာမူ တစ်ဖက်ဖက်မှ တခြားရွာသို့ ပြောင်းရွှေ့သွားလျှင် လက်ထပ်ရိုးထုံးစံမရှိချေ။

သွားနက်ဆိုးဓလေ့

ဤဓလေ့သည် ဇယိမ်းတို့၏ ထူးခြားသော ဓလေ့တစ်ခုဖြစ်သည်။ ရှမ်းမျိုးနွယ်စုဝင် အဲန်(အင်)တို့ ဓလေ့နှင့်တူလှသည်။ ရှေးအခါက ချင်းတိုင်းရင်းသူတို့ မျက်နှာပေါ်ပါးရဲထိုးဓလေ့မျိုးဟုလည်း ဆိုရပါမည်။ သွားနက်ဆိုးခြင်းကို အခမ်းအနားဖြင့် ကျင်းပလေ့ရှိသည်။ သွားနက်ဆိုးခြင်းကို အပျို၊ လူပျိုအရွယ်ကစ၍ ပြုလုပ်လေ့ရှိပါသည်။ သွားနက်မဆိုးရသေးသော အပျို၊ လူပျိုတို့သည် ဆင်ယင်ထုံးဖွဲ့မှု မပြည့်စုံသေးဟု ယူဆကြသည်။ ကယန်း(ပဒေါင်)တို့တွင်လည်း သွားနက်ဆိုးဓလေ့ရှိခဲ့သည်။ ဇယိမ်းတို့၏ သွားနက်ဆိုးဓလေ့မှာ ကယန်း(ပဒေါင်)တို့ထံမှ ရလာသည့် ယဉ်ကျေးမှုဓလေ့ပင်ဖြစ်သည်။

ဇယိမ်းတို့ သွားနက်ဆိုးသည့်အချိန်မှာ တောင်ယာစပါးရိတ်သိမ်းပြီး ပြာသိုလတွင် ကျင်းပသည်။ သွားဆိုးရန် ရက်ချိန်းသတ်မှတ်ပြီးလျှင် သွားဆိုးလိုသောသူများသိရန် အဆင့်ဆင့် သတင်းပါးကြသည်။ ဇယိမ်းလူပျို၊ အပျိုတို့ သဘောအတိုင်း သွားနက်ဆိုးခြင်း၊ မဆိုးခြင်း လွတ်လပ်စွာ ရွေးချယ်နိုင်သည်။

သွားနက်ဆိုးအခမ်းအနား

ဇယိမ်းတို့ သွားနက်ဆိုးအခမ်းအနား ပြုလုပ်ရန် ရွာလယ်တွင် မဏ္ဍပ်ဆောက်ကို ဦးစွာဆောက်လုပ်ကြသည်။ ထို့နောက် ရွာပြင်တွင် သွားဆိုးမည့်နေရာကို ပြုလုပ်ပါသည်။ အအေးဒဏ်ခံနိုင်ရန် သစ်ကိုင်းသစ်ရွက်တို့ဖြင့် ကာရံထားခြင်း၊ မီးဖိုပေးခြင်းတို့ကို ပြုလုပ်ထားပါသည်။ ညနေ နေဝင်ချိန်တွင် သွားဆိုးမည့်သူများသည် အတီးအမှုတ်၊ အကအခုန်များဖြင့် ရွာမှထွက်လာကြကာ သတ်မှတ်ထားသောနေရာတွင်ပင် နေရာယူကြသည်။ အမျိုးသားနှင့် အမျိုးသမီးတို့ သီးခြားစီ နေရာယူကြရသည်။

သွားများကိုအရောင်ဆိုးရာတွင် အသုံးပြုသောပစ္စည်းမှာ "ဇွေတာ"ဟုခေါ်သော အသီးတစ်မျိုးပင်ဖြစ်သည်။ အသီး၏ အရွယ်အစားမှာ ငရုပ်ကောင်းစေ့ခန့်ရှိပြီး အရောင်မှာ ဝါညိုရောင်ဖြစ်သည်။ ဇွေတာပင်အမျိုးအစားမှာ နွယ်ပင်ဖြစ်သည်။ သွားဆိုးလိုသည့် လူငယ်တစ်စုက ဇွေတာသီးကို တောထဲတွင် လိုက်လံရှာဖွေပေးရသည်။ အလုံအလောက်ရရှိပါက အရည်ညှစ်၍ ဝါးဘူးထဲတွင် ထည့်ထားလေ့ရှိသည်။ ယင်းနေ့တွင် အချို့လူပျိုများက တောကောင်လိုက်ပြီး ရရှိလာသည့်သားကောင်ကို မဏ္ဍပ်သို့ပို့ကာ ချက်ပြုတ်စေသည်။ အပျိုများ ထမင်းဟင်းချက်ပြုတ်ပြီးပါက လူပျိုမဏ္ဍပ်သို့ ကြားလူမှတစ်ဆင့် ပို့ပေးရသည်။ ဆေးဆိုးရန်အတွက် အားလုံးပြီးပြည့်စုံသွားလျှင် သွားဆိုးမည့်အပင်ကို ခုတ်ပေးမည့် ရွာသားများသည် ယင်းသစ်ပင်ကို မခုတ်မီည တွင် လူမနေသော အိမ်တစ်အိမ်တွင် စုအိပ်ကြရသည်။ ထိုညတွင် အသားကိုမစားကြပါ။ သွားဆိုးမည့်သူတို့ကိုလည်း အသားစားခွင့်မပြုပါ။

ညအချိန်ရောက်လာသည့်အခါ သွားဆိုးမည့်သူများသည် ခုံတန်းတွင် နေရာယူကြပါသည်။ ပထမဦးစွာ ရှောက်သီးခြမ်းကို သွားဖြင့် ကိုက်စေပါသည်။ ရှောက်သီးကိုက်ရာတွင် မှန်၊ မမှန်ကို ပုဂ္ဂိုလ်တစ်ဦးက လိုက်လံစစ်ဆေးပါသည်။ သွားဆိုးမည့်သူသည် ခုံတန်းပေါ်တွင် လက်တင်ကာ ခေါင်းငုံ့ထားစေသည်။ ညသန်းခေါင်ရောက်သည့်အခါ သွားဆိုးမည့်သူများ၏ သွားကို လိုက်လံစစ်ဆေး ကြည့်ရှုပါသည်။ သွားအရည်စွဲပါက သွားဆိုးသည့် သစ်ရည်ကို ငုံထားစေပါသည်။ တစ်နာရီကြာသောအခါ သွားကို တစ်ဖန်စစ်ဆေးကြည့်ရှုပါသည်။ သွားမည်းနက်သွားပါက သွားဆေးဆိုးခြင်းလုပ်ငန်းပြီးစီးပြီဟု သတ်မှတ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ကန္တာရဝတီ ငွေတောင်ပြည်မှ ဇယိမ်း(ကယန်းလထာ) ညီနောင်များ

မောင်မောင်ကျော့(ပလက်ဝ)

(၁၁-၅-၂၀၂၀ ရက်မှအဆက်)

တိုင်းရင်းသားယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံ (ကရင်)စာအုပ်တွင် ကရင်တိုင်းရင်းသားများကိုမွန်တို့က "အာရိယန်"၊ ရှမ်းတို့က "ယန်"၊ ပအိုဝ်းတို့က "ဂျော့က်" ဟု ခေါ်ကြသည်။ ကရင်တို့သည် မြန်မာကရင်(စကောကရင်)၊ မွန်ကရင် (ပိုးကရင်) ဟူ၍ အုပ်စုနှစ်စုရှိရာ ကရင်အားလုံးတို့သည် သူတို့ကိုယ်သူတို့ "ပွာကညော" ဟု ခေါ်သည်။ မြန်မာပြန်လျှင် လူသားဟု အဓိပ္ပာယ်ရသည်။ စကောကရင်၊ ပိုးကရင်၊ ဘွဲ့ကရင်၊ ကရင်နီ(ကယား)၊ ကယန်း (ပဒေါင်)၊ ဇယိမ်း(ကယန်းလထာ) ဟူသော တိုင်းရင်းသားခြောက်မျိုးကို ယေဘုယျအားဖြင့် ကရင်ဟု သတ်မှတ်ကြောင်း ရေးသားထားသည်။

J. George Scort ရေးသားသော The Upper Burma Gazette စာအုပ်တွင် ကယန်းလူကြီးသူမတို့၏အဆိုအရ သူတို့သည် တောင်ဘက်ပိုင်းမှ ဆင်းသက်လာကြပြီး နောက်ဆုံးအခြေချခဲ့သောနေရာမှာ တောင်ငူဖြစ်သည်။ ထိုဒေသကို သူတို့က ကမ္ဘာ၏အလယ်ဗဟိုဒေသဖြစ်သည်ဟု ယူဆကြကြောင်း ရေးသားထားသည်။

တိုင်းရင်းသားသုတေသီ ဦးမင်းနိုင်က မနုဿဗေဒအရဆန်းစစ်လျှင် ပြည်ထောင်စုအတွင်း နေထိုင်သောတိုင်းရင်းသားအားလုံးမှာ မွန်ဂိုလွိုက်အနွယ်ဝင် (Mongoloid Stock) များသာဖြစ်ကြောင်း၊ တိဗက်ကုန်းမြေမြင့်မှ တိဗက်-မြန်မာအုပ်စု၊ မွန်-ခမာအုပ်စု၊ ထိုင်း-တရုတ်အုပ်စုဟူ၍ သုံးမျိုးကွဲကာ တောင်ဘက်သို့ဆင်းသက်လာခဲ့ရာ သံလွင်မြစ်ကြောင်းအတိုင်း ဝင်ရောက်လာသောအုပ်စုမှာ ထိုင်း-တရုတ်အုပ်စုဖြစ်ကြောင်း၊ ထိုင်း-တရုတ်အုပ်စုသည် ဦးစွာ ကရင်မျိုးနွယ်စုနှင့် ရှမ်းမျိုးနွယ်စုဟူ၍ နှစ်မျိုးကွဲခဲ့ကြကြောင်း၊ ကရင်အုပ်စုတွင် ပိုးကရင်၊ စကောကရင်၊ ပကူးကရင်၊ ကရင်၊ ကရင်ဖြူ၊ ဘွဲ့ကရင်၊ ပအိုဝ်း(တောင်သူ)အပြင် ကရင်နီ(ကယား)၊ ဗရဲ(ကယော)၊ မနုမနော (ကော်ယော်)၊ ဂေဘား၊ ယင်းတလဲ၊ ကယန်း (ကယန်းပဒေါင်)၊ ဂေခို(ကယန်းကဒွေ့)၊ ယင်းဘော်(ကယန်းကင်း)၊ ဇယိမ်း(ကယန်းလထာ)တို့လည်း ပါဝင်ကြောင်း၊ ထို့ကြောင့် ကယားမျိုးနွယ်စုအားလုံးကိုလည်း ထိုင်း-တရုတ်အနွယ်ဝင်များဟုပင် အားလုံးက သတ်မှတ်ကြသည်ဟု ရေးသားထားသည်။

လူမှုစီးပွားဘဝ

ဇယိမ်းတို့၏ နေထိုင်မှုဘဝသည် တောတောင်မှီ၍ ကျောက်တုံးကျောက်စိုင်များအကြား အိမ်ငယ်များဆောက်ကာ နေထိုင်ကြသည်။ ဘဝကြမ်းတမ်းသည်။ ဤသို့နေထိုင်ခြင်းသည်ပင်လျှင် အမျိုးသင်္ကေတ အမည်သညာကို ဖော်ညွှန်းပြဆိုနေသည်ဟု ဆိုရပေမည်။ အခြားတိုင်းရင်းသားမျိုးနွယ်စုများကဲ့သို့ တောင်ယာလုပ်ငန်း လုပ်ကိုင်ကြသည်။ တောင်ယာကို တောင်စောင်းများတွင် စူးထိုးစိုက်ပျိုးကြသည်။ မြေပြန့်လယ်ယာလုပ်ငန်းကို လုပ်ကိုင်ခြင်းမရှိပေ။ ကယန်း၊ ဂေခို၊ ယင်းဘော်တို့ကဲ့သို့ တောင်ယာမခုတ်မီ ခုတ်မည့်ရက်ကို သိနိုင်ရန် ကြက်ရိုးဗေဒင်မေးလေ့ရှိသည်။ ဗေဒင်အလိုအရ တောင်ယာခုတ်ခြင်း၊ တောင်ယာမီးရှို့ခြင်း၊ စိုက်ပျိုးခြင်းတို့ကို ပြုလုပ်ကြသည်။

ဥယျာဉ်ခြံမြေ စိုက်ပျိုးရေးလုပ်ငန်းတွင် တောင်စောင်းတောင်ကုန်းများ၌ လက်ဖက်ကို အဓိကထား ဦးစားပေးစိုက်ပျိုးလုပ်ကိုင်ကြသည်။ ကွမ်း၊ ကွမ်းသီး၊ တညင်း၊ ငှက်ပျော၊ လိမ္မော်တို့ကို စားသုံးရန် အနည်းအကျဉ်း လုပ်ကိုင်ကြသည်။ ပိုလျှံက မြို့ပေါ်သို့သွားရောက် ရောင်းချခြင်း၊ ဆန်ဖြင့်လဲလှယ်ခြင်းတို့ ပြုလုပ်ကြသည်။ တောင်ယာအားလပ်ချိန်တွင် ငါးရှာလေ့ရှိသည်။ ရေအိုင်ကိုကျောက်များစီ၍ လမ်းပိတ်ကာငါးဖမ်းကြသည်။ ပုစွန်၊ ကဏန်းလည်း ဖမ်းကြသည်။ ဇယိမ်းအမျိုးသားတိုင်း အမဲလိုက်ရန် ဝါသနာပါသည်။ သားကောင်များကို ထောင်ချောက်လုပ်၍ ဖမ်းကြသည်။ ပြောင်းကောက်ပင်ကို ဖျက်ဆီးလေ့ရှိသော ဝက်ဝံကို မောင်းဆင်၍ ဖမ်းကြသည်။ ကျားကို လင့်စင်ထိုး၍ လင့်စင်ပေါ်မှ သေနတ်နှင့်ပစ်၍ ဖမ်းကြသည်။ ငှက်များကို ညောင်စေးသုတ်၍ ဖမ်းကြသည်။

ဇယိမ်းတို့ရိုးရာအစားအစာမှာ ခေါင်ရည်၊ ဝါးပိုးကောင်ဟင်း၊ ခါချဉ်ဥကျော်၊ အမဲကျော်တို့ဖြစ်ကြသည်။ အမျိုးသမီးတို့မှာလည်း ပျင်းရိသူများမဟုတ်။ အချက်၊ အပြုတ်၊ အဖွပ်၊ အလျှော် အားလပ်သည်နှင့် ဂျပ်ခုတ်လက်ရက်ကန်းထည်များ ရက်လုပ်ကြသည်။ အမျိုးသားအမျိုးသမီးအားလုံး ဒေသထွက်ဝါးနှင့် ရိုးရာခြင်း၊ ပလိုင်း၊ တောင်း ရက်ကြသည်။ မွေးမြူရေးလုပ်ငန်းကို နေအိမ်သုံးရန်နှင့် ရိုးရာဓလေ့တွင် အသုံးပြုရန်သာ မွေးမြူကြသည်။

ကယန်းလထာလူမျိုးစု ရိုးရာဝတ်စုံ

ရိုးရာဝတ်စားဆင်ယင်မှု

ဇယိမ်း(ကယန်းလထာ) အမျိုးသားတို့၏ ဦးခေါင်းတွင် ဆံပင်ရှည်မထားဘဲ ကတုံး တုံးထားလေ့ရှိသည်။ ထို့ကြောင့် အချို့က ကယန်းခေါင်းတုံးဟု ခေါ်ကြသေးသည်။ ဆံပင်ရှည်လာလျှင် ပြန်ရိတ်လေ့၊ ကတုံး တုံးလေ့အမြဲပြုလုပ်ကြသည်။ နားပေါက်များ ဖောက်လေ့ရှိပြီး ဖားစည်ပုံသဏ္ဌာန် ငွေနားတောင်းကို အခေါင်းပွလုပ်ကာ ပန်ဆင်လေ့ရှိသည်။ လည်ပင်းတွင်လည်း အဖြူ၊ အနီ၊ အဝါ တစ်လုံးစီပုတီးကို ဝတ်ဆင်လေ့ရှိသည်။ တစ်ဖန် လည်ပင်းအောက်၌ တောဝက်အစွယ်နှစ်ချောင်းကို ကြိုးဖြင့်သီကာ ဆွဲလေ့ရှိသည်။ အင်္ကျီမှာ အဖြူရောင် ဂျပ်ခုတ်လက်ရက်ထည်ဖြစ်သည်။ ဘောင်းဘီမှာလည်း အဖြူရောင်ဂျပ်ခုတ်လက်ရက်ထည်ဘောင်းဘီတို့ကို ဝတ်ဆင်လေ့ရှိသည်။ ယခုအခါ ဂျပ်ခုတ်လက်ရက်ထည်အဖြူရောင်ကို တိုက်ပုံအင်္ကျီပုံသဏ္ဌာန်ချုပ်၍ တိုက်ပုံရင်စေ့နှစ်ဖက်နှင့် လက်နှစ်ဖက်တို့တွင် လိမ္မော်ရောင်ပန်းကြိုးများဆင်၍ ဖန်တီးဝတ်ဆင်လာကြသည်။ ခါးတွင်ခါးပန်းကြိုးတစ်ချောင်း ပတ်ထားလေ့ရှိပြီး ဒူးခေါင်းအောက်၌ သစ်စေးသုတ်ထားသော အဖြူရောင်ဖန်ပုတီးတစ်လုံးကို ဆင်မြန်းလေ့ရှိသည်။ ခြေချင်းဝတ်တွင် ခြူသီးငါးလုံးဆင်မြန်းထားလေ့ရှိ၏။

အမျိုးသမီးတို့မှာ ဦးခေါင်းတွင်ဆံပင်ရှည်ထားကြသည်။ သုံးလက်မဘီးဖြင့် ဆံပင်ကို ဖြီးကာ တစ်ပတ်လျှိုဆံထုံး ထုံးထားလေ့ရှိသည်။ နားပေါက်ဖောက်ပြီး ငွေနားတောင်းများ ပန်ဆင်သည်။ လည်ပင်းတွင် အဖြူရောင်၊ အနီရောင် ဖန်ပုတီးကို ဝတ်ဆင်လေ့ရှိသည်။ လက်နှစ်ဖက် တံတောင်ဆစ်အထက်တွင် ကြေးကွင်းတစ်ကွင်းစီ ပတ်ထားလေ့ရှိသည်။ လက်ချောင်းများတွင်လည်း ကြေးကွင်းများ စွပ်ထားလေ့ရှိသည်။ ခါးတွင် ဘုတ်သံအဖြူကြိုးကွင်းတစ်ချောင်း ရစ်ပတ်ထားလေ့ရှိသည်။ အင်္ကျီမှာ ဂျပ်ခုတ်လက်ရက်ထည်ဖြစ်ပြီး ထဘီမှာ အဖြူရောင်ပေါ်တွင် လိမ္မော်ရောင်ကန့်လန့်စင်း ဂျပ်ခုတ်လက်ရက်ထည်များ ဝတ်ကြပြီး ဒူးခေါင်းအောက်၌ ခြူသီးဆွဲထားသော ကြေးကွင်းသုံးကွင်းနှင့် သစ်စေးသုတ်ထားသော ချည်ကြိုးကို ခြေချင်းထိဆင်မြန်းလေ့ရှိသည်။ အဖြူရောင်ဘုတ်သံပုတီးနှစ်ကုံးစီ ဝတ်ကာ သွားလာလှုပ်ရှားသောအခါ ခြူသံကို မြည်စေလေ့ရှိကြသည်။

ယုံကြည်ကိုးကွယ်မှု

ဇယိမ်းတို့သည် တံခွန်တိုင်နတ်ကို ရိုးရာနတ်အဖြစ် နှစ်စဉ်ပူဇော်ကြသည်။ တောင်စောင့်နတ်၊ တောစောင့်နတ်များကိုလည်း ကိုးကွယ်ကြသည်။ နတ်ဖမ်းစားသည်ဟု ယူဆလျှင် နတ်စင်တွင် ဘူးခြောက်ခွံဖြင့် ထည့်ထားသော ရေအိုးနှင့် ကြက်ဖြူ၊ ကွမ်း၊ ဆေးတို့ကို ပသ၍ တောင်းပန်ကြသည်။ နတ်ဆိုးသည် သေနတ်ကို မကြောက် ဒူးလေးနှင့် ဓားကိုသာ ကြောက်သည်ဟု ယုံကြည်ကြသည်။

ဇယိမ်းတို့သည် ယုံကြည်မှုပေါ်တွင် အယူသီးကြသည်ကို တွေ့ရသည်။ လူ၏ဆံပင်၊ အဝတ်တို့ကိုယူ၍ ပြုစားနိုင်သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ဆံပင်ကို လူတိုင်းမမီနိုင်သည့် အိမ်နံရံအမြင့်တွင် ထိုးထားလေ့ရှိသည်။ အဝတ်စုတ်၊ အဝတ်ဟောင်းများကို စွန့်ပစ်ခြင်းမပြုဘဲ မီးရှို့ပစ်လေ့ရှိသည်။ အပင်းသွင်းခြင်း၊ ဆေးခတ်ခြင်းတို့ကိုလည်း ယုံကြည်ကြသည်။ သူစိမ်းကျွေးသည့် အစာကို ချက်ချင်းမစားကြပေ။ မိမိနှင့် ခင်မင်ရင်းနှီးသည့် ဧည့်သည်လာလျှင်လည်း မိမိက ခေါင်ရည်ကို ရိုးရိုးသားသား တိုက်ကျွေးကြောင်းပြရန် အိမ်ရှင်က ဦးစွာသောက်ပြီးမှ ဧည့်သည်ကို သောက်စေသည်။

လူမှုရေးဓလေ့စရိုက်များ

လူမျိုးတစ်မျိုးတွင် လူမျိုး၏အင်္ဂါရပ်ကို ဖော်ဆောင်သည့် သင်္ကေတအမှတ်လက္ခဏာများရှိကြသည်။ ထိုလက္ခဏာများမှာ ယင်းလူမျိုးတို့၏ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ဓလေ့ဟုလည်း ဆိုနိုင်သည်။ ယင်းအမျိုးသားရေးလက္ခဏာများသည် လက်ဆင့်ကမ်းထိန်းသိမ်းလာကြသည့် စရိုက်လက္ခဏာတို့ပင်ဖြစ်သည်။ ထိုအမျိုးသားရေး စရိုက်လက္ခဏာများတွင် ယခုအခါ ခေတ်နှင့်ဆီလျော်သည့် လက္ခဏာများရှိနိုင်သလို မဆီလျော်သည့် လက္ခဏာများလည်း ရှိလာနိုင်သည်။ ခေတ်နှင့်မဆီလျော်သည့် ဓလေ့ထုံးစံများကို ရှေးရိုးရာလည်း မပျောက်ပျက်အောင်၊ ခေတ်စနစ်နှင့်လည်း ကိုက်ညီလာအောင် ဆန်းသစ်တီထွင် ဖန်တီးကာ ရိုးရာဓလေ့များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ပါမှ ယင်းလူမျိုး၏အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားလာစရာ အကြောင်းရှိလာနိုင်မည်။

ဇယိမ်းတို့တွင်လည်း လူပျိုဂေဟာဟူ၍ ရှိလေသည်။ လူပျိုဂေဟာကို ရွာ၏အလယ်တွင် ဆောက်လုပ်ကြသည်။ ကယန်းစကားဖြင့် လူပျိုဂေဟာကို"ဟော့"ဟုခေါ်သည်။ လူပျိုတို့သည် နေ့တွင် လုပ်ငန်းခွင်သို့သွားကြပြီး ညဘက်တွင် စားသောက်ပြီး လူပျိုဂေဟာတွင် သွားရောက်အိပ်ကြသည်။ ၁၅၊ ၁၆ နှစ်အရွယ်ယောကျ်ားလေးမှသာ လူပျိုဂေဟာမှလက်ခံသည်။ ဂေဟာကိုလူပျိုကြီး(သို့) မုဆိုးဖိုက ဦးဆောင်ကြီးကြပ်ပေးရသည်။ လက်ထပ်ပြီးလျှင် ဂေဟာ၌မနေရတော့ချေ။ ဇယိမ်းတို့၏ဓလေ့တွင် အပျိုလှည့်လည်သည့် စနစ်ကို တားမြစ်ထားသည်။

အိမ်ထောင်ဖက်ရွေးချယ်သည့်ဓလေ့

ဇယိမ်းတို့၏ အိမ်ထောင်ဖက်ရွေးချယ်သည့် ဓလေ့တွင် မိမိတို့လူမျိုးချင်းသာ လက်ထပ်ရန် ရွေးချယ်ရသည်။ မိသားစုအချင်းချင်း၊ ဆွေမျိုးချင်းလက်ထပ်ခြင်းသည် ဇယိမ်းတို့၏ ရိုးရာဓလေ့ပင်ဖြစ်သည်။ ဇယိမ်းတို့သည် အယူသီးသော လူမျိုးပီပီ မိမိတို့အမျိုးမှအပ အခြားလူမျိုးကို လက်ထပ်ခွင့်မပြုပေ။ စည်းဖောက်၍ အခြားလူမျိုးတစ်ဦးဦးနှင့် လက်ထပ်မိခဲ့လျှင် လွတ်အောင်ပြေးနိုင်က ပြေးရသည်။ မပြေးနိုင်က ရှေးအခါက လူမျိုးသစ္စာဖောက်အဖြစ် အသတ်ခံရသည်။ ထို့အပြင် နှစ်ဖက်မိဘများကလည်း ကျွဲ၊ နွား၊ ဝက် ပစ္စည်းများကို ပေးလျော်ရသည်။ ဇယိမ်းတို့၏ အိမ်ထောင်ဖက်ရွေးချယ်သည့် ဓလေ့သည် တားမြစ်ချက်များ ပြင်းထန်လွန်းသည့်ဓလေ့ဟု ဆိုရပေမည်။ ယခုအခါ ခေတ်စနစ်အခြေအနေအရ တားမြစ်ချက်များ လျော့ရဲလာခဲ့ပေပြီ။

လက်ထပ်ထိမ်းမြားမင်္ဂလာဓလေ့

ဇယိမ်းတို့၏ လက်ထပ်ထိမ်းမြားမင်္ဂလာဓလေ့မှာ မိမိတို့ အမျိုးအနွယ်ကိုစောင့်၍ လက်ထပ်ရသည့် ဓလေ့ဖြစ်သည်။ စောင့်၍ပင်လက်ထပ်ရန်အတွဲမရှိလျှင် လူပျို၊ အပျိုဘဝဖြင့် အချိန်ကုန်ခံပြီး စောင့်နေရသည်။ တစ်ခါတစ်ရံ ယောကျ်ားကြီးကြီး မိန်းမငယ်ငယ်၊ မိန်းမကြီးကြီး ယောကျ်ားငယ်ငယ် အတွဲများပင် လက်ထပ်ကြရသည်ကို တွေ့ရသည်။ လက်ထပ်ပုံမှာ ရိုးရိုးလေးပင်ဖြစ်သည်။ လက်ထပ်မင်္ဂလာပွဲကို ပြာသိုလနှင့် တပို့တွဲလတို့ တွင် အများအားဖြင့် ကျင်းပလေ့ရှိသည်။ မင်္ဂလာပွဲကျင်းပရာတွင် အခြားလူမျိုးမဖိတ်ရ။ မိမိတို့လူမျိုးကိုသာ ဖိတ်ရသည်။ မင်္ဂလာပွဲတွင် ဆီမပါ၊ ဆားမပါ အမဲတောကောင်သားများကို ချက်ပြုတ်ကျွေးမွေးဧည့်ခံရသည်။ ကျွေးမွေးဧည့်ခံပြီးလျှင် အမျိုးအဆွေထဲမှ စေ့စပ်ထားသော သတို့သမီးရှိရာသို့ သတို့သားကို ရွာလူကြီးများက လူပျိုဂေဟာမှ ခေါ်ဆောင်သွားရသည်။ ထို့နောက် လက်ထပ်ကြမည့် သတို့သားနှင့် သတို့သမီးကို တွေ့ဆုံစေပြီး စကားပြောခိုင်းသည်။ စကားပြောခိုင်းပြီးသောအခါ ဇယိမ်းတို့၏ ရိုးရာဓလေ့ထုံးစံအတိုင်း မင်္ဂလာပွဲကို လူကြီးစုံရာရှေ့တွင် ကျင်းပကြသည်။ မင်္ဂလာပွဲအတွက် ကုန်ကျငွေကို နှစ်ဖက်မိဘများက ကုန်ကျခံရသည်။

အထူးကဏ္ဍစာမျက်နှာ (၇)သို့»»

ဇယိမ်းတို့၏ နေထိုင်မှုဘဝသည် တောတောင်မှီ၍ ကျောက်တုံးကျောက်စိုင်များအကြား အိမ်ငယ်များဆောက်ကာ နေထိုင်ကြသည်။ ဘဝကြမ်းတမ်းသည်။ ဤသို့နေထိုင်ခြင်းသည်ပင်လျှင် အမျိုးသင်္ကေတအမည်သညာကို ဖော်ညွှန်းပြဆိုနေသည်ဟု ဆိုရပေမည်။ အခြားတိုင်းရင်းသားမျိုးနွယ်စုများကဲ့သို့ တောင်ယာလုပ်ငန်း လုပ်ကိုင်ကြသည်။ တောင်ယာကို တောင်စောင်းများတွင် စူးထိုးစိုက်ပျိုးကြသည်။ မြေပြန့်လယ်ယာလုပ်ငန်းကို လုပ်ကိုင်ခြင်းမရှိပေ။ ကယန်း၊ ဂေခို၊ ယင်းဘော်တို့ကဲ့သို့ တောင်ယာမခုတ်မီ ခုတ်မည့်ရက်ကို သိနိုင်ရန် ကြက်ရိုးဗေဒင်မေးလေ့ရှိသည်။ ဗေဒင်အလိုအရ တောင်ယာခုတ်ခြင်း၊ တောင်ယာမီးရှို့ခြင်း၊ စိုက်ပျိုးခြင်းတို့ကို ပြုလုပ်ကြ

မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးဂဏ္ဍ

ဇွန် ၁၄၊ ၂၀၂၀
(တနင်္ဂနွေနေ့)

ဝတ္ထုတို

အောင်ကျော်မြင့်



(၁)

“အရီးရေ...အကြော်နှစ်ရာဖိုးလောက်”

“ဗန်းထဲမှာ ငါးခုသာထည့်သွားတော့ မိထူးရေ.. အချဉ်ရည်လည်း ကိုယ့်ပါကိုယ် ထည့်ယူသွားတော့ အရီးကြော်လက်စကြီးမို့”

အကြော်လာဝယ်သော မိထူးကို အကြော်ကြော်နေရင်းဖြင့် လှမ်းပြောလိုက်သည်။ အကြော်ကြော်နေပေမယ့် ဒေါ်မြ၏ စိတ်တွေသည် သားဖြစ်သူ ဖိုးမြင့်ထံသို့ ရောက်ရှိနေသည်။ ကူဖော်လောင်ဖက်မရသည့်ပြင် အမြဲတမ်းမူးနေသော်လည်း အမေတစ်ခုသားတစ်ခုဘဝမို့ သားဖြစ်သူကို အပြစ်မတင်ရက်ခဲ့ပါ။ ထိုစဉ်မှာပင် ယိုင်နဲ့နေသော ခြေလှမ်းအစုံဖြင့် အကြော်ဆိုင်သို့ လျှောက်လှမ်းလာသော ဖိုးမြင့်ကို တွေ့လိုက်ရတော့သည်။

ဒယ်အိုးထဲရှိ အကြော်များကို ကမန်းကတန်း ဆယ်လိုက်ပြီး ထင်းမီးကိုလျှော့ချလိုက်သည်။ ထို့နောက် မတ်တတ်ထပြီး ထဘီကိုပြင်ဝတ်ကာ သားဖြစ်သူကို သွားရောက်တွဲခေါ်လိုက်တော့သည်။

“အမလေး.. ငါ့သားရယ်.. ဒီအရက်တွေသောက်လာပြန်ပြီလား... အနံ့တွေကို ထောင်းနေတာပဲ..”

“ဟာ.. အမေကလည်း.. ကျွန်တော်ကြိုက်လို့ ကျွန်တော်သောက်တာ.. နောက်ပြီး အများကြီးသောက်တာ မဟုတ်ပါဘူးဗျာ.. နည်းနည်းပါးပါးပါဗျ..”

မူးနေသော သားဖြစ်သူကို မီးဖိုနံဘေးရှိ ပက်လက်ကုလားထိုင်ပေါ်တွင် တင်ပေးလိုက်သည်။ အချိန်ကလည်း ညနေ ၆ နာရီခန့်ရှိပြီဖြစ်သောကြောင့် အကြော်ဆက်မကြော်တော့ဘဲ ကြော်ပြီးသားအကြော်တွေကိုသာ ရောင်းရန်အတွက် ဗန်းထဲသို့ထည့်လိုက်သည်။ ဖိုးမြင့်ကတော့ မူးပြီးအိပ်နေပြီဖြစ်သည်။ ထို့နောက် တစ်နေ့စာရောင်းရငွေများကို ဒေါ်မြတစ်ယောက် ရေတွက်နေလိုက်တော့သည်။

“မမြရေ..အကြော်ရှိသေးလားတော့..”

“ဟုတ်.. ရှိသေးတယ်.. မတင်လှရေ.. ဘယ်လောက်ဖိုးယူမလို့လဲ...”

“ငါးရာဖိုးပေးမမြရေ..ဩော်..ဖိုးမြင့် လည်း ဒီကိုရောက်နေတာကိုး..”

ဒေါ်တင်လှသည် အကြော်ဝယ်နေရင်းဖြင့် အနောက်တွင် မူးပြီးအိပ်ပျော်နေသော ဖိုးမြင့်ကို မြင်သွားသောကြောင့် ပြောလိုက်သည်။

“မမြလည်း.. သားဆိုးသားမိုက်တစ်ယောက်နဲ့ ဝဋ်ကြွေးကြီးလိုက်တာနော်”

ဒေါ်တင်လှ၏ စကားကြောင့် ရင်ထဲအောင့်သက်သက်ဖြစ်သွားခဲ့ရသည်။ သားဖြစ်သူနှင့်ပတ်သက်လျှင် အထိမခံသော သူမ၏ စိတ်ကြောင့်ပင် ပြန်လည်တုံ့ပြန်လိုက်သည်။

“ဒီမယ် မတင်လှ..ကျွန်မသားက အရက်သောက်ပြီး မူးနေတာကလွဲရင် ဘယ်သူ့ကိုမှ ဒုက္ခပေးနေတာမဟုတ်ဘူးရှင့်... နောက် ကျွန်မသားကို အခုလိုမပြောပါနဲ့ ကျွန်မမကြိုက်ဘူး..”

“ဟုတ်ပါပြီ... ကျွန်မတို့ကလည်း တော်ကိုကိုယ်ချင်းစာလို့ပြောတာ..မကြိုက်ရင် မပြောတော့ဘူး..ကဲ..ရော့..ပိုက်ဆံ”

ဒေါ်တင်လှသည် ပိုက်ဆံကိုဗန်းထဲသို့ ထည့်ပေးရင်း မကျေနပ်သည့်ဟန်ဖြင့် ထွက်သွားသည်။ ဒေါ်မြတစ်ယောက်သာ အကြော်ဗန်းရှေ့မှာရပ်ပြီး အတွေးများစွာနှင့် ကျန်ရစ်ခဲ့ရသည်။ ဖိုးမြင့်ကတော့ မူးပြီး အိပ်ကောင်းနေဆဲဖြစ်သည်။

(၂)

အိမ်ပြန်ရောက်တော့ ည ၈ နာရီကျော်ပြီဖြစ်သည်။ ဖိုးမြင့်ကို တွဲခေါ်လာရသောကြောင့် ခါးတစ်ခုလုံးနာကျင်နေပေမယ့် မညည်းညူနိုင်ခဲ့ပါ။ ဖိုးမြင့်ကတော့ ထမင်းပင်မစားတော့ဘဲ တန်းပြီးအိပ်ပျော်သွားတော့သည်။ သားဖြစ်သူကို ဦးစွာခြင်ထောင်ထောင်ပေးပြီးမှ ထမင်းစားရန်ပြင်လိုက်သည်။

ဟင်းကတော့ မယ်မယ်ရရမရှိ။ လက်ကျန်ပါလာသောအကြော်လေးတွေနှင့် ငါးပိရည်သာဖြစ်သည်။ နေ့စဉ်ထိတွေ့နေရသော ညစာဆိုလျှင်လည်း မှားလိမ့်မည်မထင်။ မနက်ပိုင်းတော့ ဟင်းတစ်မျိုးမျိုးချက်ပြုတ်၍ ညစာကိုတော့ အကြော်ရောင်းရင်းတစ်ဖက်မို့ ထွေထွေထူးထူး မလုပ်ဖြစ်ခဲ့ပါ။

ဖိုးမြင့်ကတော့ မနက်တိုင်း နေမြင့်မှထ၍ ထမင်းစားသောက်ပြီးသည်နှင့် အမေဖြစ်သူထံမှ ပိုက်ဆံတောင်းကာ အပြင်ထွက်လေ့ရှိသည်။ ပြန်လာတိုင်းလည်း မူးပြီးပြန်လာမြဲဖြစ်သည်။ အိမ်ပြန်စောသည့်ရက်မျိုးတွင်တော့ အကြော်ဆိုင်ကိုရောက်လာတတ်ပြီး နောက်ကျသည့်ရက်မျိုးတွင်တော့ အိမ်ကိုသာ တန်းပြန်လာတတ်သည်။

ဒေါ်မြလည်း သားဖြစ်သူကို ပြောချင်ပေမယ့် ငယ်စဉ်ကတည်းက အလိုလိုက်ခဲ့သည်ကတစ်ကြောင်း၊ ဖိုးမြင့်မွေးပြီး တစ်လအကြာမှာပင် ယောကျ်ားဖြစ်သူကိုညွှန့် ဆုံးပါးသွားသည်ကတစ်ကြောင်းမို့ ဖတဆိုးသားလေး ဖိုးမြင့်ကို စိတ်ချမ်းသာအောင်ထားခဲ့သည်။ ပညာရေးတွင်လည်း အားနည်းချက်များစွာရှိသောကြောင့် ဖိုးမြင့်သည် ခြောက်တန်းကပင် ပညာရေးကို ရပ်နားခဲ့ရသည်။ ယခု အသက်နှစ်ဆယ် ကျော်သည့်တိုင် အလုပ်မလုပ်ဘဲ အချိန်ဖြုန်း နေခဲ့ခြင်းသာဖြစ်သည်။ ဘယ်သူမပြု မိမိမှုဆိုသည့်အတိုင်း ဒေါ်မြ မိမိကိုယ်ကိုသာ အပြစ်တင်မိတော့သည်။

(၃)

ဈေးကအပြန် လမ်းထိပ်ရှိ မုန့်ဟင်းခါးဆိုင်မှ ပါဆယ်တစ်ပွဲဝယ်လိုက်သည်။ ဖိုးမြင့်က မုန့်ဟင်းခါးကြိုက်မှန်း ဒေါ်မြင့်သိသည်။ ထို့ကြောင့် သားဖြစ်သူ အိပ်ရာနိုးသောအခါ စားဖို့ ဝယ်ခဲ့ခြင်းဖြစ်သည်။

ထိုစဉ်မှာပင် သူတို့ရပ်ကွက်ဘက်မှ ရုတ်ရုတ်သဲသဲဖြင့် လူတွေ ပြေးထွက်လာကြသည်။ တစ်ယောက်တစ်ပေါက် ဆူညံအော်ဟစ်သံတွေကလည်း ကမ္ဘာပျက်သည့်အလား။

ဒေါ်မြလည်း ပြေးလာသောသူများထဲမှ တစ်ယောက်ကို စိုးရိမ်ကြီးစွာ မေးလိုက်သည်။

“ဘာ..ဘာများဖြစ်လို့လဲ..အစ်မရေ..”

“မီး..မီး.မီးလောင်လို့....”

“ရှင်..”

ဒေါ်မြတစ်ယောက် စိုးရိမ်ပူပန်မှုတွေဖြင့် ထိတ်လန့်သွားခဲ့ရသည်။ အိမ်တွင် အိပ်ပြီးကျန်နေသော သားဖြစ်သူကို မျက်လုံးထဲမြင်ယောင်လာပြီး မုန့်ဟင်းခါးပါဆယ်ကိုပင် လွှင့်ပစ်ပြီး ကမန်းကတန်း အိမ်သို့ပြေးလေတော့သည်။

ထိုစဉ်မှာပင် မီးသတ်ကားသံတွေကလည်း ဆူညံစွာပင်ရောက်ရှိလာခဲ့သည်။ မီးခိုးလုံးကြီးတွေကလည်း တိမ်တိုက်တွေအလား ထုထည်ကြီးမားစွာ ပျံတက်လျက်ရှိသည်။ သူများတွေကတော့ အပြင်ကိုပြေးနေကြပေမယ့် ဒေါ်မြကတော့ ဆန့်ကျင်ဘက်သို့ပြေးရင်း သူမတို့အိမ်ကလေးရှေ့သို့ရောက်လာခဲ့တော့သည်။

“ဟင်..”

အလာကောင်းပေမယ့် အခါနှောင်းနေပြီဖြစ်သည်။ ဒေါ်မြတို့အိမ်လေးသည် မီးဟုန်းဟုန်းတောက်လောက်ကူးစက်နေပြီဖြစ်သည်။

“သား...”

ဒေါ်မြစူးဝါးစွာအော်ဟစ်လိုက်ပြီး မီးထဲသို့ တိုးဝင်ရန်ကြိုးစားလိုက်သည်။ မီးငြိမ်းသတ်နေသော လူငယ်များက ဒေါ်မြကို အချိန်မီဆွဲလိုက်ကြသည်။

“အဒေါ်..ဘာလုပ်တာလဲဗျာ..သေကုန်မှာပေါ့..”

“လွှတ်..လွှတ်..ငါ့ကိုလွှတ်..အထဲမှာ.. ငါ့သားရှိတယ်...ငါ့သားသေလိမ့်မယ်...ငါ့ကို လွှတ်..”

“ဟာ..မဟုတ်တာမလုပ်ပါနဲ့ဗျာ..အဒေါ်ပါ သေမှာပေါ့”

“သေပါစေ..ငါ့သားတော့ အသေမခံနိုင်ဘူး“

ဒေါ်မြတစ်ယောက် မျက်ရည်တွေဖြင့် အော်ဟစ်နေမိသည်။ ကယ်ဆယ်ရေးအဖွဲ့တွေကလည်း ဒေါ်မြကို လွှတ်မပေးဘဲ ဝိုင်းချုပ်ထားကြသည်။ စိတ်၏စေစားရာ ပြင်းထန်သော်လည်း အရာမထင်ခဲ့သည်မို့ ဒေါ်မြတစ်ယောက် အရုပ်ကြိုးပြတ် လဲကျသွားခဲ့ရတော့သည်။

(၄)

ကွယ်လွန်သူ ဒေါ်မြ၏ အုတ်ဂူလေးသည် အထီးကျန်စွာ တိတ်ဆိတ်နေလွန်းလှသည်။ ထိုအုတ်ဂူဆီသို့ ဖြည်းညင်းစွာ လျှောက်လှမ်းလာသော ခြေလှမ်းတစ်စုံ၏ အသံကိုတော့ ကြားနိုင်မည်မထင်တော့ပေ။ ထိုခြေသံပိုင်ရှင်မှာ အခြားသူမဟုတ်။ ဒေါ်မြ၏ သိပ်ချစ်ရသော သားဖြစ်သူ ဖိုးမြင့်ပင်ဖြစ်သည်။ မီးလောင်သည့်နေ့က ဖိုးမြင့်၏ ဖြစ်ရပ်များကတော့...။

မိခင်ဖြစ်သူဒေါ်မြ ဈေးသွားပြီး သိပ်မကြာ အိပ်ရာမှနိုး၍ သူငယ်ချင်းဖြစ်သူကျော်ကြီးက အရက်တိုက်မည်ဆိုသောကြောင့် ဖိုးမြင့်ဝီရိယကောင်းစွာ သွားခဲ့သည်။ အမေ့ကို ပြောသွားနေကျဆိုပေမယ့် အမေကမနက်ကတည်းက ဈေးသွားသည်မို့ ပြောခွင့်မကြုံခဲ့ပေ။ ခါတိုင်းလည်း သွားနေကျမို့ ဘာမှတော့သိပ်မထူးပေ။

ဖိုးမြင့်သွားပြီးမှ သူတို့ရပ်ကွက် မီးလောင်ခဲ့ရသည်။ ဒါကိုပင်သူမသိခဲ့။ သူပြန်ရောက်မှ သိခဲ့ရသည်က မီးလောင်သည့်အိမ်ထဲတွင် သူရှိသည်အထင်ဖြင့် အရူးမီးဝိုင်းခဲ့သော အမေ။ သူ့အား ကယ်ဖို့ပင်ကြိုးစားခဲ့သော အမေ။ နောက်ဆုံးမတတ်သာသည့်အဆုံး သူ့ကြောင့်ပင် နှလုံးရပ်တန့်ပြီး လောကကြီးကိုစွန့်ခွာသွားသော အမေ။

ယခုဆို ဖိုးမြင့်သည် အမေ၏ မေတ္တာတရားကို ကောင်းစွာနားလည်သိရှိခဲ့ပြီဖြစ်သည်။ မြင်းမိုရ်တောင်မကကြီးမားသော အမေ့၏ ကျေးဇူးတွေကိုလည်း အတိုင်းအဆမဲ့စွာသိရှိခဲ့ရသလို အချိန်နှောင်းမှရတဲ့ နောင်တကလည်း အကျည်းတန်မှုတွေဖြင့်သာ ထိတွေ့ခဲ့ရတော့သည်။ အမေ့၏ကာကွယ်မှုတွေဖြင့် ရှင်သန်ခဲ့ရသော သူသည် အမှန်တကယ်တော့ မြင်းမိုရ်ဝှက်ထားတဲ့ လိပ်ပြာတစ်ကောင်သာဖြစ်သည်။ အမေမရှိတော့ပေမယ့် အမေ့ရဲ့ မေတ္တာတရားတွေကို အခုထိ သူရရှိနေသေးသည်။

အုတ်ဂူလေးနားသို့ တဖြည်းဖြည်း လျှောက်လာရင်း.သူရောက်ရှိလာခဲ့တော့သည်။ အမေ၏ ကျေးဇူးတရားတွေ၊ မေတ္တာတရားတွေကို ပြန်လည်ဆပ်နိုင်ဖို့ သူအပြောင်းလဲကြီးပြောင်းလဲနေခဲ့ပြီဖြစ်သည်။ တမလွန်ဘဝမှ ဒေါ်မြလည်း အတိုင်းမသိ ကျေနပ်နိုင်မည် ထင်ပါသည်။

ယခုဆိုလျှင် ဖိုးမြင့်သည် လူဝတ်ကြောင်ဘဝမှတစ်ဆင့် သင်္ကန်းဝတ်ရုံထားသော ဦးပညာသာရဆိုသည့်ဘွဲ့အမည်ဖြင့် ရဟန်းတစ်ပါးဘဝသို့ ကူးပြောင်းသွားခဲ့ပြီ ဖြစ်လေတော့သည်။

မျိုးဆက်သစ်ရင်ပြင်
လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ရင်ပြင် သို့ ပေးပို့ပြီးစာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

စာတည်းအဖွဲ့

ကျေးလက်က အိမ်ကလေး

တို့ခြံလေးရဲ့ အရှေ့မှာ
မုန့်ညင်း၊ ဆလပ် ဝေဝေဖြာ
ပဲမျိုးစုံပါ စင်တင်ထား
အသီးဖြိုင်တဲ့ ဘူး၊ သခွား... ။
အိမ်နောက်စိုက်ထား ကန်စွန်းပင်
ငှက်ပျော၊ သရက် မျိုးစုံလင်
ဒန့်သလွန်ပင်၊ နာနတ်မျိုး
သဘော်၊ ချဉ်ပေါင် ဝင်ငွေတိုး... ။
အိမ်ဘေးစိုက်ပျိုး အရိပ်ခို
ဇန်ဒါ၊ တမာ၊ ပင်ကုက္ကိုလ်
ရနံ့မွှေးစို ခရေလန်း
စံပယ်၊ ခတ္တာ နှင်းဆီပန်း... ။
နေခြည်သန်းတဲ့ နံနက်မှာ
လင်းကြက်တွန်သံသာ
ဆွတ်ပျံ့ကြည်ဖြာ ရွှေရည်လူး
ရင်ဝယ်စိတ်မှာ လွန်ကြည်နူး
တို့ခြံလေးဟာ မင်္ဂလာထူး ... ... ။

ဇင်မင်းစိုး (ဗိုလ်ကလေး)

လက်ဆေး မက်စ်တပ် သတိချပ်

ကိုရိုနာ ကင်းဝေးဖို့
လက်ဆေးစို့ တို့တစ်တွေ။
လက်ဝါးလက်ခုံ အစဉ်လိုက်
ပွတ်တိုက်ပါလေ။
လက်ဆေးခြင်းက ထိရောက်ပေ
သိလောက်စေ ပြည်သူများ။
ကိုရိုနာ ကာကွယ်ရေး
လက်ဆေးစို့လား။
ကိုရိုနာ အမြစ်ပြတ်ဖို့
မက်စ်တပ်စို့ တို့တစ်တွေ။
လူစုဝေးရာ နေရာများ
ရှောင်ရှားပါလေ။
မက်စ်တပ်ခြင်းက ထိရောက်ပေ
သိလောက်စေ ပြည်သူများ။
ကိုရိုနာ အမြစ်ပြတ်ဖို့
မက်စ်တပ်စို့လား။
ကိုရိုနာ ပိုမိုနှိမ်နင်း
အိမ်အတွင်း နေစို့လေ။
မလိုအပ်ရင် မထွက်ဘဲ
အိမ်ထဲမှာနေ။
ကာကွယ်ခြင်းက ထိရောက်ပေ
သိလောက်စေ ပြည်သူများ။
ကိုရိုနာ ရောဂါကင်းဖို့
နှိမ်နင်းစို့လား။

အလင်းသစ်(မော်ကျွန်း)

ဆောင်းပါး

အရသာရှိတဲ့ စာအုပ်များ

■ သက်တံ

စာအုပ်တွေဟာ အရသာရှိပါတယ်။ စာအုပ်ဟာ အရသာရှိတယ်ဆိုတော့ ပါးစပ်ထဲထည့်ပြီး လျှာပေါ်တင်ဖူးလို့တော့ မဟုတ်ပါဘူး။ စာအုပ်တွေဟာ အရသာရှိကြောင်း ဦးနှောက်နဲ့ နှလုံးသားရဲ့လျှာပေါ်မှာ တင်ကြည့်ရင် သိနိုင်ပါတယ်။ ဦးနှောက်နဲ့နှလုံးသားရဲ့ လျှာပေါ်တင်တိုင်းလည်း အရသာထွက်မလာတဲ့ စာအုပ်တွေလည်း အများကြီးပဲ။

စာရေးသူ ဆယ်တန်းတုန်းက မြန်မာစာဆရာကြီးက စာကို ခဏခဏပြန်ဖတ်ဖို့ပြောတာ နာခံဖူးတယ်။ ဆရာကြီးက ဆယ်တန်းကျောင်းသားတွေ အားလုံးကို ငါးတန်းကနေ ဆယ်တန်းအထိ ရှိသမျှ မြန်မာသဒ္ဒါစာအုပ်တွေ ယူလာခိုင်းတယ်။ ပြီးတော့ အစကနေပြန်သင်ပေးတယ်။ နောက်တော့ ဆရာကြီးက ပြောသေးတယ်။ စာဆိုတာ ထမင်းဝါးသလို ဝါးရတယ်။ "မင်းတို့တော့ ဘယ်လိုဝါးလည်း မသိဘူး၊ ငါတော့ ကြေအောင်ထပ်ခါထပ်ခါ ဝါးတယ်၊ ကြာကြာဝါးလေ အရသာစိမ့်စိမ့်လေးကို ခံစားရတယ်"တဲ့။ ဆရာကြီးပြောမှ ထမင်းကို စမ်းဝါးဖူးတယ်။ ကြာကြာဝါးလေ ပိုကြေညက်လာလေပဲ။ အဆုံးသတ်မှာ အချို၊ အစိမ့်ဓာတ်လေးပါ ခံစားလာရတယ်။ ဆရာကြီးပြောတာကို အခုထိ မှတ်သားထားမိတယ်။ ဆရာကြီးက ကဗျာတွေကိုလည်း ထပ်ခါထပ်ခါ ဖတ်ခိုင်းတယ်။ ပြီးမှ စာဆက်သင်တယ်။ စာကို ထပ်ခါထပ်ခါ ဖတ်လေလေ ပထမတစ်ခေါက်က မသိသေးတဲ့ အရသာတွေ ထပ်ထပ်ပေါ်လာတယ်။ တိမ်မြုပ်နေတဲ့ အတွေးတွေ ပေါ်လာတယ်။ စာမှာ အရသာရှိကြောင်း ထပ်ခါထပ်ခါဖတ်ရင်း သိလာမယ်။

အရသာရှိတဲ့ စာပေတွေမှာ အတွင်းအဆီအနှစ်ဓာတ် အများကြီး ပါပါတယ်။ အားပါပြီး ကျစ်လျစ်တယ်။ အတွင်းအဆီအနှစ်ဓာတ်တွေဟာ အညာဒေသက ဆီဆုံတွေလို လှည့်ပါများလေ ထွက်လာလေပဲ။ အရသာရှိတဲ့ စာပေတွေမှာ ဦးနှောက်ကို အလုပ်ပေးတယ်။ ကိုယ်တိုင်က အလုပ်ပေးဖို့ သတိမထားမိခင်မှာပဲ စာအုပ်တွေက ဦးနှောက်ကို အလုပ်လုပ်စေတယ်။ အရသာရှိတဲ့ စာအုပ်တွေဟာ နှလုံးသားကိုလည်း နူးညံ့သွားစေတယ်။ ကြွံခိုင်သွားစေတယ်။ နူးညံ့တာဟာ ပျော့ညံ့သွားတာ မဟုတ်ဘူးဆိုတာ သိဖို့လိုတယ်။ အခုနောက်ပိုင်းမှာ နူးညံ့တာနဲ့ ပျော့ညံ့တာကို မခွဲတတ်တဲ့ နှလုံးသားရေးရာ စာအုပ်တွေ ထွက်လာတယ်။ အဲဒီစာအုပ်တချို့ဟာ ရင်ထဲနစ်သွားအောင် ခံစားရပေမယ့် လူကို နုံးသွားစေတယ်။ နွံထဲ နစ်ပစ်လိုက်သလိုပဲ။ ဒါဟာ ရသကို ထူးထူးကဲကဲဖြစ်အောင် ဖန်တီးပေးလိုက်တာမဟုတ်ဘူး။ နှစ်ချို့ဝိုင်တွေ တိုက်သလို စာဖတ်သူကို မူးယစ်ရီဝေ စွဲလမ်းသွားအောင်လုပ်ပစ်တာ ဖြစ်တယ်။ ပြီးတော့ ဖတ်လို့လွယ်ပြီး ဦးနှောက်မှာ လေးပင်မှုမရှိဘူး။ စဉ်းစားစရာမလိုဘူး။ လူဟာ မစဉ်းစားရတဲ့ အရာကို ပိုရွေးချယ်ကြတယ်။ စာဖတ်မကြေတဲ့သူတွေဆို အဲဒီလို စာအုပ်တွေကြောင့် လမ်းကြောင်းလွဲသွားတယ်။ ကြွံခိုင်သွားတာဟာလည်း ကြမ်းတမ်းသွားတာနဲ့ မတူပါဘူး။ တချို့စာအုပ်တွေ ဖတ်ကြတယ်။ စိတ်ဓာတ်တွေ သန်မာလာတယ်။ သန်မာရာက ကြမ်းတမ်းလာတယ်။ အတ္တကြီးလာတယ်။ ဒါဟာ သူဖတ်တဲ့ စာပေကြောင့် ဖြစ်နိုင်သလို၊ စာဖတ်မကြေတာလည်း ဖြစ်နိုင်တယ်။ စာပေဟာ စာဖတ်သူကို အဆိပ်မဖြစ်ဖို့ လိုအပ်တယ်။

အရသာရှိတဲ့ စာအုပ်တွေဟာ နှလုံးသားကိုလည်း ပြောင်းလဲလာစေတယ်။ ဒါကို ရသစာပေလို့ ခေါ်ကြတယ်။ စာဖတ်ကျင့်ပြောင်းလဲသွားတဲ့ သူငယ်ချင်းတစ်ယောက်က ရသစာပေဖတ်ရတာ ကြိုက်လာကြောင်း ပြောဖူးတယ်။ သူ့ရဲ့အတွေးနဲ့ ဘဝပုံစံရှုမြင်မှုလည်း ပြောင်းလာတယ်လို့ ပြောတယ်။ ရသစာပေဟာ နှလုံးသားမှာ စွဲတယ်။ နှလုံးသားကို နူးညံ့လာစေတယ်။ သန်မာလာစေတယ်။ အဆီဓာတ်ပြည့်ဝတယ်။ တချို့က ဝတ္ထုကို မဖတ်ဘူးလို့ ပြောကြတယ်။ ဝတ္ထုဖတ်တာ ဘာမှမရဘူးလို့ ပြောကြတယ်။ တချို့ဆို ဝတ္ထုဖတ်ရင် မကြိုက်တဲ့ပုံစံနဲ့ ပြောကြတယ်။ မဖတ်တတ်လို့ ဖြစ်ပါလိမ့်မယ်။ အပျော်ဖတ်ဝတ္ထုတွေပဲ ဖတ်ဖူးလို့ ဖြစ်ပါလိမ့်မယ်။ ဝတ္ထုကောင်းကို မဖတ်ဖူးလို့ ဖြစ်ပါလိမ့်မယ်။ လူတစ်ယောက်အတွက် ရသစာပေဟာလည်း ဖတ်ဖို့လိုပါတယ်။ ဝတ္ထုမှလာတဲ့ ဇာတ်ကောင်စရိုက်တွေ၊ ဘဝအပေါ်ရှုမြင်ပုံ၊ အခက်ခဲကြုံတွေ့ရမှုဒုက္ခ၊ ဖြတ်ကျော်ရတဲ့ ဖြေရှင်းချက်တွေကို နားလည်လာပါလိမ့်မယ်။ လူ့နှလုံးသားရဲ့ အတွင်းအနက်အရှိုင်းဆုံးအထိ ထိုးဖောက်ဝင်ရောက်သွားပါလိမ့်မယ်။

လူမှာ ဦးနှောက်နဲ့ နှလုံးသားရှိသလို စာပေမှာ သုတစာပေနဲ့ ရသစာပေဆိုပြီး ရှိပါတယ်။ သုတနဲ့ ရသနဲ့ဟာ ဘက်ညီဖို့လိုပါတယ်။ ပြည့်ဝမှုတူညီဖို့ လိုပါတယ်။ သုတဟာ ဦးနှောက်ကို အလုပ်ပေးပြီး ရသဟာ နှလုံးသားကို ခံစားစေပါတယ်။ သုတဘက်မှာ အားသန်လွန်းပြန်ရင်လည်း ကိုယ့်ကိုယ်ကိုယ်အထင်ကြီးမှု၊ သူတစ်ပါးအပေါ် ဩဇာပေးမှုတွေ ပိုလုပ်လာကြတယ်။ ငါသိငါတတ်တွေ များလာပါလိမ်မယ့်။ ရသဘက် အားသန်လွန်းပြန်ရင်လည်း မကောင်းပြန်ပါဘူး။ သုတရသဘက်ညီဖို့ လိုပါတယ်။ တချို့ စာဖတ်သူများကို တွေ့ဖူးပါတယ်။ ရက်သတ္တပတ်ကို စာအုပ်နှစ်အုပ် သုံးအုပ်လောက်ပြီးအောင် ဖတ်ကြပါတယ်။ တချို့ လမ်းလျှောက်ရင်းတောင် စာဖတ်ပါတယ်။ ဒါပေမယ့် ဒေါသတွေ ကြီးမြဲ၊ ကြီးဆဲ။ အတ္တတွေ ကြီးမြဲ၊ ကြီးဆဲပါပဲ။ တခြားသူအပေါ် ဗဟုသုတနဲ့ အနိုင်ယူမြဲပါပဲ။ ဒါဟာ စာပေဖတ်ရှုမှုရဲ့ ရည်ရွယ်ချက် လွဲမှားသွားတာနဲ့တူပါတယ်။ စာဖတ်လို့ အကောင်းလမ်းပေါ်ရောက်လာတယ်။ အဲဒီကနေ အဆင့်တစ်ခု အသိဉာဏ်တစ်ခုကို ရရှိသွားတယ်။ ပြီးတော့ စာမဖတ်သူအပေါ်ကို လွှမ်းမိုးတတ်ကြတယ်။ ဒါဟာ လွဲမှားမှုပါ။ လူဟာ စာပေနဲ့ တစ်သားတည်းကျဖို့ လိုပါတယ်။ ကမ္ဘာကြီးနဲ့ တစ်သားတည်းကျဖို့ လိုပါတယ်။ စာဖတ်သူအစစ်ဟာ စာပေကို ချစ်မြတ်နိုးလာတဲ့သူအစစ်ဟာ စာမဖတ်သူကိုပါ လက်တွဲကူလာတယ်။ စာဖတ်လာစေအောင် သိမ်းသွင်းပါတယ်။ ကိုယ်က စာဖတ်ပြီး စာမဖတ်သူကို လမ်းမပြဘဲ နှိမ့်ချနေသူဟာ စာပေအဆီအနှစ်ကို မရသေးပါဘူး။ စာအုပ်အဖတ်များဖို့ထက် စာပေရဲ့အတွင်း အဆီအနှစ်ကို နှိုက်ယူတတ်ဖို့လိုတယ်။ အပေါ်ယံဖတ်ရုံနဲ့ မသိတဲ့စာတွေ အရသာမပေါ်တဲ့ စာတွေလည်း အများကြီး ရှိတယ်။

စာဖတ်သူတွေဟာ စာဖတ်ပြီး တွေးတောခြင်း အလုပ်ကိုလည်း လုပ်ရပါမယ်။ တွေးမှမြင်မှာပါ။ ဒါမှ အကောင်းလမ်းအပေါ်ကို အစစ်အမှန်ရောက်သွားမှာပါ။ သံသယဟာ စူးစမ်းမှုကို ဖြစ်စေပါတယ်။ အရသာရှိတဲ့ စာပေတွေဟာလည်း တွေးတောမှုကို ဖြစ်စေပါတယ်။ စာဖတ်ပြီး စဉ်းစားခြင်းအလုပ်ကို လုပ်ရပါမယ်။ စာဖတ်ပြီး မစဉ်းစားရင် အယုံလွယ်မှုနဲ့ တူပါတယ်။ အယုံလွယ်ခြင်းဟာ မျက်ကန်းယုံယုံဖို့ဝန်လေးမှာ မဟုတ်ပါဘူး။ ယုတ္တိဗေဒကျကျ တွေးဖို့လည်း လိုပါတယ်။ ဘဝကို အထောက်အကူပြုဖို့ တွေးတောဆင်ခြင်မှတ်သားရမယ်။ စာဖတ်ပြီး စဉ်းစားခြင်းအလုပ်ကို ထူးထူးကဲကဲလုပ်ဆောင်ရမယ်။ စဉ်းစားတွေးတောခြင်းမှာလည်း သတိရှိဖို့ လိုပါတယ်။ အတွေးအခေါ်ပညာရှင်ကြီး ဘာထရန်ရပ်ဆယ်ဟာ လူရိုင်းတွေရဲ့ ရွာတစ်ရွာကိုသွားပြီး အတော်ကြာကြာ နေထိုင်ခဲ့ဖူးတယ်။ အဲဒီအချိန်မှာ သူ့အသက်က ကိုးဆယ်ရှိနေပြီ။ အဲဒီရွာရောက်မှ ပေါ်လာတဲ့ သူ့အတွေးက "ဒီဘဝမှာ ငါမှားသွားခဲ့ပြီ အခု ဒီလူရိုင်းတွေနဲ့တွေ့မှ ငါ့ဘဝကို ငါအလကားစဉ်းစားတွေးတောရင်း အချိန်ဖြုန်းနေခဲ့ပါလား။ ငါသူတို့လို စိတ်ရှိသလောက် အပျော်ကြီးပျော်ပြီး မကနိုင်၊ သူတို့လို စိတ်ရောကိုယ်ပါ မချစ်နိုင်၊ သူတို့လို အူလှိုက်သည်းလှိုက် မပျော်ပိုက်နိုင်ခဲ့ပါလား။ စဉ်းစားလိုက် စာဖတ်လိုက်၊ တွေးလိုက်နဲ့ အချိန်ကုန်ခဲ့တယ်"လို့ စာပေတွင် မှတ်သားဖူးပါတယ်။ တွေးတောမှုမှာ ဆင်ခြင်မှုထပ်ပေါင်းရပါမယ်။ တွေးတောဆင်ခြင်နေချိန်မှာ သတိကပ်ရပါမယ်။ တွေးတောဆင်ခြင်ပြီးရင်တော့ တွေးတောမှုကိုရပ်ပြီး အသုံးချလုပ်ကိုင်ဖို့ လိုပါတယ်။

စာဖတ်သူတွေဟာ အရသာရှိတဲ့ စာအုပ်တွေ ဖတ်ဖို့လိုသလို သုတရသဘက်ညီညီ ဖတ်ဖို့လိုပါတယ်။ ဖတ်ပြီးရင်လည်း တွေးတောသုံးသပ်မှုလုပ်ရပါမယ်။ အရသာရှိတဲ့ စာအုပ်ကိုလည်း ရွေးချယ်သုံးသပ်ရပါမယ်။ ဒီနေ့ခေတ်မှာ စာအုပ်တွေဟာ ဖောချင်းသောချင်း ထွက်လာကြပါတယ်။ ဒီထဲကမှ အရသာရှိတဲ့စာအုပ်ကို ရွေးဖို့လိုပါတယ်။ စာရေးသူတွေဟာလည်း အစစ်အမှန်အားထုတ်ဖို့ လိုပါတယ်။ ကမ္ဘာ့ရွာကြီးမှာ စခရင်ပေါ် လက်ညှိုးလေးတစ်ချက်ထောက်တာနဲ့ ကွန်ပျူတာကီးဘုတ်ပေါ် လက်လေးတစ်ချက်ထောက်တာနဲ့ လှေလာသင်ယူစရာနေရာတွေ အများကြီးရှိလာပါတယ်။ နည်းပညာဖွံ့ဖြိုးလာတဲ့ခေတ်မှာ စာအုပ်စာပေမှမဟုတ်လည်း တခြားရယူစရာနေရာတွေ အများကြီးပါ။ ဒီတော့ စာပေက အရသာမရှိ ပေါ့ပျက်ပျက်ဖြစ်လာရင် စာဖတ်သူတွေဟာ တခြားနေရာတွေက လေ့လာသင်ယူလာကြပါလိမ့်မယ်။ စာပေမှာ အချိန်ပေးပြီး လေ့လာနေမှာ မဟုတ်တော့ပါဘူး။ ဒါကြောင့် စာပေလမ်းကြောင်းပေါ်က တက်သစ်စတွေဟာ ကြိုးစားအားထုတ်မှု အများကြီး လိုပါတယ်။ စာရေးသူတွေဟာလည်း အရသာရှိတဲ့စာပေတွေကို ဖြန့်ချိရေးသားဖို့ လိုအပ်ပါတယ်။

စာအုပ်တွေဟာ အရသာရှိပါတယ်လို့ ပြောပြီးပါပြီ။ စာဖတ်သူများအနေနဲ့ စာအုပ်တွေ စာပေတွေဟာ အတွင်းအနှစ်အရသာရှိကြောင်းသိဖို့ မိမိတို့ရဲ့ ဦးနှောက်၊ နှလုံးသားတွေရဲ့ ခံစားတွေးတောမှု အရသာခံဖုများကို ရွှက်လွှင့်ခံစားကြည့်ကြပါ။ အရသာရှိတဲ့ စာပေတွေဟာ တကယ်ရှိပါတယ်။ ဖတ်ကြည့်ရင်း ဖတ်ကြည့်ရင်း တကယ့်စာပေအစစ်တွေကို ဖတ်တတ်လာပါလိမ့်မယ်။ ဖတ်ကြည့်ရင်း ဖတ်ကြည့်ရင်း တကယ့်အရသာကို တွေ့ရပါလိမ့်မယ်။ ဘယ်လိုအရသာလဲဆိုတာ သိချင်ရင်တော့ အရသာရှိတဲ့ စာအုပ်တွေကို ရွေးဖတ်ကြည့်ကြပါလို့သာ ရေးသားလိုက်ရပါတယ်။

စာကြွင်း။ ။"အတွေးအခေါ်ပညာရှင်ကြီး ဘာထရန်ရပ်ဆယ်" အကြောင်းကို "အောင်မေဃဘာသာပြန်သော အိုရှိုး၏ ဓမ္မသိပ္ပံအမြင်သစ်"မှ ကောက်နုတ်ဖော်ပြထားပါသည်။

ခြင်အန္တရာယ် တို့ကာကွယ်

မိုးရာသီက ရေပေါတယ်
သတိထားကြ ခြင်အန္တရာယ်
တုပ်ကွေးကိုသယ် ခြင်ကစ
အားလုံးအသိရှိကြ။
ပန်းအိုးအစ ခွက်များစွာ
အုန်းသီးပေါက်နဲ့ ရေအိုးပါ
ရေဝပ်တတ်ရာ နေရာများ
ဖုံးအုပ်မှောက်ကာ လုံလုံထား။
အိမ်ခန်းအတွင်းများ အလင်းဝင်အောင်
အမြဲတမ်းပဲ သတိဆောင်
မှောင်တဲ့နေရာ ခြင်တွေအောင်း
လူကိုကိုက်ဖို့ သူတို့ချောင်း။
ခြင်အမျိုးပေါင်း အစုံလင်
မိုးရာသီမှာ ပေါက်ဖွားရှင်
ကြီးထွားလျှင်မြန် ရှင်သန်ကြ
ရေပုပ်ရေကြည် မှန်သမျှ။
တုပ်ကွေးဖြစ်က လျှင်အမြန်
ဆေးရုံဆေးခန်း ပြကြအမှန်
အသက်ရန်ကို ဒုက္ခပေး
သတိထားကြပါစို့လေး။

လှိုင်းသစ်နီ(ဘိုကလေး)

ဝတ္ထုတို

■ ပိုင်ဆု(အင်းစိန်)



(၁)

"မွေးပြီဟေ့...မွေးပြီ...ယောက်ျားလေးဟေ့... ယောက်ျားလေး... တစ်လုံးတစ်ခဲကြီး... ချစ်စရာလေးဟေ့"

အခန်းတွင်းမှ လက်သည်ဒေါ်နု၏ အော်ဟစ်သံကြောင့် အပြင်မှာဘုရားစာ ရွတ်ရင်း ရပ်စောင့်နေသော ကျော်ကြီး ထခုန်မတတ် ဝမ်းသာမိသည်။ ကျော်ကြီး အပျော်လွန်သည်မှာလည်းမဆန်း။ အိမ်ထောင်သက် ခြောက်နှစ်ရှိသည့်တိုင် သားသမီးမထွန်းကားခဲ့သော သူတို့လင်မယား။ အခုတော့ သားဆုပန်လို့ရသည်ဆိုသော ဆရာသမားတစ်ယောက်ဆီ သွားရာမှ ယတြာတွေချေရင်း မျှော်လင့်ချက်တွေပြည့်ဝခဲ့ရသည်။ ဟုတ်သည်မဟုတ်သည် အပထား။ ကလေးအရမ်းလိုချင်နေသော ကျော်ကြီးတစ်ယောက် သားဦးလေးရပြီမို့ ရူးမတတ်ပျော်ရွှင်နေမိသည်။

"ဒေါ်နုရေ..ကျွန်တော်.. အထဲဝင်လို့ ရပြီလားဗျ"

"ဟဲ့..ကျော်ကြီး..ဘယ်လိုဖြစ်နေတာလဲ.. အဖြစ်ကိုသည်းလွန်းတယ်။ ဝင်လို့ရပြီဆို ငါပြောမယ်.. စိတ်မပူနဲ့.. ကလေးရော အေးသီရော ကျန်းမာတယ်"

ဒေါ်နုက အခန်းတွင်းမှ အော်ပြောလိုက်သည်။ ကျော်ကြီးမှာတော့ ခြေမကိုင်မိ လက်မကိုင်မိဖြင့် ဂနာမငြိမ်ဖြစ်နေခဲ့ရသည်။

"ကဲဟေ့..ဝင်လို့ရပြီ ကျော်ကြီးရေ"

ဒေါ်နု၏ အသံမဆုံးမီမှာပင် ကျော်ကြီး အခန်းတွင်းသို့ လှစ်ခနဲဝင်လိုက်တော့သည်။

"အေးသီ...နေလို့ကောင်းရဲ့လား"

အေးသီ၏ လက်ဖဝါးလေးကို အသာဆုပ်ကိုင်ရင်းမေးလိုက်သည်။ အေးသီက ပြုံးရင်း ခေါင်းညိတ်ပြသည်။ အေးသီဘေးနားမှ အနီးဖြင့်ပတ်ထားသော သူ၏ သားလေးကို ရင်ခုန်စွာနှင့် ကြည့်လိုက်သည်။

"ဟာ..ငါ့..ငါ့.. သားလေးက ချောလိုက်တာ။ ငါနဲ့တူလိုက်တာဟာ...နော်..အေးသီ နော်"

"အမလေး..ကျော်ကြီးရယ်.. နင်က ပိုကို ပိုလွန်းတယ်"

ဒေါ်နုသည် သူ့အားဝင်၍ ခနဲ့လိုက်သည်။ သူကတော့ အပျော်လွန်နေ၍ ဘာကိုမှပင် ဂရုမစိုက်အားပေ။

"သားလေးရေ...ဖေ့သားလေးရေ.. ဩော် အေးသီ..ငါ..ငါ. ကလေးကိုချီလို့ရမလားဟင်"

"ကိုကျော်ကြီးရယ်...ချီတတ်ပဲ့မလား"

"နေ..နေ..အေးသီ..ငါလာပြီ"

ဒေါ်နုသည် ကလေးကို အသာအယာ ပွေ့ယူပြီး သူ၏ ပေါင်ပေါ်သို့တင်ပေးလိုက်သည်။ ကျော်ကြီး၏ မျက်နှာတစ်ခုလုံးသည် ပီတိတွေဖြင့် ဖုံးလွှမ်းနေပြီး နှုတ်ခမ်းပင်စေ့မရအောင် ဖြစ်နေခဲ့ရသည်။ သူ အိပ်မက်မက်ခဲ့သော ပြည့်စုံသည့် မိသားစုဘဝလေးရလာပြီဖြစ်သည့်အတွက် အရမ်းကိုကြည်နူးနေခဲ့ရသည်။ သူ့ကိုကြည့်ရင်း အေးသီပင် ပီတိတွေဝေဆာနေခဲ့သည်။ ထိုပျော်ရွှင်မှုနှင့်အတူ သူပို၍အလုပ်ကြိုးစားရမည်ဆိုသော အသိတရားကလည်း သူ၏ခေါင်းထဲသို့ ဝင်ရောက်လာခဲ့တော့သည်။

(၂)

"ကွမ်းယာ ရမယ်.. ဆေးလိပ်ရမယ်.. ရေသန့်ရမယ်.."

မီးပွိုင့်မိနေသော ကားများကြားထဲတွင် ရင်ခွင်ပိုက်ခြင်းတောင်းလေးဖြင့် ကျော်ကြီး ရောင်းချနေသည်။ တစ်နေကုန်တစ်နေခန်း နေပူမရှောင် မိုးရွာမရှောင်လုပ်နေရပေမယ့် ယခု အလုပ်လေးက တွက်ခြေတော့ကိုက်လှသည်။ ပညာအရည်အချင်းက ခြောက်တန်းပင်မအောင်တော့ စက်ရုံအလုပ်ရုံတွေမှာ ဝင်လုပ်ဖို့ သူ့အတွက်မဖြစ်နိုင်။ ယခင်က အေးသီသည် အိမ်မကွမ်းယာတွေကို ယာပေးသည်။ သူကတော့ ယခုလို ထွက်ရောင်းသည်။ ဆိုင်ဖြင့်ရောင်းချဖို့အတွက်ကျတော့လည်း ဆိုင်ခန်းအတွက် အရင်းအနှီးမရှိသောကြောင့် အိပ်မက်ပင်မမက်နိုင်ခဲ့ပါ။ ကားမှတ်တိုင်မှာ ထိုင်ရောင်းမည်ဆိုတော့လည်း ဈေးသည်တွေက ရှိနှင့်ပြီးသားမို့ ယခုလိုကားကြိုကားကြားလိုက်လံရောင်းချနေရခြင်းဖြစ်သည်။

အေးသီက ယခု ကလေးမွေးပြီးခါစမို့ ကွမ်းယာပေးဖို့အဆင်မပြေ။ မွေးခါနီး နှစ်လလောက်အလိုကတည်းက အေးသီကို သူမှ ဘာမခိုင်းဘဲ ထမင်းဟင်းကအစ သူချက်ပြုတ်ပေးခဲ့သည်။ မနက်အစောကြီးထ ထမင်းဟင်းချက်ပြီး ကွမ်းယာတွေကို ထိုင်ယာပြီးသည်နှင့် ဈေးရောင်းထွက်ရသည်မှာ ကျော်ကြီး၏ နိစ္စဓူဝ လုပ်ငန်းစဉ်ပင်ဖြစ်သည်။

မည်မျှပင် ဆင်းရဲပင်ပန်းပါစေ ကျော်ကြီးသည် မိသားစုအတွက် ရှာဖွေကျွေးမွေးနေရတာကိုပင် ပျော်ရွှင်ကျေနပ်နေသူဖြစ်သည်။

(၃)

"ကျော်ကြီးရေ.. ညနေမိုးအေးအေးနဲ့ သွားကစ်ရအောင်"

"ဟာ ဖိုးစိန်ရာ.. ငါမသောက်တတ်တာလည်း သိသားနဲ့"

"မင်းမသောက်တတ်တာသိပါတယ်ကွ.. အချိုရည်သောက်ပြီး အမြည်းစားပေါ့ကွာ.. အရင်လည်း မင်းလိုက်နေတာပဲကို"

"အေး..အရင်ကတစ်ခါတလေ လိုက်တာက ဟုတ်တယ်။ အခုငါက ကလေးရနေပြီကွ၊ ပိုက်ဆံတစ်ရာနှစ်ရာကအစ ငါ့အတွက် အရေးကြီးနေတယ်။ မလိုက်တော့ပါဘူးကွာ ဆောရီးပဲ ဖိုးစိန်ရာ"

အရက်သွားသောက်ရန် အဖော်ညှိနေသော သူငယ်ချင်း ဖိုးစိန်အား ကောင်းမွန်စွာပင် ငြင်းလိုက်သည်။ ဒီနေ့မှ ဈေးရောင်းကလည်း သိပ်မကောင်းသည့်အပြင် မိုးကလည်းရွာထားသောကြောင့် နေရထိုင်ရတာကိုက ဖျားချင်သလို နာချင်သလိုဖြစ်နေသည်။ မနက်က ဈေးရောင်းမထွက်ခင် အေးသီပြောသော စကားကို နားထဲပြန်လည်ကြားယောင်လာမိသည်။

"ကိုကျော်ကြီး.. ကလေးနို့မှုန့်က ကုန်ခါနီးနေပြီ။ အေးသီလည်း.. ကိုကျော်ကြီးကို.. ပြောသာပြောနေရတယ်..ဒါတွေအားလုံးက.. အေးသီမကောင်းလို့ဖြစ်ရတာပါ"

မျက်ရည်လေးစမ်းစမ်းဖြင့် ပြောလာသော အေးသီစကားကြောင့် သူစိတ်မကောင်းဖြစ်ခဲ့ရသည်။ မည်သို့ပင်ဆိုစေ အိမ်ထောင်ဦးစီးဖြစ်သည့် သူ့အတွက် အရာအားလုံးကတာဝန်ရှိနေသည်မို့ အေးသီကိုလည်းအပြစ်မတင်လိုပါ။

"အေးသီမကောင်းလို့မှ မဟုတ်ဘဲ အေးသီရာ.. မငိုပါနဲ့"

"ဟုတ်တယ်လေ.. အေးသီညံ့ဖျင်းလို့ဖြစ်ရတာ မိခင်ဖြစ်ပြီးနို့မထွက်လို့ ကိုယ့်သားသမီးကို အပြင်က နို့မှုန့်ဖျော်တိုက်နေရတယ်လေ။ အေးသီသာ နို့ထွက်ရင် ကိုကျော်ကြီးလည်း ပိုက်ဆံအပိုမကုန်တော့ဘူးလေ"

"ဒါကတော့ အေးသီရယ် ကံကဒီလိုဖြစ်ဖို့ အကြောင်းတရားပါလာတာပဲ။ သားလေးကို လပေါင်းများစွာ အသက်နဲ့ရင်းပြီး မွေးလာတာနဲ့တင်ပြည့်စုံနေပြီလေ။ နို့ထွက်တာမထွက်တာက အရေးမကြီးပါဘူး။ နို့မထွက်လည်း နို့မှုန့်ဖျော်တိုက်လို့ရနေတာပဲ။ ကဲ..အပြန် သားလေးအတွက် နို့မှုန့်ဝယ်ခဲ့မယ်နော်..မငိုနဲ့.. ဟုတ်ပြီလား"

အေးသီကို ခေါင်းလေးပုတ်ရင်းပြောလိုက်သည်။ အေးသီသည် သူ့ထက်သုံးနှစ်လောက်ငယ်ပြီး အရမ်းကို ရိုးလွန်းအလွန်းသူဖြစ်သည်။ သူ့ကိုပင် သမီးရည်းစားဘဝထဲက ယခုအချိန်ထိ ကိုကျော်ကြီးဟုပင် နှုတ်ကျိုးခဲ့သူဖြစ်သည်။ နှစ်ဦးစလုံး မိဘမရှိတစ်ကောင်ကြွက်ဘဝတွေမို့ တစ်ဦးကိုတစ်ဦး သံယောဇဉ်ပိုခဲ့ရသည်။ မနက်ကဖြစ်ရပ်များကို ပြန်လည်တွေးရင်း စိတ်မသက်သာမှုတွေက သူ့ရင်တစ်ခုလုံးကြီးစိုးနေခဲ့ရသည်။ ဈေးရောင်းကလည်းပါးသောကြောင့် အတွေးတွေက မငြိမ်မသက်ဖြစ်နေခဲ့သည်။ လက်မှာပတ်ထားသော နာရီအစုတ်လေးကိုကြည့်လိုက်တော့ မွန်းလွဲနှစ်နာရီထိုးတော့မည်ဖြစ်သည်။ အချိန်ရှိသေးတာပဲဆိုပြီး အားတင်းလိုက်သည်။ ကလေးနို့မှုန့်ဖိုး၊ အေးသီနှင့်သူ့အတွက် စားစရိတ်တွေက သူ့အတွက်မဖြစ်မနေ ကြိုးပမ်းရမည့်အရာတွေပင် ဖြစ်သည်။ ထို့ကြောင့်ပင် မီးပွိုင့်မိနေသော ကားတွေကြားထဲသို့ဝင်၍ ပုံမှန်ထမ်းဆောင်နေရသည့်တာဝန်ကို သရုပ်ပြလိုက်ရတော့သည်။

"ကွမ်းယာရမယ်.. ဆေးလိပ်ရမယ်.. ရေသန့်ရမယ်.."

(၄)

"အေးသီရေ....အေးသီရေ..."

သူအိမ်အောက်မှ တကြော်ကြော် အော်ခေါ်နေသော်လည်း အေးသီ၏တုံ့ပြန်လာသော အသံကိုမကြားရပါ။ ထို့ကြောင့် စိုးရိမ်ပူပန်နေသော သူ၏စိတ်တွေသည် အတိုင်းအဆမဲ့စွာ ပြင်းထန်နေခဲ့ရသည်။

အိမ်ပေါ်တက်မည်အပြု အိမ်ပေါ်မှ အမှတ်တမဲ့ကြားလိုက်ရသော စကားသံအချို့ကြောင့် သူထရံပေါက်မှ ချောင်းကြည့်ရင်းနားစွင့်လိုက်သည်။

အိမ်ပေါ်တွင် အေးသီငိုနေတာကိုတွေ့လိုက်ရသည်။ အေးသီ၏ဘေးနားတွင် ဒေါ်နုထိုင်နေသည်။ ဒေါ်နုလည်း မျက်ရည်တွေသုတ်နေသည်။ အရက်သွားသောက်မည်ဆိုသော ဖိုးစိန်ကလည်း သူ့အိမ်ပေါ်ရောက်နေပြန်သည်။ ထို့ပြင် ရပ်ကွက်လူကြီး ဦးဝင်းတင်နဲ့အတူ သူတစ်ခါမှမမြင်ဖူးသော လူစိမ်းတစ်ဦးလည်း ရောက်နေသည်။ သိလိုဇောတွေပြင်းထန်စွာဖြင့် သူတို့ ဘာပြောကြမည်ဆိုတာကို နားထောင်နေလိုက်သည်။

"အခုကိစ္စက.. ကျွန်တော့်သားမှားတာပါ။ ဒါပေမယ့် တမင်ရည်ရွယ်ပြီး မှားတာမဟုတ်ပါဘူး။ ဘာပဲဖြစ်ဖြစ် ကိစ္စအားလုံးကိုတာဝန်ရှိတာမို့ ကျွန်တော်တို့အစအဆုံးတာဝန်ယူပေးပါမယ်"

အသက်ငါးဆယ်ကျော်ခန့်ရှိသော လူစိမ်းပုဂ္ဂိုလ်ကြီး၏ပြောစကားကိုကြားလိုက်ရသည်။ ဘာကိုဆိုလိုနေမှန်းတော့သူမသိပါ။ အေးသီကတော့ ဘာမှမပြောဘဲ ငို၍သာနေတော့သည်။

"အေးသီ..သမီးဆန္ဒကို ပြောဦးလေ"

ရပ်ကွက်လူကြီးက အေးသီကိုဝင်ပြောလိုက်သည်။ ဘာတွေဘယ်လိုဖြစ်နေကြတာလဲဆိုသည်ကို သူနားမလည်ပါ။

"သမီး.. ဘာမှမပြောတတ်တော့ပါဘူး ဦးလေးရယ်။ သမီးသေချင်တာပဲသိတယ်"

"သမီးသေလို့ဖြစ်မလား.. သမီးမှာ သားလေးရှိသေးတယ်လေ"

ဒေါ်နုက အေးသီအား ရင်ခွင်ထဲ ထည့်ရင်း နှစ်သိမ့်လိုက်သည်။ ဘာတွေဘယ်လောက်များ စိတ်ညစ်စရာတွေရှိ၍ အေးသီသေချင်နေရတာလဲ သူမသိပါ။ သူမသိသော မည်သည့်ကိစ္စတွေ အေးသီမှာရှိနေသလဲ။ သူအတွေးများစွာဖြင့် ဆက်ပြီးနားထောင်နေလိုက်သည်။

"ကျွန်တော် အားနာနာနဲ့ပဲပြောပါ့မယ်ဗျာ။ ဒါငွေနဲ့ တန်ဖိုးဖြတ်တာလည်းမဟုတ်ပါဘူး။ ဖြစ်ပြီးသားကိစ္စတွေကလည်း ပြန်ပြီး ပြင်လို့မှမရတော့တာ။ နောက်ပြီး ကျွန်တော်တို့ဘက်က မတော်တဆအမှားဆိုပေမယ့် ပေးဆပ်လိုက်ရတဲ့တန်ဖိုးက ကြီးမှန်းလည်းသိပါတယ်။ ရှောင်ပြေးလို့ရပေမယ့်လည်း တာဝန်ရှိတဲ့သူမို့ တာဝန်သိစွာနဲ့ ဒီကိုလိုက်လာတာပါ။ ဘယ်လိုမှသဘောမထားပါနဲ့ဗျာ။ ဖြစ်ပျက်ခဲ့သမျှကိစ္စတွေအတွက် သိန်းတစ်ရာကို လျော်ကြေးအဖြစ်မဟုတ်ဘဲ ကူညီပေးတယ်လို့ပဲ သဘောထားစေချင်ပါတယ်"

နားထောင်လို့ကောင်းသော လူစိမ်းပုဂ္ဂိုလ်ကြီး၏စကားတွေက ဘာကိုဆိုလိုနေမှန်း မသိပါ။

"ကျွန်မက အဲဒီငွေတွေနဲ့ လဲရမှာတဲ့လားရှင်။ ကျွန်မဘက်ကလည်း စဉ်းစားပေးပါဦး။ သိန်းပေါင်းဘယ်လောက်များစွာဖြစ်နေပါစေ ကျွန်မအတွက် ဘာမှအရေးမကြီးဘူး"

အေးသီက ငိုကြွေးရင်းပြောလိုက်သည်။

"မဟုတ်သေးဘူးလေ။ သမီးမှာသားလေး ရှိသေးတယ်။ ရှေ့ဆက်ရမယ့်အနာဂတ်ရှိသေးတယ်။ ဘယ်လိုရပ်တည်မှာလဲ။ သမီးဆုံးဖြတ်ချက်မမှားဖို့တော့လိုတယ်လို့ ဦးဝင်းပြောပါရစေ။ သမီးလက်ခံလိုက်မယ်ဆိုရင်လည်း မောင်ကျော်ကြီးက သမီးကို အပြစ်တင်မှာမဟုတ်လောက်ပါဘူး။ သူကြည်ဖြူမှာပါ။ အခုက သမီးတို့သားအမိနှစ်ယောက် ရှေ့ဆက်ဖို့ အချိန်တွေအများကြီးရှိသေးတယ်လေ"

ရပ်ကွက်လူကြီးက အေးသီအား ဝင်၍ဖျောင်းဖျနေသည်။ သူ့ကိုပင် ကြည်ဖြူပေးနိုင်မည်တဲ့။ ဘာတွေလဲဆိုတာ သူလုံးဝနားမလည်နိုင်တော့ပါ။

"ဟုတ်ပါတယ်.. အေးသီရယ်။ အခုနင်ငိုနေလည်း ကျော်ကြီးကအသက်ရှင်လာတော့မှာမှမဟုတ်တာ။ နင်တို့သားအမိကို ကျော်ကြီး စိတ်ချလက်ချဖြစ်အောင် ငါလက်ခံသင့်တယ်လို့ထင်တာပဲ"

"ဟင်"

အေးသီကို ပြောလိုက်သော ဖိုးစိန်စကားကြောင့် သူအံ့သြမှုတွေဖြစ်ခဲ့ရသည်။ အိမ်ပေါ်ကပြောဆိုပုံတွေအရ စကားတွေကိုဆက်စပ်မိသောအခါ သူနားလည်လာသလိုလိုတော့ရှိလာသည်။

"အခုဒီဦးလေးရဲ့သားက ကျော်ကြီးကို မတော်တဆတိုက်မိတာပါ။ မတော်တဆဆိုတာကလည်း ကျော်ကြီးက အမြန်ဖြတ်ကူးလို့ဖြစ်ရတာပါ။ အခုသူတို့က တာဝန်ရှိစွာနဲ့ မိသားစုဝင်တွေဆီလိုက်ချင်တယ်ဆိုလို့ ငါက လိုက်ပို့ပေးရတာပါ"

ဖိုးစိန်၏ စကားကြောင့် အရာအားလုံးကို သူသဘောပေါက်သွားမိတော့သည်။ ယခုဆိုလျှင် သူသည်ကားတိုက်၍ သေဆုံးသွားခဲ့ပြီဖြစ်မှန်းသိလိုက်ရသည်။ ဖြေမဆည်နိုင်သော မျက်ရည်များက တရစပ်စီးကျလာသည်။ ရင်ဘတ်တစ်ခုလုံးမှာလည်း ဆို့နင့်ခြင်းတွေအပြည့်။ အရာအားလုံးကိုမြင်တွေ့နေရပေမယ့် ထိုအရာအားလုံးသည် သူနှင့်မသက်ဆိုင်တော့မှန်း ခံစားသိရှိလာခဲ့ရတော့သည်။

"ကျွန်မ.. ဘာလုပ်ရမလဲမသိတော့ပါဘူးရှင်။ ကျွန်မ လက်ခံလိုက်လို့ ကိုကျော်ကြီးရောက်ရာဘဝက ခွင့်မလွှတ်နိုင်မှာစိုးတယ်"

အေးသီ၏ ပြောစကားတွေကြောင့် အေးသီသူ့အပေါ်မှာ မေတ္တာတရားရော၊ သစ္စာတရားပါကြီးမားသည်ကို ကျေနပ်စွာသိရှိလိုက်ရပြီဖြစ်သည်။

"အေးသီ.. နင်လက်ခံလိုက်။ သူတို့ပေးတဲ့ ပိုက်ဆံကိုနင်လက်ခံလိုက်ပါ။ ငါ..ငါ..နင့်ကို ခွင့်လွှတ်တယ်သိလား။ နင်လက်ခံလိုက်နော်"

ဝေခွဲရခက်နေသော အေးသီအား အိမ်ရှေ့ဝမှ အသံကုန်ဟစ်ရင်းအော်ပြောလိုက်သည်။ အေးသီကတော့ ကြားနိုင်မည်မထင်ပေ။ အေးသီငိုကြွေးနေသလို သူလည်းငိုကြွေးနေပါသည်။ ဘာပဲဖြစ်ဖြစ် အေးသီနှင့်သားလေး အတွက် သူစိတ်ချချင်သည်။ ယခုစိတ်မချ၍ပင် သေဆုံးသည်ကို မသိနိုင်ဘဲ အိမ်ကိုရောက်လာခဲ့ရသည်။

"လက်ခံလိုက်ပါ..အေးသီရယ်။ ငါခွင့်လွှတ်ပါတယ်"

"ကောင်းသလိုသာစီစဉ်ကြပါတော့ရှင်"

ထိုသို့ပြောရင်း အေးသီသည် ဒေါ်နုရင်ခွင်ထဲသို့တိုးဝှေ့ကာ ငိုလိုက်သည်ကို မြင်တွေ့လိုက်ရသည်။ ဘာပဲဖြစ်ဖြစ် သူကျေနပ်နိုင်ခဲ့ပါပြီ။ အေးသီနှင့်သားလေးအတွက် သူအရင်းအနှီး ပြုပေးနိုင်ခဲ့ပြီလေ။ အိမ်ထောင်ဦးစီးကောင်းတစ်ယောက်ပီသစွာ မိသားစုကို အထောက်အပံ့ပြုနိုင်ခဲ့သည်ဟုတွေးရင်း သူအားရစွာ ပြုံးလိုက်မိတော့သည်။ သို့သော်လည်း သူ့ပါးပြင်မှာ မျက်ရည်စတွေနှင့်...။ ။

ဆောင်းပါး

အွန်လိုင်းပညာရေးစနစ် ခရီးရောက်ပါ့မလား

■ ဖိုးရိုင်း

မပြောကောင်းပြောကောင်း ကျားကြီးခမောက်ဆောင်း–ကျားကြီးခမောက်ဆောင်းတာကတော့ ကိစ္စမရှိပါဘူး။ ကိစ္စရှိတာက အကယ်၍များ ကိုဗစ်–၁၉ ကပ်ရောဂါဟာ တာရှည်နေဦးမယ်ဆိုရင်ဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးကဏ္ဍအပေါ် ဘယ်လိုသက်ရောက်မှုတွေ ရှိလာမလဲ။ နိုင်ငံတစ်နိုင်ငံမှာ ကျန်းမာရေးကဲ့သို့ အရေးကြီးလှတဲ့ ပညာရေးစနစ်ဟာ မရှိမဖြစ်လိုအပ်တယ်ဆိုတာ လူတိုင်းသိပြီးသားပါ။ လတ်တလောရောဂါပိုးပျံ့နှံ့မှုကို ကာကွယ်တဲ့အနေနဲ့ တာဝန်ရှိသူများက အကြံပြုထားတဲ့ "နေ့စဉ်ဘဝမှာ ခပ်ခွာခွာနေပါ"ဆိုသော အကြံပြုချက်ကို ပြည်သူတွေ မဖြစ်မနေလိုက်နာနေရပါတယ်။ တဖြည်းဖြည်းနဲ့ ကျောင်းပြန်ဖွင့်ချိန် နီးကပ်လာတာနဲ့အမျှ ကိုဗစ်–၁၉ ရောဂါနဲ့အတူ ပညာရေးအတွက် တာဝန်ရှိသူတွေ ဘယ်လိုများ စီမံခန့်ခွဲမှုပြုကြမလဲဆိုတာဟာလည်း စိတ်ဝင်စားစရာကောင်းလှပါတယ်။

စိတ်ထဲစဉ်းစားမိတဲ့ အဖြေတစ်ခုကတော့ လတ်တလော ရေပန်းစားနေတဲ့ အွန်လိုင်းပညာရေးစနစ်လို့ခေါ်တဲ့ နည်းပညာအကူအညီနဲ့ အိမ်ကနေ ပညာသင်ယူနိုင်သော အွန်လိုင်းပညာရေးစနစ်ကို ပညာရေးကဏ္ဍမှာ တွင်တွင်ကျယ်ကျယ် အသုံးချလာမလား။ အကယ်၍ အဲဒီလိုသာ ဖြစ်လာရင်တော့ ကျောင်းသားတွေ ကျောင်းတက်စရာမလိုဘဲ အိမ်ကနေ စာသင်ယူနိုင်မယ်။ ဒါဆို နေ့စဉ်ဘဝမှာ ခပ်ခွာခွာနေပါကိုလည်း လိုက်နာပြီးသားဖြစ်သွားမယ်။

သို့ပေမယ့် ပြီးပြည့်စုံတဲ့ အွန်လိုင်းပညာရေးစနစ်ဖြစ်ဖို့ နောက်ကွယ်မှာ ဘာတွေလိုမလဲ။ ပထမဆုံး ကျွန်တော်တို့ ဟိုးအရင် မြန်မာ့အသံ၊ မြဝတီရုပ်မြင်သံကြားလိုင်းနှစ်ခုသာရှိသေးတဲ့ခေတ်ကတည်းက အဝေးသင်ပညာရေးအတွက် ဘာသာရပ်အလိုက် သင်ကြားပို့ချချက်တွေကို ရုပ်မြင်သံကြား၊ ရေဒီယိုတွေကနေ ထုတ်လွှင့်မှုလုပ်ခဲ့တာမျိုးတွေ ကျွန်တော်တို့ ရင်းနှီးကြပြီးသား ဖြစ်ပါတယ်။ ဒီလိုဆို အခုလိုအခပေး ရုပ်သံလိုင်း (Skynet ကဲ့သို့သော)တွေ ခေတ်စားနေချိန်မှာ ရုပ်သံလိုင်းတစ်ခုခုကနေသော်လည်းကောင်း၊ ရုပ်သံလိုင်းအသစ်အနေဖြင့်သော်လည်းကောင်း သင်ကြားပို့ချမှုတွေကို အချိန်တစ်ခုသတ်မှတ်ပြီး ပုံမှန်ပို့ချလိုက်မယ်ဆို ပြီးပြီ။ ခုခေတ်မှာ ရုပ်မြင်သံကြားစက်နဲ့ ဖမ်းယူဖို့ ဂြိုဟ်တုစလောင်းတွေဟာ တစ်နိုင်ငံလုံးအနေဖြင့် မြို့ပြ/ကျေးလက်ခြုံကြည့်လိုက်ရင် ၄၅ ဒသမ ၉ ရာခိုင်နှုန်းရှိတယ်လို့ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းက ဖော်ပြနေပါတယ်။ ဒီလိုဆို အိမ်နှစ်အိမ်မှာ ရုပ်မြင်သံကြားစက်တစ်လုံးနှုန်းရှိနေပြီ။ အခုက ၂၀၂၀ ပြည့်နှစ် ဆိုတော့ ခြောက်နှစ်တာကာလအတွင်းမှာ တိုးတက်မှုတွေပြောင်းလဲမှုတွေအများကြီး ရှိနေနိုင်ပါသေးတယ်။

သို့သော်လည်း လက်တွေ့ကျကျစဉ်းစားကြည့်ရင် အဲဒီလောက်ထိ ရိုးရှင်းမနေတာအမှန်ပါ။ ကျွန်တော်တို့ ပညာသင်ကြားကြတဲ့အခါမှာ သင်ကြားမှုရယ်၊ သင်ယူမှုရယ် ဆိုပြီးရှိပါတယ်။ သင်ကြားမှုအပိုင်းကိုတော့ အထက်ကဆိုခဲ့သလို လုပ်နိုင်ခဲ့ပြီထားဦး။ သင်ယူမှုအပိုင်းကို ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ။ ဆိုလိုတာက အချိန်အလိုက် သင်ခန်းစာတွေလွှင့်တယ် ဆိုပါစို့၊ ဒါတွေကို လေ့လာသင်ယူသူ (သင်ကြားခံရသူ)ဘက်က ပုံမှန်စောင့်ကြည့်မှု ရှိ မရှိ သဘောပေါက်နားလည်မှု ရှိ မရှိ ကျွန်တော်တို့ ဘယ်လိုကြီးကြပ်မလဲ၊ အကဲဖြတ်ကြမလဲ။ တကယ်တော့ အောင်မြင်တဲ့ပညာရေးစနစ်ဖြစ်ဖို့ဆိုတာ လေ့လာသူ၊ သင်ယူသူ၊ သင်ကြားသူ၊ လိုအပ်တဲ့ သင်ထောက်ကူတွေ ပြီးပြည့်စုံနေရုံနဲ့ ပြီးသွားတာမျိုးမဟုတ်ပါ။ ပညာတတ်မြောက်ခြင်းဆိုတဲ့ စကားရပ်ရဲ့နောက်ကွယ်မှာ အဓိပ္ပာယ်တွေများစွာရှိပါတယ်။ အခုဆောင်းပါးကတော့ ပညာတတ်မြောက်ခြင်းအကြောင်းကို အသားမပေးလိုတာမို့ အကျယ်တဝင့်မဆွေးနွေးလိုပါ။

နေ့စဉ်ဘဝမှာ ခပ်ခွာခွာနေပါကို လိုက်နာနေရတဲ့ကာလမှာ သင်ကြားမှုကော သင်ယူမှုကိုပါ အတိုင်းအတာတစ်ခုထိ အဆင်ပြေစေနိုင်မယ့် နည်းလမ်းကတော့ နည်းပညာအကူအညီရယူပြီး သင်ကြားနိုင်တဲ့ အွန်လိုင်းပညာရေးစနစ်ပဲ ဖြစ်ပါတယ်။ အခုဆို နည်းပညာကုမ္ပဏီတွေ အတော်များများဟာ အွန်လိုင်းစနစ်ကိုသုံးပြီး သင်ကြားသင်ယူမှုတွေ လွယ်လွယ်ကူကူပြုနိုင်တဲ့ အစီအစဉ်တွေကို ရေးသားပြီး ရောင်းချနေတာတွေ ဖေ့စ်ဘွတ်လို လူမှုကွန်ရက်စာမျက်နှာတွေမှာ တွေ့မြင်နိုင်ပါတယ်။ ဒီလိုဆို အဲဒီလို အစီအစဉ်တွေကို ဝယ်ယူပြီး သုံးလိုက်မယ်ဆိုပြီးပြီလား။ ဒီလိုလည်း မဟုတ်သေးပြန်ပါဘူး။

အွန်လိုင်းပညာရေးဆိုတဲ့ စကားရပ်ရဲ့နောက်ကွယ်မှာ ကောင်းမွန်တဲ့ အင်တာနက်ဆက်သွယ်မှု၊ ဆက်သွယ်မှုတွေလုပ်ဖို့၊ သတင်းအချက်အလက်တွေပေးပို့ဖို့နဲ့ လက်ခံဖို့ မိုဘိုင်းလ်ဖုန်းတွေ၊ လက်ဆွဲကွန်ပျူတာ၊ စားပွဲတင်ကွန်ပျူတာ စတာတွေ လျှပ်စစ်မီးလိုစွမ်းအင်တွေ လိုအပ်ပါသေးတယ်။ စွမ်းအင်ကတော့ လျှပ်စစ်၊ ဆိုလာ၊ အင်ဂျင်စက်အားလုံးပေါင်းလိုက်ရင် ကျေးလက်၊ မြို့ပြ ၈၀ ရာခိုင်နှုန်းခန့် လွှမ်းခြုံနိုင်တယ်ပဲထားဦး။ ကျန်တဲ့မရှိမဖြစ်လိုအပ်တဲ့ အထောက်အပံ့ပစ္စည်းသုံးစွဲနိုင်မှုတွေကို တစ်ချက်ကြည့်ရအောင်ပါ။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကတော့ ကျွန်တော်တို့နိုင်ငံမှာ ကျေးလက်၊ မြို့ပြ နှစ်ရပ်ပေါင်း လက်ကိုင်ဖုန်းသုံးစွဲမှု ၃၃ ရာခိုင်နှုန်းရှိတယ်လို့ဖော်ပြပါတယ်။ အဲဒီထဲမှာမှ ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီအနေအထားအရ နိုင်ငံရဲ့ ၇၅ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်ဒေသဖြစ်တဲ့အတွက် မြို့ပြနဲ့ ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက် ဘယ်လောက်ရှိသလဲဆိုတာကလဲ မဖြစ်မနေထည့်သွင်းစဉ်းစားရမယ့်အချက် ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ အွန်လိုင်းပညာရေးစနစ်ကို အကောင်အထည်ဖော်မယ်ဆိုရင် ကျေးလက်ဒေသမှာပါ အဲဒီစနစ်တွင်ကျယ်ဖို့လိုအပ်တဲ့ ရုပ်ပိုင်းဆိုင်ရာ အထောက်အကူပစ္စည်းတွေ ဘယ်လောက်ထိလွှမ်းခြုံထားသလဲ ဆိုတာဟာ အလွန်ကိုကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ပါ။ တစ်ဖန် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်တွေကတော့ ဒီလိုညွှန်းဆိုပါတယ်။ ကျေးလက်ဒေသ လက်ကိုင်ဖုန်းသုံးစွဲနိုင်မှု ၂၁ ရာခိုင်နှုန်း၊ ကွန်ပျူတာသုံးစွဲနိုင်မှု သုည ဒသမ ၈ ရာခိုင်နှုန်း၊ အင်တာနက်တပ်ဆင်သုံးစွဲမှု နှစ်ရာခိုင်နှုန်း။ ဒီအချက်အလက်တွေဟာ ၂၀၁၄ ခုနှစ်က ဖြစ်တာမို့ ဒီနေ့မှာတော့ တိုးတက်မှုအရှိန်အဟုန်ကြောင့် အများကြီးပြောင်းလဲနေပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး မိုဘိုင်းလ်ကွန်ရက်လို့ဆိုတဲ့ MPT ကတော့ မြန်မာတစ်နိုင်ငံလုံး မြို့နယ်ပေါင်း ၃၃၀ မှာ ၃၁၄ မြို့နယ်ကို 4G ကွန်ရက် ဖြန့်ကြက်ပြီးဖြစ်တယ်လို့ သူ့ရဲ့တရားဝင်ဝက်ဘ်ဆိုက်စာမျက်နှာမှာ ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းက ထုတ်ပြန်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိပါတယ်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရဆိုရင် ကျေးရွာအုပ်စုပေါင်း ၁၃၆၂၀ မှာ ကျေးရွာပေါင်း ၆၃၉၃၈ ရွာရှိပါတယ်။ ဆိုပါစို့ ယနေ့ကျွန်တော်တို့ Mobile Operator တွေဖြစ်တဲ့ MPT, Telenor, Ooredoo, Mytel, Mectel စတဲ့ ကုမ္ပဏီတွေထဲက အနည်းဆုံးတစ်ခုခုဟာ နိုင်ငံအဝှမ်းနေရာ အကြားအလပ်မရှိ လွှမ်းခြုံနိုင်ပြီး ကျေးလက်ဒေသမှာ လက်ကိုင်ဖုန်းအနည်းဆုံး တစ်အိမ်ကို တစ်လုံးတော့ ဒီနေ့မှာ ကိုင်နိုင်ကြတယ်ပဲထားပါ၊ ဒါဟာ အရေအတွက်ပဲဖြစ်ပါတယ်။ နောက်ထပ် တစ်ဆင့်တက်စဉ်းစားရမှာက အရည်အသွေးပိုင်းပါ။ အဲဒီအရေအတွက်တွေထဲက ဘယ်လောက်ရာခိုင်နှုန်းဟာ အွန်လိုင်းပညာရေးစနစ်ကိုဝင်ရောက်ချိတ်ဆက်နိုင်လောက်တဲ့ အရည်အသွေးရှိတဲ့ ပစ္စည်းတွေဖြစ်သလဲ၊ အွန်လိုင်းပညာရေးစနစ်မှာ မဖြစ်မနေကွန်ပျူတာအသုံးပြုရတော့မယ်ဆိုရင် အထက်ကဆိုခဲ့တဲ့ ကျေးလက်ဒေသရဲ့ ကွန်ပျူတာအသုံးပြုနိုင်မှု သုည ဒသမ ၈ ရာခိုင်နှုန်းကနေ ဘယ်လောက်ထိ တိုးတက်လာပြီလဲ၊ နောက်ထပ် မိုဘိုင်းလ်ကိရိယာတွေနဲ့ ဘယ်လောက်ထိ အကျွမ်းတဝင်ဖြစ်နေပြီလဲ၊ Facebook၊ messenger၊ viber video call ပြောတတ်လောက်ရုံနဲ့ မရတော့ပါ။ ယနေ့ခေတ် ပညာတတ်အသိုင်းအဝိုင်းထဲမှာတောင် အီးမေးလ်ဆိုတဲ့ယဉ်ကျေးမှုနဲ့ မရင်းနှီးသေးသူတွေ အများကြီးပါ။ နောက်ထပ် အရေးကြီးတာတစ်ခုကတော့ ငွေကြေးအထောက်အပံ့ပဲဖြစ်ပါတယ်။ အွန်လိုင်းပညာရေးလုပ်ရင် နေ့စဉ်ကြည့်ရမယ့် video တွေ၊ upload၊ download လုပ်လို့ ကုန်ကျမယ့် အင်တာနက်ဒေတာအသုံးပြုမှု ကုန်ကျစရိတ်တွေ ဒါတွေအားလုံးဟာ အွန်လိုင်းပညာရေးစနစ်အတွက် မဖြစ်မနေထည့်သွင်းစဉ်းစားရမယ့် စိန်ခေါ်မှုတွေပဲ ဖြစ်ပါတယ်။

ဆောင်းပါး

ဉာဏ်ရည်ကိုလိုက်၍ ပျိုးထောင်တတ်ပါစေ

■ မောင်လွှား(ပညာရေး)

ကျွန်တော် ကျောင်းသားဘဝ ပညာသင်ဖြတ်သန်းလာစဉ်ကာလတွင် အတန်းတူ အရွယ်တူ သူငယ်ချင်းများ၏ အပြန်အလှန် ပြောစကားများဖြစ်သော "မင်းက ပထမရမှာပေါ့ ငါက မင်းလောက်မှ ဉာဏ်မကောင်းတာ ဘယ်လိုလုပ် ဆုရမှာလဲ"ဟူသော စကားကို လက်တွေ့ကြုံခဲ့ ကြားခဲ့ရသည်။ ကျောင်းဆရာဘဝရောက်ပြန်တော့ ထိုကဲ့သို့သောစကားကို ကျောင်းသား ကျောင်းသူများဆီမှ ရံဖန်ရံခါ ကြားနေရဆဲပင်။ ထိုသို့ ဉာဏ်မကောင်းသော ကျောင်းသား ကျောင်းသူများသည် ဆရာက စာမေးတိုင်းလည်း မရ၊ စာတွက်ခိုင်းလည်း တခြားကျောင်းသားတွေကဲ့သို့ မရသောအခါ သူတို့ကိုယ်သူတို့ ဉာဏ်ထိုင်းထိုင်းသူအဖြစ် သတ်မှတ်လာကြသည်။ ဆရာ ဆရာမများသည်လည်း စာမရသော မိမိတို့၏ တပည့်များကို "အ လိုက်တာ ထုံလိုက်တာ"စသည်ဖြင့် ပြောဆိုဆုံးမကြသည်။ ထို့သို့ ပြောဆိုဆုံးမသင့်ပါ၏လော။

ထို့အတူ စိတ်မကောင်းစရာကောင်းလှသည်မှာ မိဘအများစုသည်လည်း မိမိတို့သားသမီးများ၏ ပညာရေးအခြေအနေကို သုံးသပ်ကြသည်။ ထို့သို့ သုံးသပ်လိုက်သောအခါ "ကျွန်မသမီးက ဉာဏ်မကောင်းဘူး၊ ကျွန်မသားက ဉာဏ်မကောင်းဘူး၊ စာလည်းမရဘူး"ဟုဆိုကာ ပညာရေးကို ဆုံးခန်းတိုင်အောင် မသင်စေဘဲ ကျောင်းထုတ်ပစ်ကြသည်။ မိရိုးဖလာလုပ်ငန်းများ လုပ်ကိုင်စေခြင်း၊ အခြားဝင်ငွေရစေသောလုပ်ငန်းများ လုပ်ကိုင်စေခြင်း၊ အချိန်တန် အိမ်ထောင်ပြုစေခြင်းဖြင့် သားသမီးများ၏ ဘဝကို ရေစုံမျှောပစ်ကြသည်။

အတန်းပညာ မတတ်၊ ဘွဲ့ထူးဒီဂရီများ မရရှိသောကြောင့် ဉာဏ်ရည်ဉာဏ်သွေး ထုံထိုင်းသူအဖြစ် သတ်မှတ်ကာ ဘဝကို ရေစုံမျှောသင့်ပါ၏လော။ အတန်းပညာကို ဘာသာစကား ကျွမ်းကျွမ်းကျင်ကျင် ရေးသားတတ်သော ဉာဏ်နှင့် လောဂျစ်ဟူသော သင်္ချာဉာဏ်ရှိပါက ကျောင်းစာမေးပွဲများကို ဖြေဆိုအောင်မြင်နိုင်သည်။ ထိုသို့သော ဉာဏ်မရှိသူများကို ဉာဏ်ရည်ဉာဏ်သွေး ထုံထိုင်းသူအဖြစ် မသတ်မှတ်သင့်ပေ။ အတန်းပညာများ၊ ဘွဲ့ဒီဂရီများရရှိပြီး ပါရဂူများဖြစ်ကြသော်လည်း မကြီးပွားသူက များလှသည်။ အတန်းပညာမတတ်၊ ဘွဲ့ဒီဂရီများမရသော်လည်း ကြီးပွားအောင်မြင်နေသော ကမ္ဘာကျော်ပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ များစွာရှိပါသည်။

ကျွန်တော် ဖတ်မှတ်ခဲ့ဖူးသော စိတ်ပညာဆရာကြီး ဟိုးဝဒ်ဂါဒနာ (Howard Gardner)၏ (Multiple intelligence Theory)တွင် မှတ်တမ်းတင်ရေးသားခဲ့သော ဉာဏ်ရည်ဉာဏ်သွေးများကို ဖော်ပြလိုက်ပါသည်။

(၁) ဘာသာစကားဉာဏ် (Linguistic intelligence)
(၂) လောဂျစ်–သင်္ချာဉာဏ် (Logical– mathematical intelligence)
(၃) ဂီတဉာဏ် (Musical intelligence)
(၄) ကွက်လပ် အကွာဝေးဉာဏ် (Spatial intelligence)
(၅) ခန္ဓာကိုယ် လှုပ်ရှားရွေ့လျားဉာဏ် (Bodily–kines)
(၆) လူအချင်းချင်း ဆက်ဆံရေးဉာဏ် (Inter personal intelligence)
(၇) လူအတွင်းကြည့်ဉာဏ် (Intra personal intelligence)
(၈) သဘာဝကို ကြည့်ရှုခံစားတက်သော ဉာဏ် (Naturalistic intelligence) များဖြစ်ကြသည်။

လူတိုင်းတွင် ဉာဏ်ရည်ဉာဏ်သွေးများ ရှိကြသည်။ သို့သော် အထက်တွင်ဖော်ပြခဲ့သော ဉာဏ်ရည်ဉာဏ်သွေးများအားလုံးရှိနိုင်မည် မဟုတ်ပေ။ လူတစ်ယောက်တွင် ဉာဏ်တစ်ခု ရှိသည်။ သို့သော် အချို့သောသူများတွင် နှစ်ခု၊ သုံးခုအထိ ရှိကြသည်။ ဘာသာစကားဉာဏ်နှင့် လောဂျစ်ဟူသော သင်္ချာဉာဏ်သည်အရေးကြီးသည်။ ထိုဉာဏ်နှစ်ခုရှိလျှင် စာမေးပွဲများ ဖြေဆိုအောင်မြင်နိုင်မည်ဖြစ်သည်။ ဘာသာစကားဉာဏ်ရှိ၍ ပြောဆိုတတ်၊ ဖတ်တတ်၊ ရေးတတ်သော်လည်း လောဂျစ်ဟူသော တွက်ချက်တတ်သော သင်္ချာဉာဏ်မရှိသူများလည်းရှိသည်။ တွက်ချက်တတ်သော ဉာဏ်ရှိပြီး ပြောဆိုတတ်သော၊ ဖတ်တတ်သော ဘာသာစကားဉာဏ်မရှိသူများလည်းရှိကြသည်။ ထိုသူများကို မိဘဆရာသမားအများစုက ဉာဏ်ထုံထိုင်းသူအဖြစ် သတ်မှတ်လာကြသည်။

ဂီတဉာဏ်ရှိသော Hip Hop အဆိုကျော်၊ Pop အဆိုကျော် အများစုသည် အတန်းပညာ ဘွဲ့ဒီဂရီများ၊ ပါမောက္ခရာထူးများမရရှိသူက များလှသည်။ ထို့အတူ တက္ကသိုလ်တွင်ရှိသော ပါမောက္ခများတွင်လည်း အဆိုကျော်များကဲ့သို့ ဂီတဉာဏ် မရှိနိုင်ပေ။ ကွက်လပ် အကွာအဝေးဉာဏ်သည် ပန်းချီဆရာများနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များတွင် ရှိသော ဉာဏ်ဖြစ်သည်။ ထိုသူများသည် သူများမမြင်နိုင်သော အကွက်များကို မြင်နိုင်သော ဉာဏ်ရှိသည်။ Designer တစ်ယောက်သည် သီချင်းအဆိုကောင်းသော အဆိုကျော်တစ်ယောက်မဖြစ်သော်လည်း သူများမမြင်နိုင်သော ဒီဇိုင်းကာလာ အကွက်အဆန်းတွေကို မြင်တွေ့နိုင်သော ဉာဏ်ရှိသည်။

ထို့အတူ ခန္ဓာကိုယ်လှုပ်ရှား ရွေ့လျားဉာဏ်သည် အားကစားမားများ၊ မီးသတ်သမားများ၊ ရှေးဟောင်းသုတေသန ပညာရှင်များတွင် ရှိသောဉာဏ်ဖြစ်သည်။ ထိုသို့သော ဉာဏ်သည် အဆိုကျော်များ၊ ပါမောက္ခများတွင် ရှိနိုင်မည် မဟုတ်ပေ။ လူအချင်းချင်း ဆက်ဆံရေးဉာဏ်သည် အခြားသူများနှင့် ယဉ်ကျေးလိမ္မာစွာ ပြောဆိုသော ဉာဏ်၊ လက်အောက်ငယ်သား ဝန်ထမ်းများကို အလုပ်ပြီးအောင် ခိုင်းစေတတ်သောဉာဏ်ဖြစ်သည်။ ဘာသာစကားဉာဏ်နှင့် လောဂျစ်ဟူသော သင်္ချာဉာဏ်ကောင်း၍ ဘွဲ့ရရှိပြီး လုပ်ငန်းခွင်သို့ဝင်သောအခါ လူအချင်းချင်း ဆက်ဆံတတ်သောဉာဏ်မရှိသဖြင့် ရေရှည်တည်မြဲနိုင်မည် မဟုတ်ပေ။ စာရေးဆရာများသည်လည်း လူအတွင်းကြည့်ဉာဏ်ရှိသောကြောင့် မိမိကိုယ်ကို ရှုမြင်သုံးသပ်ရေးသားနိုင်ခြင်းဖြစ်သည်။ ထို့အတူ သဘာဝကို ရှုမြင်တတ်သောဉာဏ်သည် ကဗျာ ဆရာများ၊ ပန်းချီဆရာများ၊ တေးရေးဆရာများတွင်ရှိသော ဉာဏ်ဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လူတိုင်းတွင် ဉာဏ်တစ်ခု သို့မဟုတ် နှစ်ခုသုံးခုအထိရှိနိုင်သည်။ ဘာသာစကားတတ်ကျွမ်းမှုဉာဏ်နှင့် လောဂျစ်ဟူသော သင်္ချာဉာဏ်တို့ကို စာမေးပွဲစစ်ခြင်းဖြင့် သိရှိနိုင်သည်။ ထိုဉာဏ်များမရှိ၍ အတန်းပညာများ သင်ကြားမတတ်မြောက်သော်လည်း ဉာဏ်ထုံးထိုင်းသူအဖြစ် မသတ်မှတ်သင့်ပေ။ သို့သော် ကျန်ရှိသော ဉာဏ်ရည်များကိုမူ မိမိကိုယ်ကို သတိပြုမိခြင်း၊ မိဘဆရာသမားများ၏ သတိပြုမိခြင်းဖြင့် သိရှိနိုင်သည်။ ထိုသို့ အတန်းပညာများ မတတ်မြောက်သော်လည်း တခြားသော ဉာဏ်ရည်ဉာဏ်သွေးများရှိနိုင်မည်မှာ မလွဲမသွေပင်ဖြစ်သည်။

ဂရိလူမျိုး အတွေးအခေါ်ပညာရှင် ဆိုကရေးတီး (Socrates)ကလည်း "ပညာရေးသည် လက်သည်လိုမွေးဖွားပေးရပြီး လူတစ်ယောက်၏ မီးခဲပြာဖုံးနေသော စိတ်ကူးစိတ်သန်းများကို အသိဉာဏ်တွင် တင်ကျန်စေအောင် ပြုလုပ်ပေးရတာမျိုးဖြစ်သည်"ဟု ပညာရေးကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

ထို့ကြောင့် ဂရိလူမျိုး အတွေးအခေါ်ပညာရှင် ဆိုကရေးတီး (Socrates)၏ ပညာရေးကို အဓိပ္ပာယ်ဖွင့်ဆိုချက်အရ မိဘဆရာသမားများသည် မိမိတို့၏သားသမီး တပည့်များကို အတန်းပညာများ မတတ်မြောက်သော်လည်း ဉာဏ်ထုံထိုင်းသူအဖြစ် မသတ်မှတ်ဘဲ သူတို့၏ မီးခဲပြာဖုံးနေသော စိတ်ကူးစိတ်သန်း ဉာဏ်ရည်ဉာဏ်သွေးများကို ရှုမြင်သုံးသပ်ကြရမည်။ ထို့အပြင် မိမိတို့ တပည့်သားသမီးများတွင်ရှိသော ဉာဏ်ရည်ဉာဏ်သွေး အမျိုးအစားကိုလိုက်၍ ပြုစုပျိုးထောင်ပေးကြရမည်။ သို့မှသာ ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်း သမီးကောင်းများ ဖြစ်လာကြမည် ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ပါသည်။